
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

<၁၅-နှစ် မှ ၂၀-အရွယ်>
အချစ်က. မျက်စိမှာ

<၂၀နှစ် မှ ၂၅-အရွယ်>
အချစ်က - ရင်ဘတ်မှာ

<၂၅-နှစ် မှ ၃၀ အရွယ်>
အချစ်က. ဦးနှောက်မှာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်
ထုတ်ဝေသူ
ဦးမြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
မတ်လ၊ ၂၀၁၄- ပထမအကြိမ်

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ဒိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရာဇဝင်ကို အပျိုကြီးအထာ
တံခွန်တိုင်စာပေ ၂၀၁၄
၂၁၀ စာ၊ ၁၂.၀၀ × ၁၈.၈ စင်တီ

မြှည့်လင်း
စီစဉ်ထုတ်ဝေသည်....

တံခွန်တိုင် စာပေတိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁၃၉၄၆၅၀၊ [illegible] ၀၉၂၈၂၂၊ ၀၉၄၂၀၁၁၉၄၆၇၈

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ရထဝိဝို



# အပျိုကြီးအတော

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတွေ အပျိုကြီးဖြစ်ရတဲ့ အကြောင်းအရင်းများစွာ ရှိကြပါတယ်။ အချစ်ကိုအယုံအကြည်မရှိလို့၊ မိမိကို ကြိုက်မယ့်သူ မရှိလို့၊ တချို့ကြတော့လည်း မိမိကိုချစ်တဲ့သူတွေရှိခဲ့ပါလျက်နဲ့ တစ်စုံတစ်ယောက်ကိုမျှော်လင့်ရင်း အချိန်တွေကုန်ကာ အရွယ်လွန် သွားပြီး သူမျှော်လင့်နေတဲ့လူကသာ တခြားတစ်ယောက်နဲ့အိမ် ထောင်ပြုသွားကာ သူကတော့ အပျိုကြီးဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုနဲ့ ကျန်ရစ်ဖြစ်နေခဲ့ရတာမျိုးပါ။ တချို့တချို့ကြတော့လည်း ကိုယ့် ထက်ပိုပြီးတော့ ဘယ်ယောကျ်ားသားတစ်ယောက်ကိုမှ ပိုမချစ်နိုင် လို့ လောကမှာ ကိုယ့်ကိုကိုယ်သာ အချစ်ဆုံးလုပ်ကာ အပျိုကြီးဖြစ်နေ ကြတာမျိုးပေါ့။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဒီလိုအပျိုကြီးဖြစ်ရတဲ့ အကြောင်းအရင်းပေါင်းများစွာ လောကကြီးမှာရှိနေတယ်ဆိုတာကိုလည်း ကာယကံရှင်ဖြစ်တဲ့ အပျိုကြီးမမတွေအချင်းချင်းသာ သိနေကြတာမျိုးရယ်ပါ။ ဒီလိုပြောလို့ ကာယကံရှင်မဟုတ်တဲ့ အခြားသူတွေကျတော့ ဒီအကြောင်းတွေကို မသိဘူးလားဆိုတော့လည်း အားလုံးကိုတော့မဆိုလိုပါဘူး။ တချို့ကတော့ ကောင်းကောင်းသိကြပါတယ်။ ဒါပေမယ့်လို့ အဲဒီလိုသိနေတဲ့လူတွေကလည်း တခြားသူတွေနည်းတူပဲ ဒီအကြောင်းအရာတွေကို ကောင်းကောင်းသိနေပါလျက်နဲ့ တမင်တကာကြီးကို ဇွတ်အတင်းမေ့ပစ်လိုက်ကြကာ မသိချင်ယောင်ဆောင်နေကြတော့တာဖြစ်ပါတယ်။

အဲဒီလိုဆိုတော့ကာ အပျိုကြီးဖြစ်နေကြတဲ့လူတွေအတွက် သူတို့ဆီက တစ်ညီတစ်ညွတ်တည်းထွက်လာတဲ့ အသံကတော့ တစ်ခုတည်းရယ်ပါ။

"ကြိုက်မယ့်သူ မရှိလို့. . ."

ပဲတ်ပါတယ်။ ဘယ်သူ့ကိုသွားမေးမေး ဒီအတိုင်းသာ ဖြေလွှတ်ကြမှာ မလွဲပါပဲ။ အပျိုကြီးအချင်းချင်း "သူဘာလို့ အပျိုကြီးဖြစ်နေရတာလဲ" လို့မေးရင်တော့ "ဒါကဒီလိုရှိတယ်လေဟယ်" ဆိုပြီး အကြောင်းပြချက်တစ်ခုခု ထွက်လာမှာဖြစ်ပေမယ့် အပျိုကြီးမဟုတ်တဲ့ အခြားသူ. . . ဘယ်သူ့ကိုပဲမေးမေး သူတို့ဆီက ထွက်လာမှာကတော့ ကြိုက်မယ့်သူမရှိလို့ဆိုတာကလွဲပြီး တခြားအကြောင်းပြချက် လုံးဝမရှိပါ။





အချစ်ကိုအယုံအကြည်မရှိလို့။ ချစ်ရမှာကြောက်လို့။ စီးပွားရေးကိုဇောက်ချလုပ်ရင်း အချစ်အတွက် အချိန်မပေးနိုင်ခဲ့လို့။ အချစ်မရှိလည်း နေတတ်လို့။ ကိုယ့်ကိုချစ်မလာနိုင်တဲ့ လူတစ်ယောက်ကိုမျှော်လင့်ရင်း အချိန်တွေလင့်သွားလို့။ ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး တခြားဘယ်သူ့ကိုမှ ပိုမချစ်နိုင်လို့။ စသဖြင့်. . . စသဖြင့်။

အဲဒီလို အကြောင်းပြချက်တွေများစွာရှိတဲ့အထဲကမှ ကေသီဗလမင်းဒင်ဆိုတဲ့ သူမ အပျိုကြီးဖြစ်ရတဲ့ အကြောင်းအရင်းကတော့ အကြောင်းပြချက်တွေ အကုန်လုံးနီးပါးနဲ့ပတ်သက်ဆက်နွယ်နေတာလို့ ပြောရမှာပဲဖြစ်ပါတယ်။

သူမအရွယ်ကောင်းစဉ်က. . . အဲ. . . ကျောင်းတုန်းကတည်းကပဲ ဆိုပါတော့။ ကြိုက်တဲ့လိုက်တဲ့သူတွေ အများကြီးရှိခဲ့တာပင်။ ဒါပေမယ့် သူမက တစ်ယောက်မှကိုကြည့်လို့မရ။ ပြန်ကြိုက်လို့မရခဲ့။ အသားမည်းလို့၊ ဗလမရှိလို့၊ အရပ်ပုလို့၊ စာညံ့လို့၊ အားမကိုးလောက်လို့၊ စရိုက်ကိုမကြိုက်လို့၊ အံရက်သမားမို့လို့၊ လော


www.burmeseclassic.com

www.burmeseclassic.com



ကစားမက်လို့၊ မိန်းမပွေလို့၊ ရုပ်ဆိုးလို့. . . စသဖြင့် ပြစ်ချက်ပေါင်းများစွာကိုရှာတွေ့ပြီး အရွေးလွန်ကာ ဘယ်သူ့ကိုမှ မချစ်နိုင်ခဲ့။

အဲ. . . တကယ့်တကယ် ကိုယ်ချစ်မိ၊ ရင်ခုန်သွားမိတဲ့ လူတစ်ယောက်ကိုတွေ့တော့လည်း ကိုယ့်မှာတော့ သူ့အချစ်ကိုရဖို့ အရေး ရေလာမြောင်းပေးတွေလုပ်၊ စွန်ညိုမကြီးလုပ်ကာ သူ့အနားမှာပဲ တရစ်ဝဲဝဲရှိနေခဲ့တာပါ။ စိတ်ထဲမှာလည်း တစ်နေ့တော့ သူဖွင့်ပြောလာနိုးနဲ့ပေါ့။ ဒါပေမယ့် ကျောင်းပြီးလို့ လုပ်ငန်းခွင်ကိုယ်စီ ဝင်ရတဲ့အချိန်အထိ သူကဖွင့်မပြော။ ကိုယ့်စိတ်ထဲမှာလည်း သူကကိုယ့်ကိုချစ်နေသလိုလို ထင်နေမိတော့ အခြားတစ်ယောက်ကိုလည်း ပြောင်းလဲပြီး အာရုံမထားချင်။ သူကတော့ သူမအသက်နှစ်ဆယ့်ငါးနှစ်ကျော်လာတဲ့ အချိန်အထိ ပြောလာတော့မလိုပြောလာတော့မလိုနဲ့(ကိုယ့်အထင်)။ ကိုယ့်မှာလည်း သစ်ငုတ်တိုကြီး နဲ့လာဖို့အရေး ဟိုဘက်ကတွန်းနဲ့လိုက်၊ ဒီဘက်ကတွန်းနဲ့လိုက်နဲ့ လုပ်ခဲ့ရတာအမော။ အဲဒီလို တွန်းရင်း နဲ့ရင်းကနေ သူမအသက်နှစ်ဆယ့်ငါးနှစ်ကျော်လာကာ သူ့ကိုနဲ့ရလွန်းလို့ ခြေကုန်လက်ပန်းကျတဲ့အချိန်ရောက်မှ ဒင်းက ပြုန်းဆို. . . ဒင်းထက်ငါးနှစ်လောက်ငယ်တဲ့ အသက်နှစ်ဆယ်အရွယ်ကောင်မလေးတစ်ယောက်ကို ကောက်ယူလိုက်ပါရောလား။





အဲဒီသတင်းကို ကြားမိတဲ့အချိန်တုန်းကတော့ ဘာပြောကောင်းမလဲ။ ငိုလိုက်ရတာအမောပေါ့။ ဖြိုးကြီးရဲ့ အသည်းကွဲတဲ့ရောဂါသီချင်းကလည်း တိုက်တိုက်ဆိုင်ဆိုင် ခေတ်စားနေတဲ့အချိန်ဆိုတော့ ကိုယ့်ကိုပဲ ရွဲ့နေသလိုလို စောင်းဆိုနေသလိုလို။ တစ်နေကုန် တစ်နေခမ်း အဲဒီသီချင်းကြီးကို ဆောင်းဘောက်တွေနဲ့ ခုနစ်အိမ်ကြားရှစ်အိမ်ကြား(တစ်ဖက်လမ်းထဲက ဒင်းပါကြားအောင်)ဖွင့်ပြီး အသည်းကွဲလေဒီကြီးလုပ်ခဲ့ရတာ။

ဒါပေမယ့်လည်း အဲဒီလိုခံစားရတာက တစ်လလောက်ပါပဲ။ တစ်လကျော်ကျော်လည်းရှိရော. . . ဒင်း. . . တစ်ဖက်လမ်းထဲက "ဇင်ယော်" ဆိုတဲ့အကောင်ဟာ ကိုယ့်အမြင်မှာ လဒ(လင်းတ)သာသာအဆင့်သာရှိတော့ပြီး ကိုယ့်အိမ်ရှေ့ကနေ ဖြတ်သွားရင်တောင် ကြက်(ကျက်)သရေရော၊ ဘဲသရေရော. . . ရှိတဲ့သရေတွေအကုန်လုံး ယုတ်လွန်းလို့။ ဒင်းတို့လင်မယား နိုင်ငံခြားကိုမြန်မြန်ထွက်သွားတာကပဲ ခပ်ကောင်းကောင်းရယ်။

အဲဒီရဲ့နောက်ပိုင်းမှာတော့ ကေသီဗလမင်းဒင်ဆိုတဲ့ သူမကကိုယ့်ကိုယ်ကိုယ်သာအချစ်ဆုံးလို့ကြွေးကြော်ပြီး ဖေဖေ့ရဲ့စီးပွားရေးအလုပ်တွေထဲကို ဒိုင်ဗင်ထိုးဝင်ချလိုက်တော့တာပါပဲ။ ဖေဖေရှိတုန်းကတော့ သူမက ဖေဖေ့နောက်လိုက်သာဖြစ်ပြီး ဘာကိုမှ သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေရေလည်လည်တော့ ခေါင်းမစားခဲ့ရပါဘူး။ အဲ. . . မမျှော်လင့်ဘဲ ဖေဖေဦးနောက်သွေးကြောပြတ်ကာ ဆုံးပါးသွားတဲ့အခါမှာတော့ ဖေဖေ့စီးပွားရေးလုပ်ငန်းတွေအားလုံးဟာ သူမပခုံးပေါ်ကို လုံးလုံးလျားလျားရောက်လာတော့တာပင်။ သိတဲ့အတိုင်း. . . မိန်းမတစ်ယောက်အနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ချက်ချင်းလက်ငင်းဦးဆောင်ရတာဆိုတော့ လုပ်ဖော်ကိုင်ဖက်အချင်းချင်းကလည်း ပညာစမ်းကြ၊ ကိုယ့်ကုမ္ပဏီဝန်ထမ်းတွေကတောင် ဖြစ်ပါ့မလားဆိုတဲ့ သံသယမျက်လုံးတွေနဲ့ ကြည့်ကြသေးတာကို ခံခဲ့ရတာပါ။ မေမေကလည်း ဖေဖေရှိစဉ်ကတည်းက အိမ်မှာသာနေပြီး အိမ်ရှင်မကြီးပဲလုပ်လာခဲ့တာဆိုတော့ စီးပွားရေးနဲ့ပတ်သက်ပြီး သူမအတွက်ဘာမှ အကူအညီမပေးနိုင်ခဲ့။ ရှိတဲ့မောင်တစ်ယောက်ကလည်း ကုမ္ပဏီအလုပ်တွေ ဝါသနာမပါဘူးဆိုပြီး သူဝါသနာပါတဲ့သင်္ဘောသာ တက်သွားတဲ့အခါမှာတော့ သူမအတွက် နောက်ထပ်ရလိုက်တဲ့ ခံစားချက်အသိတစ်ခုက ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာ။

ဒီတော့ သူမက စိတ်ခံစားချက်တွေကိုရော၊ လုပ်ရပ်တွေကိုပါ အများကြီး ကြိုးစားပြောင်းလဲပစ်ခဲ့ကာ ရုပ်ရှင်မင်းသမီးတစ်ယောက်တစ်ကားနဲ့တစ်ကား ကာရိုက်တာချိန်းသလို သူမသည်လည်း ခပ်ပျော့ပျော့ဇာတ်ရုပ်ကိုဖျောက်ပြီး ခပ်မာမာမျက်နှာဖုံးတစ်ခုနဲ့ ဘီလူး





ဆိုင်းမတီးရုံတမယ်ဇာတ်ရုပ်ကို ကျင့်ယူခဲ့ရတာပါပဲ။ ဒီတော့မှ စီးပွားရေးလောကမှာ ကိုယ့်ကိုအထင်သေးချင်နေတဲ့လူအားလုံးက ကေသီဗလမင်းဒင်ဆိုတာနဲ့ ဖိန့်ခနဲဖြစ်သွားကြတော့တာဖြစ်ပါတယ်။

အဲဒီအချိန်မှာပဲ တစ်စခန်းထလာတာက မွေးသမိခင်ကျေးဇူးရှင်ရယ်ပါ။ စီးပွားရေးလောဘဇောတိုက်ပြီး အသက်တွေတစ်နှစ်ပြီးတစ်နှစ် ကြီးလာတဲ့သူမကို ယောကျ်ားရှိမှ သင့်တော်မယ်ဆိုကာ နီးစပ်ရာအသိုင်းအဝိုင်းထဲက ယောကျ်ားသားတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ တွေ့ပေးစပ်ဟပ်ပေးတော့တာပင်။ အစတော့ သိပ်ပြီးအပြင်းအထန်မဟုတ်သေး။ မောင်ဖြစ်သူ "ကျော်စွာဗလမင်းဒင်" အိမ်ထောင်ကျသွားတဲ့အခါမှာတော့ အကြီးဖြစ်တဲ့သူမ "ကေသီဗလမင်းဒင်အိမ်ထောင်ကျရေး၊ ငါ့အရေး"ရယ်လို့ မေမေက ကြွေးကြော်တော့ကာ သူခေါ်လာတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက်ကို ပယ်ချနေတဲ့သူမအတွက် မယူမနေရဆိုပြီး ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ပေးဖို့စီစဉ်တော့တာပဲဖြစ်ပါတယ်။

အစကတည်းက အိမ်ထောင်ပြုဖို့အစီအစဉ် ခေါင်းထဲမှာလုံးဝမရှိတဲ့သူမအတွက် မွေးသမိခင်ရွေးချယ်လာတဲ့လူကိုအတွေ့မှာတော့ အဲဒီအစီအစဉ်က ပိုလို့တောင် သေချာသွားရတော့တာပါပဲ။ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဆိုတာကသာ မက်လောက်စရာ(ဒါ့ကြာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေ့အမြင်မှာသာ မက်လောက်စရာဖြစ်ပြီး ကိုယ်တိုင်ကလည်း ကုမ္ပဏီပိုင်ရှင်ဆိုတဲ့ဂုဏ်ပုဒ်နဲ့ လူလုပ်နေတဲ့သူမအတွက်ကတော့ မက်လောက်စရာလို့ ထင်ပေးလို့ကိုမရ)ဖြစ်ပြီး ဗိုက်ကလည်း ဘီယာဗိုက်နဲ့ဖြစ်ကာ ခေါင်းကဆံပင်တို့သည်လည်း ခြင်ထောင်စားသွားလို့ပဲလားတော့မပြောတတ်၊ ကျိုးတို့ကျဲတဲသာရှိတော့သည့် ပုဂ္ဂိုလ်ကို လုံးဝကိုပဲ လက်မခံနိုင်ပါချေ။ ဒီတော့ မွေးသမိခင်နဲ့ အကြီးအကျယ်ပြဿနာတက်တော့တာပေါ့။ ဒီမှာတင်ပဲ မေမေက "ညည်းယောကျ်ားမယူရင် ငါ့အိမ်မှာမနေနဲ့" လို့ ရာဇသံပေးတော့တာပင်။ ဒီကလည်း သူ့သမီးကေသီဗလမင်းဒင်ပဲဟာ။ နှစ်ခါမပြောရ။ အပြင်မှာတိုက်ခန်းတစ်ခန်းဝယ်ကာ ကိုယ့်ပစ္စည်းတွေ အကုန်ယူပြီး ဆင်းလာလိုက်တော့တာပင်။ ယောကျ်ားကတော့ လုံးဝမယူနိုင်ပါ။ ပြီးတော့ မောင်လေးရဲ့မိန်းမဖြစ်သူ ယောက်မလေး"ကျူး" (ကျူးကျူးစံ)ကလည်း အနေအေးပြီး ယောက္ခမအပေါ်မှာ မိဘနဲ့မခြားစောင့်ရှောက်တတ်သူမို့ မွေးသမိခင်အတွက်တလည်း နောက်ဆံတင်းစရာမလိုတော့ဘဲ သူမကတစ်ယောက်တည်းအိမ်ခွဲနေသလိုဖြစ်သွားတော့တာ ဖြစ်ပါတယ်။ မေမေကလည်း စိတ်မာသူပင်။ သူ ပေးစားတဲ့( ဒါမှမဟုတ် ) ကိုယ်ကခေါ်လာပြီး သူသဘောတူတဲ့ ယောကျ်ားတစ်ယောက်ကို မယူမချင်း သူမကို အိမ်ပေါ်ပြန်တက်လာ





ဖို့ စိတ်မကူးနှင့်ဆိုတာမျိုး။ သူမကလည်း ရင်မခုန်။ နားတောင်အေးသေးဆိုတဲ့ အထာနဲ့ အိမ်ပေါ်ပြန်တက်ဖို့ စိတ်ကူးလုံးဝမရှိ။ ပိုက်ဆံသာထောက်ပံ့ပေးထားလိုက်ကာ အိမ်ကိုလုံးဝမပြန်ချေ။

ဒါပေမယ့်လည်း မိဘဆိုတော့ကာ ကြာကြာစိတ်မပျက်နိုင်ဘဲ တစ်နှစ်ကျော်ကျော်ကြာတော့ အိမ်ပြန်လာခိုင်းတော့တာပင်။ ဒါပေမယ့် သူမကတော့ အပြင်မှာတစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရတဲ့အရသာကို ကြိုက်နေခဲ့ပြီ။

အိမ်ခဏပြန်သွားရင်တောင် မောင်လေးတို့လင်မယားကရထားတဲ့ ကလေးနှစ်ယောက်နဲ့ ဆူညံပွက်လောရိုက်နေတာကို လုံးဝကိုပဲ ကြာကြာခံစားပေးနေလို့မရ။ ပြီးတော့ မေမေကလည်း ခဏသာ အချိုသတ်အလျှော့ပေးတာဖြစ်ပြီး အချိန်တန်ရင် ယောကျ်ားယူဖို့အရေး လောဆော်လာဦးမှာ။ ဒီတော့ ကိုယ့်အမေအကြောင်းကောင်းကောင်းသိတဲ့သူမက အိမ်ပြန်သွားဖို့ စိတ်မကူးတော့ပါချေ။ မေမေသည်လည်း သူမကို အစတော့ အိမ်ပြန်လာဖို့ မရမကခေါ်သေးတာပင်။ သူမက တင်းခံထားတဲ့အဆုံးကျတော့မှ လက်မြှောက်သွားတော့တာပဲ ဖြစ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com





# အပျိုကြီးခံယူချက် (၁)

အခုလား...

ကျွန်မအသက်(၃၂)လေ...

ဒါပေမယ့်...



အပျိုကြီးဖြစ်နေတာမဟုတ်ဘူးနော်

အပျိုကြီးလုပ်နေတာ...

သဘောပေါက်!!!



www.burmeseclassic.com

www.burmeseclassic.com



န်ရှေ့မှာ မတ်တပ်ရပ်ကာ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်
က်သုံးဆယ့်နှစ်နှစ်အရွယ် မိန်းမတစ်ယောက်ဟာ
နဲ့။ မျက်နှာအသားအရေကို သေချာမထိန်းသိမ်းဖြစ်
ဘ်တော်ကြာခဲ့ပြီ။ လေးနှစ်လား၊ ငါးနှစ်လားပင်
ချာတာကတော့ အလှအပဆိုတာကို သူမ စိတ်မ
်။ ကိုယ့်လို တချို့အပျိုကြီးတွေ ပြောတာက

ှဲင်တယ်ဆိုတာ ကိုယ့်မှာ အလှပြစရာလူရှိလို့၊
်လူက ကိုယ့်ကိုထားသွားမှာကြောက်လို့ အဲဒီ
် အမြဲတမ်းလှပလတ်ဆတ်နေအောင် ပြင်
တို့မှာ ဘယ်သူ့ကိုမှ အလှပြစရာမလိုသလို
ားမှာကိုမှလည်း စိတ်ပူစရာမလိုဘူး၊ အဲဒီ
ဒ်ပါဘူး၊ တစ်ကိုယ်ရေသန့်ရှင်းရေးရှိနေရင်

သာ သူမတို့လို အပျိုကြီးမျိုးနွယ်ဝင်တွေ
အဲဒီလိုမဟုတ်ရပါဘူး။ အလှအပဆို
မပြင်တာပါ။
ားအထိ အချိန်နှင့်အမျှ သနေကြတဲ့





မိန်းမတွေဆိုတာကလည်း သူတို့မှာ အဲဒီလိုပြင်နိုင်လောက်တဲ့ အချိန်တွေ အများကြီးပိုနေလို့ ပြင်နိုင်ကြတာဖြစ်ပြီး သူမမှာတော့ အဲဒီလို အချိန်တွေလည်း ပိုမနေပါ။ အလုပ်တွေကများလွန်းလို့ အချိန်ကို နောက်တစ်ရက်ဆီကနေတောင် ငှားသုံးနေရတဲ့အစားထဲကဆိုတော့ ကာ လှချင်ပချင်စိတ်ဆိုတာက သူမခေါင်းထဲကို တိုးမပေါက်တော့ တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။

"ဟင်း. . ."

သူမက သက်ပြင်းမောကြီးကိုမှုတ်ထုတ်ပစ်လိုက်ကာ မှန်ရှေ့ကနေခွာရင်း မီးဖိုချောင်ဘက်ထွက်လာခဲ့လိုက်ကာ စတီးဇလုံတစ်ခုထဲမှာ ယမ်းယမ်းထုပ် နှစ်ထုပ်လောက်ကို ဖောက်ထည့်လိုက်ပြီးနောက် အဲဒီထဲကိုကြက်ဥတစ်လုံးကိုပါ ရောဖောက်ထည့်လိုက်ပြီး ရေနွေးဆူဆူလောင်းထည့်လိုက်ကာ အဖုံးအုပ်ထားလိုက်တယ်။ ဒါကသူမရဲ့ ပုံမှန်မနက်စာ။ တစ်ယောက်တည်းသမားမို့ ဘာမှထွေထွေထူးထူးလည်း လုပ်မစားချင်။ ဟင်းချက်ရမှာလည်း အပျင်းကြီးလေ့ရှိတဲ့သူမက နေ့လည်စာလောက်သာ ချက်စားလေ့ရှိပြီး ကျန်အချိန်များတွင်တော့ ဖြစ်သလိုသာ ဗိုက်ဖြည့်တတ်ပါတယ်။ ဒါပေမယ့် သူမက ဘာကိုပဲစားစား ဗိုက်တင်းအောင် စားတတ်တာက အကျင့်။ ပြီးတော့ အစားကလည်း မက်သေးတာပါ။ အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



ချေးမထူ။ ဘာပဲဖြစ်ဖြစ် ဗိုက်တင်းအောင်စားရဖို့ကသာ အဓိကလို့ သူမက ခံယူထားတာပင်။ ပြီးတော့ သူမရဲ့ဆောင်ပုဒ်က "စားနိုင်မှ လုပ်နိုင်မှာ" ဆိုတာပါပဲ။ အပျော်အပါးလည်း သိပ်မရှိလှတဲ့ သူမဘဝမှာ အစားအသောက်စားနေချိန်ကသာ ပျော်စရာအချိန်ရယ်ပါပဲ။

ဒီလိုနဲ့ခေါက်ဆွဲကို ရေနွေးနဲ့ ခဏနှူးထားတုန်းမှာပဲ သူမက ခေါင်းဖြီးခြင်း၊ အဝတ်အစားလဲခြင်းများကို ခပ်မြန်မြန်ပဲပြုလုပ်လိုက်တယ်။ ကြော်ငြာထဲမှာ ခေါက်ဆွဲကိုရေနွေးလောင်းပြီး သုံးမိနစ်ပဲစောင့်ဆိုသလိုပဲ သူမခေါက်ဆွဲရေနွေးနှူးချိန်ကလည်း သုံးမိနစ်တည်းရယ်ပါ။ အဲဒီသုံးမိနစ်အတွင်းမှာပဲ သူမရဲ့အလှပြင်ခြင်းက ပြီးသွားတာဖြစ်ပါတယ်။

နောက်တော့ ခေါက်ဆွဲကိုစားရင်း ဒီနေ့လုပ်ရမယ့်လုပ်ငန်းစဉ်တွေကို ဘာပြီးရင်ဘာ၊ ဘယ်သွားပြီးရင် ဘယ်သွားရမယ်ဆိုတာကို စဉ်းစားလိုက်တယ်။ အတွင်းရေးမှူးမတစ်ယောက်ရှိပေမယ့်လို့ အဲဒီအတွင်းရေးမှူးမဟာလည်းပဲ မောင်လေးရဲ့မိန်းမကျူးရဲ့ ညီမဝမ်းကွဲဖြစ်ကာ ကိုယ်နဲ့မကင်းရာမကင်းကြောင်းထဲက ခန့်ထားမိတာမို့(ကိုယ့်အလိုဆိုရင် မခန့်ပါဘူး။ မောင်ဖြစ်သူက နားပူနားဆာလုပ်ကာ လာကပ်ပြီး ခန့်ခိုင်းထားလို့ အင်တင်တင်နဲ့ပဲ ခန့်ထားရတာ) စိတ်ကြိုက်မဖြစ်။ ပြီးတော့ ဒင်းဟာ ကမ္ဘာပေါ်မှာရှိတဲ့ အလွဲပေါင်း





သောင်းခြောက်ထောင်လောက်ကို ကန်ထရိုက်ဆွဲယူထားသေးတာမို့ နေ့စဉ်နဲ့အမျှ စီမံခန့်ခွဲမှုက အိုးနင်းခွက်နင်း။ ဒီတော့သူမကလည်း ဒင်းနာမည် ဥမ္မာဏီဆိုတာကိုဖျောက်ကာ အိုးနင်းခွက်နင်းမရယ်လို့ ကင်ပွန်းတပ်ပေးရတဲ့အထိရယ်ပါပဲ။ ဘယ်တော့မှ တစ်ခါတည်းနဲ့ စိတ်မချရ။ ကိုယ်ကအလုပ်များလို့ မေ့တတ်တာထားပါတော့။ ဒင်းကတော့ ပေါ့တီးပေါ့ဆ ရှုပ်ပျာပျာနိုင်လွန်းတာရယ်ပါ။ ဒီတော့ ကိုယ့်မှာ အတွင်းရေးမှူးမကို လွှတ်ပေးမထားရဲ။ မျက်စိတစ်မှိတ်အတွင်းမှာကိုပဲ တလွဲတွေဖြစ်လွန်းလို့ မျက်တောင်ကိုတောင် စိတ်ချလက်ချနဲ့ စုံလုံးမခတ်ရဲဘဲ တစ်ဖက်ပြီးမှတစ်ဖက် ခွဲခွဲခတ်ရတော့တဲ့ အဆင့်ရယ်ပါ။ ကိုယ့်စိတ်နဲ့ကိုယ်သာဆိုရင် ဖြုတ်ပြီးတာကြာလောက်ပေမယ့် ယောက်မမျက်နှာ၊ မောင့်မျက်နှာ နှစ်မျက်နှာကြီးများတောင် နာနေရတာဆိုတော့ ဒင်းက အလုပ်မှာ သက်ဆိုးရှည်နေတော့တာပါပဲ။

နောက်တော့ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ ပိုက်ဆံအိတ်၊ ကားသော့ စတာတွေကို မကျန်ရလေအောင် သေချာစစ်ယူပြီး သူမနေတဲ့ ခြောက်လွှာကနေ ကားရပ်ထားရာဆီကို Lift နဲ့ ဆင်းလာလိုက်တယ်။ သူမ နေတာက သီးသီးသန့်သန့်ရှိလှတဲ့ အဆင့်မြင့် ကွန်ဒိုတစ်ခုမှာမို့ ဒီမှာနေတဲ့လူတွေအားလုံးဟာ အဆင့်အတန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားလူတွေဖြစ်ကာ ကိုယ့်ဘာသာကိုယ်သာနေကြတာများလျက် အခန်းပိတ်ထားပါက တစ်လောကလုံးမှာ ကိုယ်တစ်ယောက်တည်း ရယ်လို့ ထင်မှတ်စရာပါပင်။ သူမကလည်း ဒါကိုပဲ သဘောကျတာ ဖြစ်ပါတယ်။

ကားကိုမောင်းလာရင်း လက်ကနာရီကို တစ်ချက်ကြည့်လိုက်မိတော့ မနက်ကိုးနာရီထိုးပြီး ငါးမိနစ်။ အခုလောက်ဆို ရုံးမှာလည်း လူတွေစုံနေလောက်ပါပြီ။



ရုံးဝန်ထမ်းတွေ အားလုံးနီးပါးက စာရေးမ ဒေါ်တဆုပ်ရဲ့ အနားမှာ စုရုံးကာ စကားတွေ တောင်စဉ်ရေမရ လျှောက်ပြောနေကြတယ်။

"အန်တီတဆုပ် . . . လီမင်ဟိုကား အသစ်ထွက်နေတယ် နော်၊ ကြည့်ပြီးပြီလား၊ အရမ်းကောင်းတယ်၊ နွေဦးတောင် မနေ့ကမှ စပြီးကြည့်တာ"

"ဟယ် . . . ဟုတ်လား၊ Heirs ဆိုတဲ့ကားလား"

"အင်းလေ၊ သိလား"

"တစ်နေ့က မဂ္ဂဇင်းတစ်ခုထဲမှာ အမြည်းဖတ်လိုက်ရတယ်လေ၊ အဲဒီကတည်းက ကြည့်ချင်နေတာ၊ ငါတို့နားမှာ အဲဒီအခွေက ဝယ်လို့မရသေးဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟီးဟီး. . . ဒီတစ်ခါတော့ အန်တီတဆုပ်ခေတ်နောက်ကျသွားပြီ၊ ဆောင်းလည်းကြည့်နေပြီ၊ အပိုင်းတစ်ဆယ်တောင်ရောက်နေပေ့၊ မင်းသမီးကလည်း သူနဲ့တွဲခုတ်နေတဲ့ ပက်ရှင်ပေးလေ"

"မတွဲတော့ပါဘူးဆောင်းရယ်၊ ငါ့လီမင်ဟိုက အဲဒီကောင်မကို ဖြတ်ပစ်လိုက်ပါပြီ. . . ဟင်းဟင်း"

ဒေါ်တဆုပ်စကားကြောင့် အကုန်လုံးပွဲကျသွားကြတယ်။ ရုံးမှာရှိတဲ့ အမျိုးသမီးတွေအားလုံးနီးပါးက ကိုရီးယားသရဲတွေ။ ဒေါ်တဆုပ်ကကျတော့ လီမင်ဟိုကို အသေရရအရှင်ရရဆိုတဲ့ အထဲကပါ။ အဲဒီလိုအဖွဲ့ထဲမှာ မပါဘဲ တစ်ယောက်တည်းလိုင်းကွဲနေတာကတော့ မန်နေဂျာ ဦးလူဝကြီး။ နာမည်ကသာ ဦးလူဝကြီးဖြစ်နေတာပါ၊ လူကတော့ ပိန်လိုက်တာမှ လေတိုးရင်တောင် ခေါက်ချိုးကျိုးသွားမယ့်ဘော်ဒီနဲ့။ သူကကျတော့ တစ်မျိုးတစ်ဘာသာ။ ဘောလုံးဝါသနာအိုး။ ချဲလ်ဆီးပရိသတ်ဖြစ်ကာ ချဲလ်ဆီးရှုံးတဲ့အပတ်များဆို မျက်နှာရှစ်ခေါက်ချိုးနဲ့ တစ်ရုံးလုံးကို လှည့်မာန်နေတော့တာပါပဲ။ အဲ. . . ချဲလ်ဆီးနိုင်တဲ့အပတ်၊ ဂိုးမြုံးတဲ့အပတ်များဆိုရင်တော့ ရုံးမှာရှိသမျှလူတွေကို တပြုံးပြုံးနဲ့ဆက်ဆံတတ်ကာ တော်ရုံတန်ရုံအမှားလောက်ကတော့. . .





"ဩော်. . . လူပဲဟာ၊ အမှားတော့ ဘယ်ကင်းပါ့မလဲ"

အဲသလို. . . အဲသလိုရယ်ပါ။ နောက်ပြီး ဂိုဏ်းကွဲနေတာတစ်ယောက်ရှိသေးတယ်။ အဲဒါက အတွင်းရေးမှူးမ အိုးနင်းခွက်နင်း (ကေသီဗလမင်းဒင်ရဲ့အခေါ်)(ခ)ဥမ္မာဏီ။ သူမကကျတော့ အင်တာနက်သမား။ ဖေ့ဘွတ်သမား။ မနက်အိပ်ရာထကနေပြီး ညအိပ်ရာဝင်တဲ့အထိ ကြားကာလမှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေအားလုံးကို ဖေ့ဘွတ်ပေါ်မှာတင်လိုက်ရမှ စားဝင်အိပ်ပျော်တတ်တဲ့သူမျိုးပါ။ အိမ်သာတက်တာကိုတောင်မှ "ဒီနေ့တော့ သင်္ဘောသီးမှည့်တွေစားပြီး မနားတမ်းဗုံးကျဲလေပြီ" ဆိုပြီး ရအောင်တင်လိုက်သေးတာမျိုးရယ်ပါ။

အဲဒီလိုတစ်ယောက်တစ်မျိုး မရိုးရတဲ့ဗီဇလေးတွေနဲ့ ကေသီဗလမင်းဒင်ရဲ့ ကုမ္ပဏီရုံးခန်းဟာ ကေသီဗလမင်းဒင်မရှိတဲ့အချိန်များဆိုရင် လက်ပံပင်ဆက်ရက်ကျသလိုမျိုး ဆူညံနေတတ်ကာကေသီဗလမင်းဒင် ရုံးထိုင်နေတဲ့အခါမျိုးဆိုရင်တော့ အလုပ်ကိုအပတ်တကုပ်ကြိုးစားလုပ်ကြကာ တိတ်ဆိတ်နေလိုက်ကြတာများကိုယ့်အသက်ရှူသံကိုတောင် ကိုယ်ပြန်လန့်ရတဲ့အထိပါပဲ။ ပြီးတော့ သူတို့က ကေသီဗလမင်းဒင်ကို အမည်တွေလည်း အမျိုးမျိုးမှည့်ပေးထားတတ်ကြသေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အပျိုကြီး"

"ခေါ်သအိုး"

"ဘွားတော်"

"စာအုပ်ကြီး"

"အော်ဆွေးကြီး"

စသဖြင့် ကေသီဗလမင်းဒင်ရဲ့ ဂုဏ်ထူးတွေက မနည်းမနောရယ်ပါ။

အဲဒီလိုအဲဒီလို ဆူညံပွက်လောရိုက်နေတဲ့အချိန်မှာပဲ ကားလမ်းဘက်က ပြတင်းပေါက်မှာသွားမှီရပ်နေတဲ့ မိုးပြည့်က မျက်ကလူးဆန်ပြာနဲ့ လျှောက်လာရင်း. . .

"နေရာယူ. . . နေရာယူ. . . အောက်ထပ်မှာ ဘွားတော့်ကားရောက်လာပြီ"

လို့လည်းဆိုလိုက်ရော အားလုံးက ကိုယ့်နေရာအသီးသီးမှာ နေရာဝင်ယူလိုက်ကြကာ လုပ်စရာရှိတာတွေကို ကြိုးစားပမ်းစားလုပ်နေကြတော့တယ်။

ကေသီဗလမင်းဒင် ဝင်လာတဲ့အခါမှာတော့ အားလုံးက တိတ်ဆိတ်ရိုကျိုးကြိုးစားနေကြကာ မီးကိုသေလို့။ ကေသီဗလမင်းဒင်က အလယ်လမ်းကနေလျှောက်ဝင်လာရင်း အားလုံးကိုဝေ့ဝဲအ





ကဲခတ်သွားတယ်။ အဲ. . . ကေသီဗလမင်းဒင်လည်း သူ့ရုံးခန်းထဲရောက်သွားရော နောက်မှာကျန်ခဲ့တဲ့သူတွေက မဲ့ပြတဲ့သူက မဲ့ပြ၊ မျက်စပစ်တဲ့သူက ပစ်နဲ့ ကျန်ခဲ့ကြတော့တယ်။

"မောနင်း. . . မမ"

ဥမ္မာဏီက ကေသီဗလမင်းဒင်ကို ဦးတစ်ချက်ညွှတ်ပြကာ နှုတ်ဆက်တယ်။ ဒါပေမယ့် ကေသီဗလမင်းဒင်က "မောနင်း" ကို စိတ်မဝင်စား။ သူမစိတ်ဝင်စားတာကိုပဲ မေးတယ်။

"မနေ့က စစ်ခိုင်းထားတဲ့စာရင်းတွေ အကျဉ်းချုပ်လုပ်ပြီးပြီလား"

"ဟုတ်. . . ပြီးပါပြီမမ"

"ပြီးရင် ယူခဲ့"

"ဟုတ်"

ဥမ္မာဏီက စာရင်းအကျဉ်းချုပ်ရေးမှတ်ထားတဲ့ အပြာနရောင်ဖိုင်လ်လေးကိုယူပြီး ကေသီဗလမင်းဒင်ရှေ့မှာ ချပေးလိုက်တယ်။

"ဒီမှာပါ မမ"

"ထားခဲ့၊ ဦးလူဝကြီးကိုသွားခေါ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာဏီက အပြင်ကိုထွက်ကာ ကေသီဗလမင်းဒင်မမြင်အောင် အလုပ်ချိန်မှာ ဘောလုံးဂျာနယ်ခိုးဖတ်နေတဲ့ ဦးလူဝကြီးကို သွားခေါ်ရတယ်။

"ဦးဝကြီး"

"အမလေး. . . လန့်လိုက်တာဟာ၊ နင်ကလည်း အသံမပေးဘာမပေးနဲ့၊ ဒေါ်ဗလများရောက်လာတာလားလို့"

"ဟိုကမလာဘူး၊ ခေါ်ခိုင်းလိုက်တာ၊ အခန်းထဲကိုကြွခဲ့ပါတဲ့"

"ဟေ. . . ဟုတ်လား၊ ဘာတွေ ပူညံပူညံလုပ်ပြီး အီးပေါက်ဦးမယ်မသိဘူး"

"မသိဘူးလေ၊ သူက"

ဥမ္မာဏီရဲ့စကားတောင်မဆုံးလိုက်သေး။ ကေသီဗလမင်းဒင်ရဲ့ ရုံးခန်းဆီကနေ. . .

"ဥမ္မာဏီ!!!. . . ."

ဆိုတဲ့ အသံကြီးက အခန်းကြီးပွင့်ထွက်သွားမတတ် ဟိန်းထွက်သွားတယ်။ အဲဒီအသံကြောင့် ဦးလူဝကြီးရော၊ ဥမ္မာဏီပါ တုန်တက်သွားရရင်း. . .

"လာလာ. . . မြန်မြန်လာ. . . သွားမယ်"

"အေးအေး. . . အေး"





နှစ်ယောက်သားက ကေသီဗလမင်းဒင်ဆီကို ခပ်သွက်သွက်ထွက်လာလိုက်ကြတယ်။ ကျန်တဲ့ရုံးအဖွဲ့တွေကတော့ ဇက်ကလေးတွေပုကာ မြားဦးကိုယ့်ဘက်လှည့်မလာရလေအောင် အလုပ်တွေကို ကြိုးစားလုပ်နေကြတော့တယ်။

ဦးလူဝကြီးနဲ့ ဥမ္မာဏီတို့နှစ်ယောက် ကေသီဗလမင်းဒင်ရဲ့ ရုံးခန်းထဲအဝင်မှာတင်ပဲ. . .

"လာလာ. . . မြန်မြန်ကြွခဲ့"

ဆိုပြီး ကေသီဗလမင်းဒင်က ခါးထောက်ကာ အော်ခေါ်တယ်။

ဥမ္မာဏီက ကေသီဗလမင်းဒင်ကို မရဲတရဲကြည့်လိုက်ရင်း. . .

"ဘာ. . . ဘာဖြစ်လို့လဲမမ"

"ဘာဖြစ်ရမှာလဲ၊ ဒီမှာ နင်ပေးတဲ့စာရင်းကိုလည်း နင်ပြန်စစ်ကြည့်စမ်းပါဦး အိုးနင်းခွက်နင်းမရယ်၊ ငါတွက်ကြည့်ထားတာနဲ့ လေးဆယ့်ငါးသိန်းကြီးများတောင်ကွာနေပါလား၊ ဘယ်လိုဖြစ်ရတာလဲ"

"ရှင်. . . ဟုတ်လို့လား၊ ဥမ္မာသေချာစစ်ထားတာပါ"

"သေချာစစ်ရင် မှန်ရမှာပေါ့၊ ဘာလို့လေးဆယ့်ငါးသိန်းက



www.burmeseclassic.com

www.burmeseclassic.com



ကွာနေရတာလဲ၊ ဘာလဲ. . . နင်ဖြောင်ထားတာလား၊ အဲဒီလေးဆယ့်ငါးသိန်းကို"

"ရှင်. . . မဟုတ်ပါဘူးမမရယ်၊ ဘုရားပေးပေးကျမ်းပေးပေးပါ၊ ဥမ္မာအဲလိုမလုပ်ရပါဘူး"

"အဲဒါကို သေချာပြန်စစ်"

ဥမ္မာဏီက ငွေစာရင်းဖိုင်လ်ကို ကောက်ယူကာ သေချာပြန်ကြည့်လိုက်ပြီး. . .

"အော. . . အဟင်း. . . တွေ့ပြီ၊ တွေ့ပြီမမ၊ ဒီ. . . ဒီငါးသိန်းနေရာမှာ သုညတစ်လုံးလိုနေတာ၊ တကယ်တမ်းက သိန်းငါးဆယ်ပါ၊ သုံ. . . သုညလေးတစ်လုံးပဲလိုသွားတာပါ. . . အဟင်းဟင်းဟင်း. . . "

ဥမ္မာဏီက ရှက်ရယ်ရယ်တယ်။ ဒါပေမယ့် ကေသီဗလမင်းဒင်က စားပွဲခုံကို လက်သီးဆုပ်နဲ့ဘုန်းခနဲမြည်အောင် ထုချလိုက်တော့ ရယ်သံက တိခနဲရပ်သွားရတယ်။ ကေသီဗလမင်းဒင်က ဥမ္မာဏီကို မေးကျဉ်းထားတဲ့မျက်လုံးတွေနဲ့ ကြည့်ပေးလိုက်ရင်း. . .

"သုညလေးတစ်လုံးတည်း. . . ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့မမ"

"အေး. . . ဒီတစ်ခါ နင်လခထုတ်ရင်လည်း နင့်လခကို သုညတစ်လုံးလျှော့ပြီးယူ၊ ဟုတ်ပြီလား"





"ရှင်"

"မရှင်နဲ့၊ သွားပြင်. . . စာရင်းကို"

"ဟုတ်. . . ဟုတ်ကဲ့"

ဥမ္မာဏီက တုန်ချိတုန်ချိနဲ့ ငွေစာရင်းဖိုင်လ်ကိုကိုင်ပြီး သူ့စားပွဲဆီထွက်သွားတယ်။ ဒီတော့မှ ကေသီဗလမင်းဒင်ရဲ့အကြည့်က ဦးလူဝကြီးဆီကို ရောက်သွားတယ်။

"ဦးလူဝကြီးလည်း ဒီစာရင်းစာရွက်လေးကို ကြည့်လိုက်စမ်းပါဦး"

ဦးလူဝကြီးက ကေသီဗလမင်းဒင်ထုတ်ပေးလာတဲ့ စာရွက်ကလေးကိုယူကာ ဖင်ပြန်ခေါင်းပြန်ကြည့်တယ်။ ဥမ္မာဏီလိုများ သုညတစ်လုံးကျန်နေခဲ့လို့များလားပေါ့။ ဒါပေမယ့် စာရင်းက အားလုံးမှန်တယ်။ မလွဲဘူး။ ဒါနဲ့. . .

"ဘာ. . . ဘာဖြစ်လို့လဲ MD ရဲ့၊ စာရင်းကမှန်ပါတယ်၊ မလွဲပါဘူး"

ဆိုတော့ ကေသီဗလမင်းဒင်က. . .

"ဘာဖြစ်လို့လဲ. . . ဟုတ်လား၊ ဘာဖြစ်ရမှာလဲ၊ အဲဒီမှာ ရှင်ဆွဲထားတဲ့ ဇယားက မျဉ်းတွေကိုလည်း ကြည့်လိုက်စမ်းပါဦး၊ ဧရာဝတီမြစ်ကမှ နည်းနည်းဖြောင့်ဖြောင့်တန်းတန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်ဦးမယ်၊ ရှင့်မျဉ်းတွေကတော့ ကောက်ကွေးနေလိုက်တာများ မုန့်ကြိုးလိမ်ကျနေတာပဲ၊ သေချာကြည့်. . . မြင်လား"

ဦးလူဝကြီးက သူဆွဲထားတဲ့ဇယားကို သေချာပြန်ကြည့်တယ်။ ကေသီဗလမင်းဒင်ပြောသလို မျဉ်းကြောင်းတစ်ကြောင်းက ကောက်နေတာဟုတ်ပါတယ်။ အဲ. . . မဟုတ်သေးဘူး။ ဒီဇယားကို ဆွဲတုန်းက ပေတံနဲ့ဆွဲထားတာဖြစ်တဲ့အတွက် ကောက်နေတာတော့ မဟုတ်ဘူး။ ယိုင်နေတာ။ မျဉ်းတစ်ကြောင်းက အောက်ခြေမှာနည်းနည်းကားသွားပြီး အပေါ်မှာသွားယိုင်နေတာပါ။ ဒါပေမယ့် မသိမသာလေးပါပဲ။ ဆတ်ခနဲကြည့်ရင် လုံးဝမသိသာပါဘူး။ သေသေချာချာပြူးပြဲကြည့်မှသာ ယိုင်နေတယ်ဆိုတာကို သိရတာပါ။ အခုတော့ ပြောလိုက်တာများ မုန့်ကြိုးလိမ်တဲ့။ ဧရာဝတီမြစ်ကမှ ဖြောင့်ဦးမတဲ့။ ဒါသက်သက်မဲ့ ရစ်စရာမရှိတာကို ရှာရစ်တာ။

ဟွန်း. . . အဲဒါကြောင့်လည်း အခုလိုအပျိုကြီးဖြစ်နေတာ။ ကုန်ပုပ်ကြီး။

ဦးလူဝကြီးက စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ်ပြောနေမိတုန်းမှာပဲ ကေသီဗလမင်းဒင်ဆီက အသံထွက်လာပြန်တယ်။

"တွေ့လား. . . အဲဒီမှာ"





"ဟုတ်. . . တွေ့. . . တွေ့ပါတယ်"

"တွေ့ပါတယ်နဲ့မပြီးဘူး၊ အဲဒီဇယားကို အသစ်ပြန်ဆွဲပြီး ပြန်ရေးခဲ့၊ ရှင်က မန်နေဂျာတစ်ယောက်လုပ်နေပြီး ဒီဇယားလေးတောင်မှ ဖြောင့်ဖြောင့်တန်းတန်းမဆွဲနိုင်ဘူးလား. . . ဟင်. . . ဒီဇယားလောက်ကိုတော့ မူကြိုက ကလေးကိုဆွဲခိုင်းတောင် ဖြောင့်အောင်ဆွဲတတ်တယ်၊ သိလား၊ အမလေး လေး. . . ရှင်တို့ကိုပြောရတာမောလိုက်တာ. . . မောလိုက်တာ၊ ဘယ်လိုလူတွေကိုများ ကျွန်မအလုပ်ခန့်ထားမိပါလိမ့်၊ ဘယ်နေရာမှကို စိတ်ချလက်ချလွှတ်ပေးထားလို့ မရပါလား၊ ကျွန်မနေရာကိုလည်း ခဏလောက်ဝင်ခံစားကြည့်ကြစမ်းပါဦး၊ ကျွန်မပြောတာလွန်သလား၊ ရှင်တို့တွေဖြစ်ပျက်နေတာတွေက လွန်သလားဆိုတာကို"

"ကျွန်. . . ကျွန်တော်တို့လွန်တာပါ"

"သိရင်လည်း ပြီးတာပဲ၊ သွားတော့၊ မြန်မြန်လေးပြင်ခဲ့"

ဦးလူဝကြီးက သုတ်သုတ် သုတ်သုတ်နဲ့ အပြင်ပြန်ထွက်သွားတယ်။ ဒီတော့မှ ကေသီဗလမင်းဒင်က မတ်တပ်ရပ်ပြီး ဩဝါဒခြွေနေရာကနေ ထိုင်ခုံပေါ်ကို ခြေပစ်လက်ပစ်ထိုင်ချပစ်လိုက်ပြီး စားပွဲပေါ်က ရေသန့်ဘူးကိုယူကာ တဂွတ်ဂွတ်မြည်အောင် မော့သောက်နေမိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အမလေး. . . မောလိုက်တာ. . . မောလိုက်တာ၊ ဒင်းတို့နဲ့ ငါတော့ သေနေ့မစေ့ခင် စောပြီး သေမှာပဲ"



ဒီအချိန်က tea time မို့လို့ ဦးလူဝကြီးတို့တစ်ဖွဲ့လုံးက အောက်ဆုံးထပ်က လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ကာ လက်ဖက်ရည်လည်းသောက်၊ ကေသီဗလမင်းဒင်အပေါ် မကျေနပ်သမျှတွေကိုလည်း ရင်ဖွင့်ပွဲလုပ်နေကြတယ်။

"မျဉ်းလေးက မသိမသာလေးပဲ ယိုင်နေတာပါဟာ၊ ဒါကို သက်သက်မဲ့ မှန်ဘီလူးနဲ့များ ကြည့်လာသလားမသိပါဘူး၊ အပြစ်ပြောစရာမရှိ ရှာကြံပြောနေတာ၊ တော်တော်ပစိပစပ်များတဲ့ အပျိုကြီး၊ အဲဒါကြောင့်လည်း အခုထိကြိုက်မယ့်သူ မရှိတာ"

ဦးလူဝကြီးစကားလည်းဆုံးရော ဥမ္မာဏီကလည်း ခေါင်းကို ခပ်သွက်သွက်ကြီးညိတ်ပြလိုက်ပြီးနောက်. . .

"ဟုတ်ပ့ါ. . . ဟုတ်ပ့ါ၊ ဥမ္မာဆိုလည်း မကင်းရာမကင်းကြောင်းတွေကြောင့်သာ ဒီအလုပ်ကိုဆက်လုပ်နေတာ၊ ကိုယ့်စိတ်နဲ့ကိုယ်သာဆိုရင် ထွက်ပစ်လိုက်တာကြာပြီ၊ ကို


www.burmeseclassic.com

www.burmeseclassic.com





ကျော်စွာက သည်းခံပေးပါဥမ္မာရယ်၊ ကိုယ့်ညီမကေသီနဲ့ ဘယ်စက္ကရီတေရီနဲ့မှ မမြဲလို့ပါ။ ဥမ္မာထွက်လိုက်ရင် ကိုယ့်ညီမတစ်ယောက်တည်း ဒေါင်ချာစိုင်းနေမှာ၊ နောက်တစ်ယောက်ထပ်ခန့်လည်း တစ်ပတ်တောင်ခံမှာမဟုတ်ဘူး၊ အဲဒါကြောင့်သည်းခံပေးပါ. . . သည်းခံပေးပါနဲ့ ခဏခဏ လာပြောနေလို့သာ သည်းခံနေရတာ၊ ဒီနေ့လည်းကြည့်လေ၊ သုညလေးတစ်လုံးကျန်နေခဲ့တာများ၊ သူသိရင်လည်း ကောက်ထည့်လိုက်ပေါ့၊ သူကိုယ်တိုင်မလုပ်ချင်ရင်လည်း ဥမ္မာရေ. . . ဒီနေရာမှာတော့ သုညလေးတစ်လုံးလိုနေတယ်ဆိုရင် ပြီးနေတာပဲ၊ အခုတော့ ငေါက်လိုက်တာများ ကိုယ့်အပြစ်က တိုင်းပြည်ကြီးပျက်သွားတာကျနေတာပဲ၊ စကားကို ချိုချိုသာသာကိုမပြောတတ်ဘူး၊ ရေလည်အီး ပေါက်တယ်၊ တကယ်. . .”

ဆိုတော့ ဒေါ်တဆုပ်ကလည်း ပေါက်စီကို ပါးစပ်ထဲအပြည့် ပလုတ်ပလောင်းစားနေရင်းကနေ. . .

“သည်းခံလိုက်ပါ ဥမ္မာရယ်၊ သူအဲဒီလိုဖြစ်နေတာက သူ့စိတ်ထဲရှိလို့မဟုတ်ပါဘူး၊ ဘယ်လိုပြောရမလဲဆိုတော့ အပျိုကြီးဒီပရက်ရှင်ဝင်တယ်ပြောရမှာပေါ့၊ အပျိုကြီးတွေအကုန်လုံး အဲဒီလိုချည်းပါပဲ၊ သူ့ဘေးမှာ ရင်ခုန်စရာစကားလေးတွေ၊ ကြည်နူးစိတ်လှုပ်ရှားစရာလေးတွေကို ဖန်တီးပေးမယ့်သူ မရှိရတဲ့အထဲ နေ့စဉ်နဲ့အမျှ အလုပ်အလုပ်ဆိုတာနဲ့ပဲပြီးနေတော့ ထစ်ခနဲဆို စိတ်ကမရှည်တော့ဘူး၊ ဒေါသကချည်း ရှေ့ကရောက်လာတော့ စိတ်ကမကြည်၊ စိတ်ကမကြည်တော့ မြင်မြင်သမျှက အလိုမကျ၊ အလိုမကျတော့ ပါးစပ်ကလည်း ပွစိပွစိနဲ့ မနားတမ်းပြောလာတတ်တော့တာပဲ၊ MD မှမဟုတ်ဘူး၊ တွေ့ဖူးသမျှအပျိုကြီးတွေ အကုန်လုံး အတူတူပဲ”

“အတူတူဆိုပေမယ့် MD ကတော့ ပိုပါတယ်အန်တီတဆုပ်ရယ်၊ နွေဦးတို့တောင်စဉ်းစားနေတာ၊ MD ကို တစ်ယောက်ယောက်နဲ့ အောင်သွယ်ပေးမလားလို့၊ သူအပျိုကြီးဘဝကကျွတ်ရင် နည်းနည်းများ အချိုးပြောင်းသွားမလားလို့”

နွေဦးစကားအဆုံးမှာတော့ ဦးလူဝကြီးက တဟားဟားအော်ရယ်တာများ ရေနွေးတောင်သီးတဲ့အထိပါပဲ။

“အမလေး. . . နွေဦးရယ်၊ ညည်းတို့ MD ကို ဘယ်လိုယောကျ်ားကယူမှာတဲ့လဲ၊ ဒီလောက်ဂျီဂျောင်ကျ၊ ပွစိပွစိပြောတတ်တဲ့ အော်ဆွေးကြီးကိုယူမယ့်ယောကျ်ားသာ





www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ဆို

ဘုရားအဆူဆူသာပွင့်သွားမယ်. . . ပေါ်လာမှာမဟုတ်ဘူး"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဦးလူဝကြီးစကားကို မိုးပြည့်လည်းထောက်ခံတယ်"

"ဥမ္မာရော့ပဲ"

တစ်ဝိုင်းလုံး ပွဲကျသွားကြတယ်။ သူတို့ရဲ့ tea time အချိန်မှာ နေ့တိုင်းလိုလိုပြောဖြစ်ကြတဲ့စကားကတော့ ကေသီဗလမင်းဒင်ရဲ့အကြောင်းပါပဲ။ ပြောရလောက်အောင်လည်း ကေသီဗလမင်းဒင်က တစ်နေ့တစ်မျိုးမရိုးရလေအောင် ရစ်တတ်၊ ပြဿနာရှာတတ်တာလေ။ သူတို့ကလည်း အလုပ်ရှင်နဲ့ အလုပ်သမားဆိုတော့ ပြန်မပြောသာ။ အဲဒီတော့ ရှေ့မှာဆိုရင် အောင့်အီးသည်းခံကြပြီး ကွယ်ရာရောက်တာနဲ့ အခုလို အတင်းပြောကာ မကျေနပ်သမျှကို ဖွင့်ထုတ်ဖြေဖျောက်ကြရတာပါပဲ။ ကြာတော့ အခုလိုလူစုံတုန်းအချိန်လေးမှာ ကေသီဗလမင်းဒင်ရဲ့အကြောင်းကိုမှ မပြောလိုက်ရရင် ပေါ့ရွှတ်ရွှတ်ဖြစ်နေသလိုပါပဲ။

ဒါပေမယ့်. . . သူတို့မသိလိုက်တာက သူတို့ထိုင်နေတဲ့ဝိုင်းရဲ့ ဘေးဝိုင်းမှာက ကေသီဗလမင်းဒင်ရဲ့သူငယ်ချင်း ကြည်သာခင်ရှိနေတယ်ဆိုတာပါပဲ။



## အပျိုကြီးခံယူချက် ( ၂ )

လောကကြီးမှာ...

အပျိုကြီးတွေ ပုပ်သိုးသွားတယ်ဆိုတာမရှိဘူး

လူပျိုကြီးတွေသာ ပုပ်သိုးသွားတတ်လို့...

လူပျိုသိုးကြီးဆိုတဲ့စကားက ဖြစ်ပေါ်လာတာ





www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းဖြစ်သူ ကြည်သာခင် အသံဖမ်းယူလာတဲ့ အသံဖမ်းစက်ထဲက အသံတွေကို နားထောင်အပြီးမှာတော့ ကေသီဗလမင်းဒင်ဟာ ဒေါသထွက်လွန်းလို့ အိမ်မြောင်ဥကိုကိုင်မိသလို တဆတ်ဆတ်တုန်ယင်လာရတယ်။ ကိုယ့်မှာတော့ မနေ့က အလုပ်ကို ကြည်သာလာလည်မယ်ဆိုပြီး ရောက်မလာဘဲ ဒီနေ့အလုပ်ပိတ်ရက်ကျမှ အိမ်ကိုပေါက်ချလာတဲ့ကြည်သာက အိမ်ထဲတောင်မဝင်ရသေးဘူး၊ အပေါက်ဝမှာ ဖိနပ်ချွတ်နေကတည်းက. . .

"ငါ့မှာ နင့်အတွက် သတင်းထူးပါတယ်၊ သတင်းထူး"

ဆိုတဲ့စကားကြောင့် ဘာများပါလိမ့်ပေါ့။ ပြီးတော့ ကြည်သာက ကိုယ်တိုင်ပါးစပ်က မပြောဘဲ အသံဖမ်းစက်တစ်လုံးချပေး



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ပိုလို့တောင် စိတ်ဝင်စားသွားရသေးတာ။ တကယ့် . . . တကယ်တမ်းထွက်လာတဲ့ အသံတွေကကျတော့ ကိုယ့်အကြောင်းကို ကိုယ့်ဝန်ထမ်းတွေက ပယ်ပယ်နှယ်နှယ်တုပ်ထားတဲ့အသံတွေ ဖြစ်နေတာလေ။ ရင်ထဲမှာ အတော့်ကိုပဲ နင်သွားရတာပါ။

"ငါက သူတို့ဝိုင်းရဲ့ ဘေးကဝိုင်းမှာထိုင်နေတာလေဟယ်၊ ဒါပေမယ့် သူတို့က ငါ့ကို နင့်သူငယ်ချင်းလို့မှမသိတာ၊ အဲဒီတော့ လွတ်လွတ်လပ်လပ်ကြီးကိုပဲ ပြောနေတော့တာပေါ့၊ ငါလည်း အလွတ်မပေးဘဲ အသံဖမ်းလာလိုက်တာ၊ အစတော့ နင့်ရုံးခန်းရှိတဲ့အထပ်ကို တက်လာဦးမလို့ပဲ၊ ဒါပေမယ့် ငါ့ကို နင့်သူငယ်ချင်းဆိုတာ သိသွားမှာစိုးတာနဲ့ အပေါ်ထပ်ကိုတက်မလာတော့ဘဲ အောက်ထပ်မှာတင် လက်ဖက်ရည်သောက်ပြီး မနေ့က ပြန်လာလိုက်တာ၊ ဟီး ဟီး . . . နင့်ဝန်ထမ်းတွေက နင့်အပေါ် အတော်လေးကိုပဲ ရိုသေကိုင်းရှိုင်းကြတယ်နော် ဗလ"

ပြောပြီး ကြည်သာခင်က သဘောတကျနဲ့ တသောသော ရယ်နေတော့တယ်။ ကေသီဗလမင်းဒင်ကတော့ ခံထားရတာဆိုတော့ မရယ်နိုင်။ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဒင်းတို့ကို အမှုန့်ကြိတ်ပစ်ချင်လောက်အောင် ဒေါသတွေ ထွက်နေရတယ်။





ရင်ထဲမှာလည်း အတော့်ကိုပဲခံရခက်ကာ တင်းကျပ်လာတဲ့အဆုံး "အား"ခနဲ အာခေါင်ခြစ်ကာ အော်မိတော့တယ်။ ဒါကိုကြည့်ပြီး ကြည်သာခင်က အရယ်ရပ်နေရာကနေ နောက်တလောထပ်ရယ်ပြန်တယ်။ ရယ်လို့အားရသွားပြီဆိုတော့မှ . . .

"နင်ကလည်း သူတို့ပြောရင်လည်း ပြောချင်စရာကိုး ဗလရဲ့၊ အခုထိအိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား"

"လာပြန်ပြီ နောက်တစ်ယောက်၊ နင်တို့တွေ ငါအပျိုကြီးလုပ်နေတာကို တော်တော်လေးကိုပဲ မျက်စိဆံပင်မွေးစူးနေကြတာလား၊ ဟုတ်လား၊ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အလုပ်ကိုယ့်လုပ်နေတာပါဟယ်၊ ဘာဖြစ်လို့များ ငါအပျိုကြီးလုပ်နေတာကို လာလာခလုတ်တိုက်နေကြရတာလဲ၊ စိတ်ပျက်ဖို့ကောင်းလိုက်တာ"

"ငါက နင်တစ်ယောက်တည်း အထီးကျန်နေတာကိုကြည့်ပြီး စိတ်မချမ်းသာလို့ပါဟယ်၊ တစ်နေ့တစ်နေ့ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ်၊ ဒါနဲ့ပဲ လုံးလည်ချာလည်လိုက်နေတာ၊ နင်မပျင်းဘူးလား"

"မပျင်းပါဘူး၊ တစ်ယောက်တည်း ဇိမ်ကိုကျလို့၊ နင်တို့ ယောကျ်ားဝေယျာဝစ္စလည်း လုပ်ပေးစရာမလိုဘူး၊ ...



www.burmeseclassic.com

www.burmeseclassic.com



လေးမှလည်း ထိန်းစရာမလိုဘူး၊ တစ်ခုခုလုပ်ချင်ရင်လည်း ဘယ်သူနဲ့မှ ညှိနှိုင်းနေစရာမလိုဘူး၊ ကိုယ့်စိတ်ပဲ၊ ကိုယ့်ဇာတ်လမ်းမှာ ကိုယ်ဇာတ်လိုက်၊ ဘယ်သူ့ကိုမှ ပို့ပေးစရာလည်းမလိုဘူး၊ ဘယ်လောက်အေးဆေးလဲ"

"ဒါကတော့ နင်က တစ်ဘို့တည်းသမားကိုးဒေါ်ဗလရဲ့၊ လူရယ်လို့ဖြစ်လာရင် လူပီသအောင်တော့နေရမှာပေါ့"

"ဟမ် . . . နင့်စကားကြီးကလည်း၊ ငါက ယောကျ်ားမယူတာနဲ့ပဲ လူမပီသတော့ဘူးလား၊ ဟုတ်လား . . . ပြောစမ်းပါဦး"

"မဟုတ်သေးဘူးလေဟယ်၊ ငါပြောတာက . . . "

"တော်စမ်းပါ ကြည်သာမရယ်၊ အပျိုကြီးတရားလာမဟောပါနဲ့တော့၊ ငါ့ဘာသာပဲ အေးအေးဆေးဆေးနေပါရစေ" ဆိုတော့ ကြည်သာက မျက်ထောင့်နီကြီးနဲ့ မယုံသင်္ကာသလိုကြည့်လာရင်း . . .

"နင် . . . အခုထိဇင်ယော်ကို မမေ့နိုင်သေးဘူးလား"

"ထွီ . . . ကြားရတာနဲ့တောင် အန်ချင်လာပြီ၊ ငါက ဘာကိစ္စသူ့ကိုမမေ့နိုင်ရမှာလဲ၊ ငါ့ခေါင်းထဲမှာ ဇင်ယော်ဆိုတာလည်းမရှိဘူး၊ လဒ(လင်းတ)လည်းမရှိဘူး၊ ငါ့ခေါင်းထဲမှာ ငါပဲရှိတယ်၊ သဘောပေါက်"





"ဒါဆို ငါ့အသိတွေထဲမှာ ဆရာဝန်လူပျိုကြီးတွေရှိတယ်ဟဲ့၊ ငါ့ယောကျ်ားရဲ့ သူငယ်ချင်းတွေ၊ နင်တွေ့ကြည့်ပါလား၊ ငါစီစဉ်ပေးမယ်"

"အမလေး . . . မတော်ရတဲ့အမေရယ်၊ အိမ်မှာ ဟိုအမေတစ်ယောက်က အဲလိုတွေလုပ်လွန်းလို့ အိမ်ကဆင်းလာပါတယ်ဆိုမှပဲ၊ ငါ့ကို အပူတွေမပေးစမ်းပါနဲ့ဟယ်၊ ငါ့ကိုယ်ငါထက် ဘယ်ယောကျ်ားသားကိုမှ ပိုမချစ်နိုင်ဘူး၊ ရှင်းပြီလား"

သူမစကားအဆုံး ကြည်သာက နှာခေါင်းတစ်ချက်ရှုံ့ကာ ပွစိပွစိရေရွတ်တယ်။ အသံမထွက်တော့ ဘာတွေရွတ်နေလဲဆိုတာတော့ သူမလည်းမသိ။

"ဒါနဲ့ နင်တို့က နင့်ယောက္ခမတွေအိမ်မှာပဲ နေကြမှာလား၊ အိမ်ခွဲနေမှာလား"

"အခုလောလောဆယ်တော့ ယောက္ခမအိမ်မှာပဲလေ၊ ငါ့ယောကျ်ား မန္တလေးမှာ ပို့စတင်ကျတော့ ငါတို့အိမ်မှာ သူလိုက်နေပေးတယ်လေ၊ အခုသူက ရန်ကုန်မှာပိုစတင်ကျတော့ ငါက သူ့အိမ်မှာ တစ်လှည့်ပြန်လိုက်နေပေးရသလိုဖြစ်သွားတာပေါ့။ နောက်ပိုင်းတော့ အစိုးရအလုပ်ကထွက်ပြီး ကိုယ်ပိုင်ဆေးခန်းလေးဖွင့်မယ် စိတ်ကူးထားတယ်၊ အဲဒီကျတော့မှပဲ အိမ်ခွဲနေမယ်စိတ်ကူးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ဆို့

တကယ်တော့ ကြည်သာက ရန်ကုန်သူပါပဲ။ ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာပဲကြီးခဲ့သူ။ ဆယ်တန်းနှစ်ရောက်တော့မှ မိသားစုလိုက် မန္တလေးကိုပြောင်းသွားပြီး မန္တလေးသူဖြစ်သွားရတာ။ နောက်တော့အဲဒီမှာပဲ အိမ်ထောင်ကျ။ ပြီးတော့ ယောက်ျားဖြစ်သူဆရာဝန်ကလည်း မန္တလေးမှာ ပိုစတင်ကျတော့ အကိုက်ဖြစ်သွားပြီး မန္တလေးက ကြည်သာတို့အိမ်မှာပဲ သူတို့လင်မယားက အတူနေကြတာ။ သူတို့သားလေးတောင် ဒီနှစ်ဆို ငါးနှစ်ပြည့်ပြီလားပဲ။ အခုတော့ ယောက်ျားဖြစ်သူက ရန်ကုန်မှာတာဝန်ကျတော့ ရန်ကုန်ကိုပြန်ရောက်လာချေပြန်ပြီဆိုပါတော့။ သူမနဲ့ကြည်သာနဲ့ဆိုလည်း ဖုန်းအဆက်အသွယ်သာရှိပြီး လူချင်းမတွေ့ ဖြစ်ကြတာ အတော်ကြာပေါ့။ အဲဒီလို မတွေ့ဖြစ်ကြလို့လည်း ကိုယ့်ဝန်ထမ်းတွေက သူတို့ဝိုင်းရဲ့ဘေးဝိုင်းက ကြည်သာ့ကို ကိုယ့်သူငယ်ချင်းမှန်းမသိဘဲ ကိုယ့်အတင်းတွေကို စိတ်လွတ်ကိုယ်လွတ်အုပ်ရဲကြတာပေါ့။ ဟင်း. . . ဒါကိုတွေးလိုက်မိတော့ ဝင်သွားတဲ့ဒေါသက ပြန်ထွက်လာပြန်တယ်။

တွေ့မယ်. . . တွေ့မယ်. . . ဒင်းတို့ ကေသီဗလမင်းဒင်အကြောင်းကို ကောင်းကောင်းသိမယ်။



ကေသီဗလမင်းဒင်က အခန်းတံခါးကို အသာလေးဟကာ ဝန်းထမ်းတွေဘာလုပ်နေသလဲလို့ တစ်ချက်ချောင်းကြည့်လိုက်မိတယ်။ အားလုံးက သူတို့အလုပ်ထဲမှာသူတို့ ဈာန်ဝင်စားနေကြတာကိုတွေ့ရတော့ သဘောတကျနဲ့ တစ်ချက်ပြုံးလိုက်တယ်။ ပြီးတော့မှ တံခါးကိုအသာအပြန်ပိတ်လိုက်ကာ သူမအလုပ်စားပွဲပေါ်ကဟန်းဖုန်းကို သွားယူလိုက်ကာ ဖုန်းကိုနားမှာကပ်ထားလိုက်ပြီးရုံးခန်းတံခါးကို အသာအယာဆွဲဖွင့်လိုက်ရင်း. . .

"အေး. . . ကြည်သာ ပြောလေ"

ဆိုပြီး စကားကို ခဏဖြတ်ထားလိုက်ကာ ဝန်ထမ်းတွေကိုတစ်ချက်ဝေ့ဝဲ အကဲခတ်လိုက်မိတယ်။ အားလုံးက သူမကိုတစ်ချက်လောက်သာ မော့ကြည့်ကြပြီး ခေါင်းတွေပြန်ငုံ့သွားကြကာ သူတို့အလုပ်ကို သူတို့ဆက်လုပ်နေကြပြန်တယ်။ ဒီတော့မှ သူမက စကားကို ဆက်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဩော်. . . အဲဒါလား၊ မဟုတ်ရပါဘူးဟယ်. . . နင်ကလဲ၊ ငါက အပျိုကြီးလုပ်လို့ ကောင်းတုန်းပါ”

သူမက တစ်ဖက်လူရဲ့စကားကို နားထောင်နေဟန်နဲ့ ခဏ ငြိမ်နေလိုက်ပြီးမှ. . .

“ဘာ. . . ကြိုက်မယ့်သူမရှိလို့၊ ဟုတ်လား၊ အမလေး. . . ကေသီဗလမင်းဒင်တို့က များလွန်းလို့ မနည်းတောင်ခါချ နေရတာသိလား. . . ဟင်း”

သူမစကားအဆုံး မလှမ်းမကမ်းစားပွဲဆီက ခွီးခနဲရယ်သံ တစ်ခု ကျိတ်ထွက်လာတယ်။ သူမလှမ်းကြည့်လိုက်တော့ ဦးလူဝကြီး။ သူမလှမ်းကြည့်မှန်းလည်းသိသွားရော ယောင်တောင်ပေါင်တောင်နဲ့ ကုပ်ညောင်းလို့ ချုံးသလိုလို၊ မျက်မှန်ဖုန်သုတ်သလိုလိုလုပ်ပြီး ခေါင်းကို ကွန်ပျူတာနဲ့ကွယ်သွားတယ်။ ဒီမှာတင်ပဲ သူမက မသိမသာ မျက်စောင်းတစ်ချက်လှမ်းထိုးလိုက်ရင်း. . .

“အမလေး. . . အပျိုကြီးဖြစ်တော့ရော ဘာဖြစ်လဲ၊ အပျိုကြီးဖြစ်တော့ရော သိုးသွားတယ်ဆိုတာရှိလို့လား၊ လူပျိုကြီးတွေသာ ခရမ်းသီးပုပ်ကြီးတွေလို သိုးသိုးသွားတတ်လို့ လူပျိုသိုးကြီးဆိုပြီး ခေါ်ကြတာ၊ မြန်မာစကားမှာတောင် အပျိုသိုးကြီးဆိုတာ ရှိလို့လား၊ လူပျိုသိုးကြီးဆိုတာပဲရှိတယ်၊ အလကား လူ့လောကရဲ့ အမှိုက်တွေ”





သူမစကားအဆုံး ဦးလူဝကြီးရဲ့ ဇက်က ပိုပုသွားသလိုပါပင်။ ဦးလူဝကြီးက လူပျိုကြီးဆိုတော့ သူမစကားက သူ့ကိုတည့်တည့် သွားထိတယ်လေ။ ကေသီဗလမင်းဒင်ကလည်း ဦးလူဝကြီးကိုပဲ တည်ပြီးတော့ ပြောတာပါ။

“ငါ့ဘာသာ ဂဂျီဂဂျောင်ပဲကျကျ၊ ပွစိပွစိပဲပြောပြော နင်တို့အပူ. . . အဲလေ. . . နင့်အပူပါလို့လား၊ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတာ၊ ငါ့ဘာသာဘာယ် လိုပဲနေနေပေါ့၊ ဒါနင်ပြောစရာလား၊ ငါ့ကွယ်ရာမှာလည်း နင်တို့. . . အဲ. . . နင် ငါ့အတင်းတွေပြောနေတာ မသိဘူးမှားမှတ်နေလား၊ ဘာမပြောပါဘူးလဲ၊ မမိသေးရင်တော့ နေဦးပေါ့၊ လက်ပူးလက်ကြပ်မိလို့ကတော့ အကုန်လုံးကို အလုပ်ဖြုတ်. . . အဲလေ၊ နင့်ကိုစိစိညက်ညက်ကျေ အောင်လုပ်ပစ်မယ်၊ ဘာမှတ်နေလဲ၊ ကေသီဗလမင်းဒင့်တဲ့၊ တစ်ဒင်ပဲရှိတယ်”

ဝန်ထမ်းတွေ အားလုံးလိုလိုရဲ့ခေါင်းတွေက စားပွဲခုံတွေထဲ ဝင်သွားတော့မတတ် ငုံ့ကျသွားကြတယ်။ ကေသီဗလမင်းဒင်က ဝန်ထမ်းတွေရဲ့ အလုပ်စားပွဲတွေအလယ်က လမ်းလေးပေါ်မှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ဘယ်ကမှမလာတဲ့ဖုန်းကို နားမှာကပ်ကာ ဖုန်းပြောသလိုနဲ့ ဝန်ထမ်းတွေကို ပြန်နှိပ်ကွပ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလို ပြောနေရတော့ စိတ်ထဲမှာလည်း အရမ်းကိုပဲ ကျေနပ်နေရတယ်။

"ဘယ်လို. . . နင်က နင့်အလုပ်မှာ မပျော်ဘဲနဲ့ နင့်အလုပ်ရှင်ကို အားနာလို့ အလုပ်လုပ်နေတာ. . . ဟုတ်လား"

ဒါကတော့ သူမရုံးခန်းထဲကနေ ဖိုင်လ်အစိမ်းရောင်လေးကိုင်ကာ ထွက်လာပြီး မန်နေဂျာဖြစ်သူ ဦးလူဝကြီးရှိရာကို လျှောက်သွားနေတဲ့ စက္ကရီတေရီမ ဥမ္မာဏီကို ချိန်ပြီးပစ်လိုက်တာပါ။ သူမစကားလည်းကြားရော ဥမ္မာဏီ့ခမျာ လန့်ဖျန့်ပြီး ခြေလှမ်းတွေဘာတွေတောင် မှားလို့။ အခုကျတော့လည်း ကြောက်တတ်လိုက်တာလွန်ရော။

"ဘာများအားနာစရာရှိလဲဟယ်၊ ငါသာဆိုထွက်လာပြီ၊ ပြီးတော့ ငါသာနင့်အလုပ်ရှင်ဆို နင့်ကိုအလုပ်ဖြုတ်ပစ်လိုက်တာကြာလှပြီ၊ လောကမှာ အလုပ်လိုချင်တဲ့သူတွေမှ ပေါလွန်းလို့၊ ကိုယ့်အလုပ်မှာ စေတနာပါပါမလုပ်ချင်တဲ့ ဝန်ထမ်းမျိုးကိုတော့ ကြာကြာခန့်ထားနေစရာ ဘာအကြောင်းမှမရှိဘူး၊ ကေန်းသေရင် ငွေပေါ်လိမ့်မယ်၊ ဘယ်သူ့မှ ဆွဲမထားဘူး၊ အိုးစည်ဗုံမောင်းနဲ့တောင် ကပြီး ထုတ်လိုက်ဦးမယ်. . . သိလား"

ဝန်ထမ်းတွေရဲ့ ခေါင်းတွေက လုံးဝကိုထောင်မလာကြ





တော့ဘူး။ အကုန်လုံး ဖက်ကျိုးကျသလိုမျိုး ငုံ့သွားကြတယ်။ စာရင်းစာအုပ်နဲ့ မျက်နှာနဲ့ငုံ့ကပ်သွားကြတာများ စာတွေရော မြင်ကြသေးရဲ့လားမသိပါဘူး။ ဥမ္မာဏီလည်း တုန်ချီတုန်ချိနဲ့ ရုံးခန်းထဲကိုပြန်ဝင်သွားတယ်။

"ဘယ်လို. . . ငါ့ကိုအောင်သွယ်ပေးဦးမလို့၊ ဟုတ်လား၊ မလိုပါဘူးအေ၊ နင်သာ လင်လိုချင်လွန်းလို့ ကုန်းပေါ်တင်နေတဲ့ ငါးရံ့လို ဖျပ်ဖျပ်လူးနေတာ၊ အဲဒီတော့ ကိုယ့်ဖို့ကိုပဲရှာ၊ ဟုတ်ပြီလား"

ဒါကကျတော့ အောင်သွယ်ပေးမယ်ဆိုတဲ့ ငွေ၊ မိုး၊ ဆောင်းအုပ်စုကို ပြန်ပက်လိုက်တာ။ ဒင်းလေးတို့ကလည်း သိတယ်။ မကြားသလိုလိုနဲ့ ဘာမှမဖြစ်သလိုလို နေပြကြတယ်။ ဒါပေမယ့် သူတို့တွေကောင်းကောင်းကြားတယ်ဆိုတာ ကေသီဗလမင်းဒင်က သိပြီးသား။ ဒီတော့ စိတ်ထဲမှာ ကျိတ်ပျော်နေလိုက်တာများ ထိပေါက်သလိုပါပဲ။

ဒါပေမယ့် သူမအပျော်က သိပ်တော့ကြာကြာမခံလိုက်ပါဘူး။ သူမက အဲဒီလို အမြင်ကတ်ကတ်နဲ့ တစ်ယောက်ပြီးတစ်ယောက်ကို အားရပါးရ ရွဲ့စောင်းပြန်ပက်နေတုန်းမှာပဲ သူမရဲ့ဖုန်းက အခုမှတကယ်ဖုန်းတစ်ကော အစစ်ဝင်လာပြီး ဖုန်း ringtone သံက ထွက်ပေါ်လာတော့တယ်။ ကေသီဗလမင်းဒင်ရဲ့ ခန္ဓာကိုယ်က တုန်ခနဲ။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်အို

ဝန်ထမ်းတွေကလည်း ဇဝေဇဝါနဲ့ ခေါင်းထောင်ကြည့်လာကြတယ်။ သွားပြီ။ ဖုန်းကို silent လုပ်မထားမိတော့ အခုမှ အရှက်ကွဲရပြီ။

သူမက ဝန်ထမ်းတွေကို တစ်ချက်ဝေ့ဝဲကြည့်လိုက်မိတယ်။ လက်ထဲမှာ ကိုင်ထားတဲ့ဖုန်းက အသံကုန်ဟစ်ကာအော်နေတုန်း။ နောက်တော့ ကြံရာမရတဲ့အဆုံး ဟန်ကိုယ့်ဖို့ ဆိုတဲ့စကားနဲ့အညီ ချောင်းတစ်ချက်ဟန့်လိုက်ရင်းက. . .

"ဩော်. . ဖုန်းကလည်း၊ အခုမှပြောပြီးကာရှိသေးတယ်၊ နောက်တစ်ယောက်က ထပ်ဝင်လာပြန်ပြီ၊ အဲအားနေရတယ်လို့ကို မရှိဘူး"

ဆိုပြီး ဖုန်းကို ဖွင့်နားထောင်လိုက်တယ်။

"ဟယ်လို"

ပြောလည်းပြော ခြေထောက်တွေကလည်း သူမရဲ့ရုံးခန်းထဲကို ခပ်သွက်သွက်လျှောက်ဝင်လာခဲ့လိုက်တော့တယ်။ အထဲရောက်တော့လည်း သူမအပြင်မှာရှိနေတုန်း အထဲမှာ facebook ခိုးသုံးနေဟန်ရှိတဲ့ ဥမ္မာဏီက သူမဝင်လာတော့ လန့်ဖျပ်ပြီး ဖုန်းတွေဘာတွေကို လွှတ်ကျလို့. . . ။



"အဟား. . . ဟား. . . ဟား. . ."

"အဟီး. . . ဟီး. . . ဟီး. . ."

"အဟက်ဟက်. . . ဟက်. . ."

"ခစ်ခစ်. . . ခစ်ခစ်"

လက်ဖက်ရည်ဆိုင်လေးထဲမှာ ရယ်သံမျိုးစုံက လျှံကျလာတယ်။ ဒီအချိန်က သူတို့တွေရဲ့အတင်းတုပ်ချိန်. . . အဲ. . . tea time ပါ။

"ရယ်ရတာကွာ၊ ဖုန်းပြောချင်ယောင်ဆောင်နေတုန်းမှာမှ သူ့ဖုန်းကြီးက ဝင်လာတာ၊ အပျိုကြီးမျက်နှာကြီးရဲတွတ်သွားတာများ ခရမ်းချဉ်သီးတစ်လုံး ဧရုပ်ဆော့ပုလင်းထဲ ပြုတ်ကျသွားတဲ့အတိုင်းပဲ. . . ဟားဟား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးလူဝကြီးစကားအဆုံး ရယ်သံတွေက ထွက်လာပြန်တယ်။ ဒေါ်တဆုပ်က ဘေးပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ရင်း. . .

"ဟဲ့ဟဲ့. . . တိုးတိုးသက်သာလုပ်ကြ၊ ညောင်သီးလည်းစား၊ လေးညို့သံလည်းနားထောင်ဦး၊ MD ဒီနေ့ငါတို့ကို ရွဲ့စောင်းပြီးပြောနေတယ်ဆိုကတည်းက ငါတို့ပြောတဲ့စကား MD နားထဲကို ရောက်လို့ပဲမဟုတ်ဘူးလား၊ ဒီတစ်ခါဆိုရင်တော့ အားလုံးအလုပ်ပြုတ်လိမ့်မယ်၊ သတိထားကြ"

"ဘာပဲဖြစ်ဖြစ်ပါ ဒေါ်တဆုပ်ရယ်၊ ကျွန်တော်ကတော့ ဒီနေ့ အပျိုကြီးပြောတဲ့စကားတစ်ခွန်းကို သိပ်ရယ်ချင်တာပဲ၊ ပြောရင်းနဲ့တောင် ရယ်ချင်လာပြီ၊ ပေါလွန်းလို့ ခါချနေရတယ်ဆိုတာလေ၊ ဟီးဟီး. . ."

"သဲတွေ ဖုန်တွေနေမှာပေါ့ ဦးလူဝကြီးရဲ့ ခစ်ခစ်"

"ဘယ်ကလာဟုတ်ရမှာလဲ. . . ခေါင်းပေါ်က ဗောက်တွေနေမှာပါဆောင်းရယ်"

"မဟုတ်ပါဘူး. . . နွေလည်းမှားတယ်၊ ဆောင်းလည်းမှားတယ်၊ အပျိုကြီးက ချိုင်းချွေးစော်နံလို့ ယင်အုံနေတာနေမှာပေါ့"





"မဟုတ်ပါဘူးကောင်မလေးတွေရယ်၊ နင်တို့အပျိုကြီးမမခါချနေရတာက သူ့ခေါင်းကနေ ပခုံးပေါ် ကျွတ်ကျွတ်ကျနေတဲ့ ဆံပင်ဖြူတွေပါ. . . ဟားဟား. . ."

ဦးလူဝကြီးစကားအဆုံး တစ်ဝိုင်းလုံးမှာရှိတဲ့လူတွေ တသောသောနဲ့ ပွဲကျသွားကြပြန်တယ်။

အဲဒီလိုပါပဲ။ ကေသီဗလမင်းဒင်ရဲ့ အကူအညီတောင်းစေခိုင်းမှုနဲ့ သူတို့ဘေးကဝိုင်းမှာ အသံဖမ်းစက်တစ်လုံးနဲ့ ရောက်ရှိနေတဲ့ ကြည်သာခင်ကလည်း တစ်ယောက်တည်းကျိတ်ကာ ပွဲတွေကျလို့။



www.burmeseclassic.com

www.burmeseclassic.com





အသံဖမ်းစက်ထဲက ထွက်လာတဲ့အသံတွေကို နားထောင်အပြီးမှာတော့ ကေသီဗလမင်းဒင်ဟာ ဘာမှမစားပါဘဲ ရင်ဘတ်ထဲမှာ နင်နေရတယ်။

“သူတို့တွေက အခုထိ လေသံမပြောင်းသေးဘူးကိုး၊ တွေ့မယ်တွေ့မယ်၊ ငါနဲ့တွေ့ဦးမယ်”

“တွေ့မနေပါနဲ့တော့ ဗလရယ်၊ နင်ဘာလုပ်လုပ် သူတို့ကတော့ လေသံပြောင်းလာမှာမဟုတ်ဘူး၊ ပြီးရင် နင်ပဲခံရတာမဟုတ်လား၊ နင်. . . သူတို့ပါးစပ်တွေကို ပိတ်သွားစေချင်ရင် လုပ်ရမှာတစ်နည်းပဲရှိတယ်”

“ပြောစမ်းပါဦး၊ ငါက ဘာလုပ်ရမှာလဲ”

“ယောက်ျားယူလိုက်လေ”



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ၊ နောက်ဆုံးတော့လည်း ဒီဘူတာပဲ ဆိုက်တာပဲ"

"တကယ်ပြောတာ၊ သူတို့စိတ်ထဲမှာစွဲနေတဲ့ နင့်ဂုဏ်ပုဒ် ဇီဇာကြောင် အပျိုကြီးဆိုတာကို ဖျောက်ချင်ရင်တော့ နင် ယောကျ်ားယူလိုက်ဖို့ တစ်နည်းပဲရှိတယ်"

"မယူပါဘူး. . . ဘာလို့ယူရမှာလဲ၊ အဲဒီအစွဲကို ငါမရ ရအောင် ချွတ်မယ်၊ အေး. . . မရရင်လည်း ဖြစ်တယ်၊ ငါ့ကို အဲဒီလိုပြောတဲ့လူတွေအကုန်လုံးကို တစ်ယောက်မကျန် အလုပ်ဖြုတ်ပစ်မယ်၊ ဘာခက်တာမှတ်လို့. . . ဟွန်း"

ပြောပြီး ကေသီဗလမင်းဒင်က လက်ထဲက အသံဖမ်းစက်ကို နောက်တစ်ခေါက်ထပ်ဖွင့်နားထောင်ပြန်တယ်။ စိတ်တိုတယ်လည်းပြောသေး။ ခဏခဏလည်း ပြန်နားထောင်နေတာများ အလွတ်တောင်ရတော့မယ်။

ကြည်သာခင်ကတော့ ကေသီဗလမင်းဒင်ကိုကြည့်ရင်း ခေါင်းတရမ်းရမ်း။



## အပျိုကြီးခံယူချက် (၃)

ယောကျ်ားတစ်ယောက်ကိုယူမှ...

ဇီဇာကြောင် အပျိုကြီးဆိုတဲ့

အငေါ်တူးခံဘဝက လွတ်မယ်ဆိုရင်...

တစ်သက်လုံး အပျိုကြီးပဲ လုပ်လိုက်မယ်

လဲရမှာ မတန်ဘူးထင်လို့...





www.burmeseclassic.com

www.burmeseclassic.com

အကျႌဆိုင်တစ်ခုထဲက အထွက်မှာတင်ပဲ မျှော်လင့်မထားတဲ့ လူတစ်ယောက်ကိုတွေ့လိုက်ရတော့ ကေသီဗလမင်းဒင်ရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားရကာ ရင်ထဲမှာလည်း ဒိန်းခနဲဆောင့်ခုန်သွားရတယ်။ ဟင့်အင်း. . . မဟုတ်သေးဘူး။ ဒါရင်ခုန်တာမဟုတ်ဘူး။ ရင်တုန်သွားရတာ။

"ဟာ. . . ကေသီ"

သူကလည်း သူမကိုမြင်တော့ တအံ့တဩ။ သူမကလည်း အယောင်ယောင်အမှားမှားနဲ့ပဲ. . .

"ဩော. . . ဇင်ယော်"

သူက တစ်ချက်ပြုံးလိုက်ရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှဟုတ်ရဲ့လားလို့၊ အဝေးကြီးကတည်းက ကြည့်နေတာ၊ နင်တောင်အတော်လေးပြောင်းလဲသွားပြီနော်၊ တကယ့်ကို မိန်းမကြီးစတိုင်လ်ပေါက်နေပြီ"

ဇင်ယော့်စကားက ကေသီဗလမင်းဒင်ကို ရင်ဘတ်တည့်တည့် ဖနောင့်နဲ့ အပေါက်ခံလိုက်ရသလို အောင့်မျက်သွားစေတယ်။ ဟင်း. . . လာသေးတယ်။ ဒင်းကမှ တကယ့်ကို အဖိုးကြီးအိုရုပ်ထွက်နေတာ။

စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ်ပြောလိုက်မိပေမယ့် အပြင်ဘက်မှာတော့ ဘာမှမဖြစ်သလိုဟန်လေးနဲ့. . .

"နင်. . . ဘယ်တုန်းက ပြန်ရောက်လဲ"

"တစ်ပတ်လောက်ရှိပြီ၊ ငါ့မိန်းမမီးဖွားဖို့ ပြန်လာတာလေ၊ သူက မိဘတွေရှိတဲ့ မြန်မာပြည်မှာပဲ မီးဖွားချင်တယ်ဆိုလို့၊ ဟိုမှာလေ ငါ့မိန်းမ"

သူက အကျီဆိုင်တစ်ခုထဲမှာ အဝတ်အစားရွေးနေတဲ့ မိန်းမဖြစ်သူကို မေးငေါ့ပြတယ်။ ပြီးတော့မှ စကားကိုဆက်တယ်။ သူ့မိန်းမဗိုက်က နေ့စေ့လစေ့မှန်းသိသာစွာ အတော့်ကိုပဲပူနေပါပြီ။

"နင်တို့အိမ်နားတောင် ရောက်သေးတယ်၊ ဒါပေမယ့် နင့်ကိုမတွေ့လို့"





"ဪ. . . အင်း၊ ငါက အိမ်ခွဲနေနေတာ"

"ဟာ. . . ဟုတ်လား၊ ဒါဆိုအိမ်ထောင်ကျနေပြီပေါ့"

သူမေးလိုက်ပုံက တကယ့်ကို တအံ့တဩဟန်နဲ့ဆိုတော့ သူမတောင်ကြောင်သွားရတယ်။ ဘာလဲ. . . ဘာဖြစ်တာလဲ။ သူ့ပုံစံက သူမအိမ်ထောင်ကျသွားခြင်းဆိုတဲ့ ဖြစ်ရပ်ကို ကမ္ဘာ့အထူးဆန်းဆုံးဖြစ်ရပ်တစ်ခုလို အံ့ဩသွားတာပါလား။ ဒါဆို ဒင်းက ကိုယ့်ကို ဘယ်တော့မှ အိမ်ထောင်ကျမယ့်သူမဟုတ်ဘူးလို့ ယူဆထားတာလား။ ဟား. . . ရယ်ရချေသေးတော့။ ဒင်းက အဲဒီလိုထင်ရအောင် ကိုယ်က ဘာများဖြစ်နေလို့လဲ။ ကိုယ့်မှာလည်း ကိုယ့်ဂုဏ်၊ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် တင့်တယ်နေတဲ့မိန်းမတစ်ယောက်ပဲဟာ။ ဘာဖြစ်လို့အိမ်ထောင်မကျနိုင်ရမှာလဲ။

စိတ်ဇ်‌ ၄ အတော့်ကိုပဲ အတွေးနဲ့ချဉ်သွားရပေမယ့် သူမက မချိပြုံးလေးသာပြုံးပြနိုင်လိုက်ရင်း. . .

"မကျသေးပါဘူး၊ ငါတစ်ယောက်တည်းလွတ်လွတ်လပ်လပ်နေချင်လို့ ခွဲနေနေတာပေါ့"

"ဪ. . . ဟားဟား. . . ဒါဆို. . . အခုထိ အပျိုကြီးပဲရှိသေးတာပေါ့၊ ငါ့ကိုမရလိုက်လို့ ဘယ်ယောကျ်ားကိုမှ ထပ်မချစ်နိုင်တော့တာတော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်၊ နင့်လိုကောင်ကိုများ ငါက. . . ဟင်းဟင်း ဟင်းဟင်း. . . နင့်လိုကောင်ကိုငါက အီအီးတောင်မကုန်းဘူး၊ သိလား. . . ဟွန်း"

သူမက ပြောလည်းပြော ဒင်းရဲ့ရင်ဘတ်ကိုလည်း ဆောင့်တွန်းပစ်လိုက်တော့ ဒင်းခမျာ ကြမ်းပြင်ပေါ်ကို ရုပ်ပျက်ဆင်းပျက် ပက်လက်လန် လဲကျသွားတော့တယ်။

ဒါပေမယ့်. . .

အဲဒီစကားလုံးတွေနဲ့ လုပ်ရပ်ဟာ သူမရဲ့စိတ်ကူးထဲမှာပဲဖြစ်ပြီး တကယ့်အပြင်လက်တွေ့မှာတော့(စိတ်ထဲမှာတော့ အတော့်ကိုပဲ အော်ဂလီဆန်၊ မခံမရပ်နိုင်ဖြစ်၊ ဆတ်ဆတ်ခါနာသွားရပေမယ့်လို့) တစ်ချက်ရယ်သွမ်းသွေးလိုက်ရင်းက. . .

"နင်ကလေ. . . အခုထိကိုပဲ နော[illegible]တ်ပြောင်တတ်တုန်း၊ အဟင်း. . . ငါက လွတ်လွတ်လပ်လပ်နေချင်သေးလို့ပါ"

"နေချင်သေးလို့ပါဆိုတော့ ယူဖို့အစီအစဉ်တော့ရှိတယ်ပေါ့၊ အဲဒီသဘောလား"

သူ့စကားအဆုံး သူမက မျက်နှာကိုမော့ချီထားလိုက်ရင်း သူ့မျက်နှာကိုလည်း စူးစူးစိုက်စိုက်ကြည့်ပေးလိုက်ကာ. . .





"ဒါပေါ့၊ တစ်ချိန်ချိန်မှာတော့ ယူမှာပေါ့၊ သေချာပေါက်ကို ယူမှာ"

"ဟုတ်လား. . . တွေ့ထားပြီလား"

"ဒါပေါ့၊ ငါက ချင်ပန်ဇီမျောက်မှ မဟုတ်တာ၊ ဒီအရွယ်ရောက်မှတော့ အမြီးပေါက်ပြီပေါ့"

"တကယ်! ငါ့ကိုလည်း မိတ်ဆက်ပေးဦးလေ"

"ဆက်ပေးမှာပေါ့၊ ကြုံ. . . ကြုံတဲ့အခါမှ"

"ဟာ. . . နင်ကလည်း၊ ကြုံမှလုပ်မနေပါနဲ့၊ ငါတို့နှစ်တွဲ တစ်ရက်လောက်ဆုံပြီး ထမင်းစားကြမယ်လေဟာ"

"အမ်!"

အခုမှ ခက်ချေပြီ။ ကိုယ်က ဒင်းကိုမခံချင်စိတ်နဲ့ ပါးစပ်ထဲရှိတာကို လျှောက်ပြောလိုက်မိတာ။ တကယ့်တကယ်တမ်းက ကိုယ့်မှာလက်ဆုပ်လက်ကိုင်က ပြစရာမရှိ။ အို. . . ဘာဖြစ်လဲ၊ နောင်ခါလာ နောင်ခါချေး။ အခုလောလောဆယ် ဒင်းရှေ့မှာ ကိုယ့် role ကိုယ် မြှင့်ထားဖို့လိုတယ်မဟုတ်လား။ ဒါနဲ့ပဲ. . .

"ဪ. . . အင်း၊ ကောင်းသားပဲ၊ တွေ့တာပေါ့"

လုပ်ချပစ်လိုက်တယ်။ အထင်သေးတော့ မခံနိုင်ပေါင်။ ဒင်းဖြစ်နေလို့ကို ပိုပြီးတော့ အထင်သေးမခံနိုင်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကျို

"အိုခေ. . . ဒါဆို ငါ့မိန်းမနဲ့တိုင်ပင်ပြီးရင် နင့်ဆီကိုငါဖုန်းဆက်လိုက်မယ်လေ၊ နင့်ဖုန်းနံပါတ် ငါ့ကိုပေးထားဦး"

သူမက သူမလိပ်စာကတ်ကို ထုတ်ပေးလိုက်တယ်။ သူက လိပ်စာကတ်ကို တစ်ချက်မျှကြည့်လိုက်ပြီးနောက်. . .

"အိုခေ. . . ငါစီစဉ်လိုက်မယ်နော်၊ ဟုတ်ပြီလား"

"အိုခေ. . . ဒါဆို ငါသွားတော့မယ်နော်"

"အင်း"

သူမက ကိုယ့်လမ်းကိုယ် ဆက်လျှောက်လာခဲ့လိုက်တယ်။ ဒီနေ့တော့ ဂြိုဟ်ဆိုးဝင်တာပါပဲ။ ဒင်းနဲ့ဆုံမယ်မှန်းသာသိရင် ဒီကို မလာပါဘူး။ အခုတော့ စကားတွေပါ ကျွံကုန်ပြီ။ ကိုယ့်မှာက ဘာ အတွဲမှလည်းရှိတာမဟုတ်။ ဟား. . . ခက်ပြီ။

အို. . . ဘာဖြစ်လဲ။ လောလောဆယ် ကိုယ်က အပေါ်စီးက နေပြထားဖို့လိုနေတာပဲဟာ။ ကျန်တဲ့ကိစ္စတွေက မီးစင်ကြည့်က လို့ရပါတယ်။ နောင်ခါလာနောင်ခါချေးပေါ့။



သူမက နောင်ခါလာနောင်ခါချေးဆိုပြီး ပေါ့တီးပေါ့ပျက် လုပ်နေလိုက်သော်လည်း အဲဒီနောင်ခါလာနောင်ခါချေးက သိပ်မကြာခင်မှာပဲ တကယ်ကြီးကိုရောက်လာတဲ့အခါမှာတော့ သူမဟာ မျောက်မီးခဲဖင်ခုထိုင်မိသလို တောင်ပြေးရတော့မလို၊ မြောက်ပြေးရတော့မလို ဖြစ်ရတော့တာပဲဖြစ်ပါတယ်။

"လာမယ့်စနေနေ့. . . ငါတို့နှစ်တွဲ ထမင်းဆုံစားရအောင် လေဟာ"

ဆိုတဲ့ ဇင်ယော့်ဆီက ဖုန်းဆက်လာအပြီးမှာတော့ သူမဟာ ကိုယ့်မှာတကယ်မရှိတဲ့ ချစ်သူရည်းစားကို ဘယ်ချောင်ကသွားပြီး ကုပ်ဆွဲထုတ်ပြလိုက်ရမှန်းလည်းမသိ။ အခုမှ. . .

"ငါက နင့်ကိုနောက်တာပါဟာ၊ ငါ့မှာဘာရည်းစားမှမရှိပါဘူး၊ ငါက တစ်သက်လုံးအပျိုကြီးလုပ်မှာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြန်ပြောင်းပြောလို့ကလည်း မရတော့။ ပြောလို့ရတယ်ဆိုရင်တောင်မှ ဒင်းရှေ့မှာတော့ အဲဒီလိုမပြောချင်ပေါင်။ သူ့ကိုမျှော်လင့်နေသေးတယ်ဆိုတဲ့ အဖြစ်မျိုးကိုတော့ အရောက်မခံနိုင်ပါဘူး။ တကယ်လည်း မျှော်မှမျှော်လင့်မနေတော့တာပဲဟာ။ ဒု,သ,န,သော ဆိုတာကလည်း ရှိသေးတယ်မဟုတ်လား။ အို. . . အဲဒီဒု,သ,န,သော ဆိုတဲ့အဆင့်ကိုတောင် တွေးနေစရာမလိုပါဘူး။ ဒင်းအိမ်ထောင်ပြုသွားပြီးကတည်းက ကိုယ့်ဘဝထဲမှာ ဇင်ယော်ဆိုတာလည်း မရှိတော့ဘူး။ လဒ(လင်းတ)ဆိုတာလည်း မရှိတော့တာကိုယ်သာအသိဆုံး။ အဲဒီတော့ ဒီအသိကို ဒင်းလည်းသိဖို့ လိုအပ်တယ်မဟုတ်လား။

အဲဒီလိုနဲ့ ဘယ်လိုမှ မကြံတတ်တဲ့အဆုံးမှာတော့ တစ်ခုခုဆိုရင် အကူအညီရတတ်တဲ့ ကြည်သာခင့်ဆီကိုပဲ သူမက အပြေးအလွှားအပူကပ်ရတော့တာပါပဲ။ ကြည်သာခင့်ဆီအရောက်မှာတော့ သူမ ရလိုက်တဲ့ အဆိုပြုချက်က တစ်ခုတည်းရယ်ပါ. . .။

"ဘာခက်တာမှတ်လို့ဟယ်၊ နင့်ဆီမှာမစစ်မရှိတော့လည်း အတုရှာလိုက်ပေါ့"

"အတု!"

"အင်းလေ၊ နင့်အသိထဲက တစ်ယောက်လောက်ကိုအကူအညီတောင်းပြီး ခေါ်သွားလိုက်ပေါ့"





"အာ. . . မလုပ်ချင်ပါဘူး၊ ပေါ်သွားရင် ရှက်စရာကြီး"

"ဒါတော့ မပေါ်အောင် ဇာတ်ကြိုတိုက်ထားပေါ့ဟဲ့၊ နင်က လေကြီးထားပြီးတော့ တကယ်ခေါ်မသွားနိုင်မှသာ ပိုပြီးအရှက်ကွဲမှာသိရဲ့လား"

"ဒါပေမယ့် ငါ့အသိထဲမှာတော့ တွဲချင်စရာ တစ်ယောက်မှမရှိဘူး၊ ပြီးတော့ ရှိရင်တောင်မှ ဟိုင့်ကောင်(ဇင်ယော်ကိုဆိုလိုသည်)နဲ့ပါ သိတဲ့လူတွေချည်းပဲ၊ ဘယ်လိုမှအဆင်မပြေနိုင်ဘူးဟဲ့"

"ကဲ. . . အဲဒီလောက်ဖြစ်နေရင်လည်း ငါရှာပေးမယ်၊ ဟုတ်ပြီလား၊ ငါ့အသိတွေထဲက နည်းနည်းလေးထုတ်ပြလို့ကောင်းမယ့်လူမျိုး ငါရှာပေးမယ်"

"နိုတ်. . . နိုတ်လုံမယ့်လူမျိုးတော့ ကြည့်ရှာနော်၊ တော်ကြာ ဒင်းက နှုပ်ဖွာတတ်နေရင် အခက်"

"အေးပါဟယ်၊ ဒီလောက်တော့ ငါလည်းတွေးမိပါတယ်"

"ပြီးတော့ရှိသေးတယ်၊ ဗိုက်မပူစေနဲ့၊ ထိပ်လည်းမပြောင်စေနဲ့၊ အလုပ်အကိုင်ကလည်း တတ်နိုင်သမျှ မြင့်ပါစေ၊ ဟိုင့်ကောင်(ဇင်ယော်)နဲ့ ဘယ်နေရာပဲယှဉ်ကြည့်ကြည့် သာနေတဲ့လူမျိုးဖြစ်ဖို့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်လေး. . . အပျိုကြီးမမရယ်၊ တောင်းဆိုချက်တွေကလည်း များလိုက်တာ၊ ဇီဇာကြောင်တယ်ပြောတော့လည်း မကြိုက်ဘူး၊ ကူညီပေးမယ့်သူပဲ ရပါစေဦး၊ တကယ်လို့ ရလာရင်တောင်မှ တွေ့တဲ့အခါ နင့်အချိုးတွေ၊ လေသံတွေကို ပြင်ထား၊ ဒါမှ ကူညီပေးမယ့်သူ ထွက်မပြေးမှာ"

"အေးပါဟယ်၊ အဆင်ပြေတဲ့သူမျိုးရရင် ငါ့ကုမ္ပဏီက လူတွေရှေ့မှာပါ တစ်ခါလောက်လက်တွဲပြီး လျှောက်ပြလိုက်မယ်၊ ဒါမှ ဒင်းတို့ပါးစပ်တွေပါ ပိတ်သွားမှာ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်လေ၊ မမိုက်ဘူးလား"

"ဟင်း. . . ဒါမျိုးကျတော့ ဖြစ်တယ်၊ အတည်ယူပါဆိုတော့ကျ မယူဘဲနဲ့"

ကြည်သာခင်က သူမကိုကြည့်ကာ ပွစိပွစိရေရွတ်တယ်။ သူမကတော့ လာမယ့်စနေနေ့မှာ အဆင်ပြေချောမွေ့စွာ ထုတ်ပြနိုင်မယ့်. . . ဇင်ယော်ဆိုတဲ့ငှက်ကောင်မြင်လိုက်တာနဲ့ ဖျားသွားလောက်မယ့် ယောကျာ်းသားတစ်ယောက်လောက် ကိုယ့်ဘေးမှာရှိနေပါစေလို့ပဲ ဆုတောင်းနေမိတော့တယ်။



သူငယ်ချင်းမ ကြည်သာခင်ထိုးပေးလာတဲ့ ဓာတ်ပုံထဲက လူကိုအတွေ့မှာတော့ ကေသီဗလမင်းဒင်ရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားရတော့တယ်။ ကြည့်စမ်းပါဦး။ ကောင်လေးက နုဖတ်ချောမွေ့နေလိုက်တာများ။ အသားအရေလေးက ဖြူဝင်းနေကာအရပ်ကလည်း အတော်လေးရှည်မယ့်ပုံပါပဲ။ ဘော်ဒီကလည်း မလှုလှအောင် တမင်တကာကို ကြိုးစားပမ်းစား ကစားယူထားတာအသိသာကြီး။ ပြီးတော့ အသက်။ အသက်ကလည်း အလွန်ဆုံးရှိလှနှစ်ဆယ်ကျော် စွန်းစွန်းလောက်ပဲရှိတော့မှာပေါ့။ ဒီကောင်လေးနဲ့သာတွဲသွားလို့ကတော့ ကိုယ့်ရဲ့အိုစာမှုတွေက(ရှိရင်းစွဲထက်ကို) ပိုပြီးတော့ ပေါ်လွင်နေမှာမလွဲ။ ပြီးတော့ ဒီကောင်လေးဟာ ကိုယ့်ချစ်သူပါဆိုတာကို ဟိုဇင်ယော်ကောင်နဲ့ ကိုယ့်ကုမ္ပဏီက လူတွေကယုံပါလိမ့်မယ် အားကြီးကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . နင်ပြောတဲ့ နင့်မောင်ဝမ်းကွဲဆိုတာ သူလား၊ အောင်မယ်လေးဟယ်၊ ငယ်ငယ်လေးရှိသေးတာ၊ ငါသာ သူနဲ့တွဲသွားလို့ကတော့ ကုမ္ပဏီကလူတွေက ငါ့ကိုယုံကြပါ့မလားဟဲ့၊ ပြီးတော့ ဟိုအကောင်ကရော ယုံမှာတဲ့လား၊ ယုံတယ်ပဲထားဦး၊ ကလေးကိုမုန့်ပေးကြိုက်တယ်ဆိုပြီးတော့ ငါ့ကိုဝိုင်းဟားကုန်ကြမှာပေါ့ ကြည်သာရဲ့. . . စိတ်ညစ်ပါတယ်"

"မငယ်တော့ပါဘူးဟယ်၊ သူ့အသက်က နှစ်ဆယ့်သုံးနှစ်ရှိပြီ"

"နှစ်ဆယ့်သုံးနှစ်၊ ဟုတ်လား၊ ငါ့ထက် ကိုးနှစ်ကြီးများတောင် ငယ်တယ်ဟဲ့၊ ငါက ဒီလိုနို့နံ့တောင် မစင်သေးတဲ့ကလေးနဲ့ တွဲစရာလား၊ ငါ့အဆင့်အတန်း. . ."

သူမက စကားတောင်မဆုံးသေးဘူး။ ကြည်သာက ရုတ်တရက် ခွက်ထိုးခွက်လန်အော်ရယ်လိုက်တဲ့အခါမှာတော့ ပြောမယ့်စကားက တန့်သွားရရင်း ဒေါ်ဘီကိုလည်း တစ်ချက်ကြည့်ရသေးကာ. . .

"ဟဲ့. . . နင်က ဘာကိစ္စရယ်တာလဲ၊ ပြီးတော့ တိုးတိုးသက်သာရယ်တာလည်းမဟုတ်ဘူး"





"နင်က ရယ်စရာပြောနေတာကိုး၊ ရယ်မှာပေါ့"

"ငါပြောလိုက်တဲ့စကားထဲမှာ ဘာရယ်စရာပါလို့လဲ"

"နို့နံ့မစင်သေးဘူး ဆိုတဲ့စကားကို ရယ်ချင်လို့ပါဟယ်၊ နင်သာ အခုထိမစွံသေးလို့ လူတကာစ,စရာနောက်စရာဖြစ်နေတာ၊ သူက အသက်နှစ်ဆယ့်သုံးနှစ်မှာ ရည်းစားက အသက်ရဲ့နှစ်ဆလောက်တောင် ထားပြီးနေပြီ၊ သိရဲ့လား"

"ဘယ်လို!"

ကြည်သာ့စကားကြောင့် ကြည်သာ့ရှေ့ ပြန်တွန်းပို့ထားတဲ့ ခါတ်ပုံကို ကိုယ့်ဘက်ပြန်ဆွဲယူပြီး ကြည့်မိပြန်တယ်။ ဒီကောင်လေးက. . . ဒီကောင်လေးက. . .။

"ဟုတ်တယ်. . . ဟုတ်တယ်၊ ရည်းစားတွေမှ ဟောတစ်ယောက်၊ ဟောတစ်ယောက်တွဲနေတာ ထမင်းစားရေသောက်နေတဲ့အတိုင်းပဲ"

"ဟာ. . . တော်ပြီတော်ပြီ၊ နင်ပြောမှ ပိုဆိုးသွားပြီ၊ ဒီလောက်ရည်းစားပွေရှုပ်နေတဲ့ လူမျိုးနဲ့ဆို ငါက ပိုပြီးတောင်မှ မတွဲချင်တော့ဘူး၊ မဖြစ်ဘူး၊ မဖြစ်ဘူးဟာ. . . ငါ့ကို အခြားတစ်ယောက်ပဲ ပြောင်းရှာပေး"

"ဟဲ့. . . နင်တွဲရမှာက အတည်မှမဟုတ်တဲ့ဟာ၊ သူ့ဘာသာ ရည်းစားများတာ ဘာဖြစ်တုန်း၊ နင်နဲ့အတည်ယူမှာ



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ၊ ခဏာတဖြုတ် ဟန်ဆောင်ရည်းစားအဖြစ်ပဲ တွဲပြမှာလေ၊ လိုရင်းက ဒါပဲမဟုတ်ဘူးလား”

အဲ. . . ကြည်သာပြောတော့လည်း ဟုတ်သလိုလိုပါပဲ။ ကိုယ်ကများ ပိုပြီးအတွေးချော်နေတာလား။ ဒီတစ်ယောက်ဟာ ကိုယ်နဲ့ တစ်ဘဝလုံးအတွက် အတည်တကျလက်တွဲမယ့်သူမှ မဟုတ်တာနော်။ ဟန်ပဲပြတာ။ အများကြီးတွေးနေစရာတော့ သိပ်မလိုလှပါဘူး။ ဒါပေမယ့်. . . ဒါပေမယ့်လို့. . . ခဏာတဖြုတ်တင်မှာကိုပဲ ကိုယ်နဲ့တွဲမယ့်သူဟာ perfect ကြီး ဖြစ်မနေရင်တောင် perfect လောက်နီးနီးတော့ ရှိနေစေချင်တာ အမှန်ပါပဲ။ အင်း. . . ဒီအတွေးကိုများ ကိုယ့်ကုမ္ပဏီကလူတွေကြားရင် “အဲဒီလို ဇီဇာကြောင်ချေးထူလို့ အပျိုကြီးဖြစ်နေတာပေါ့” လို့ ပြောကြလေဦးမှာ မြင်ယောင်သေးတော့။

“ကဲ. . . ဒေါ်ဗလ၊ ဘာမှဒါပေမယ့်မနေနဲ့၊ ဒီတစ်ယောက်ကိုတောင် ငါ့မောင်မို့လို့ ငါ့စကားအောင်တာနော်၊ အဲဒီတော့ ဘာမှဇီဇာကြောင်မနေနဲ့၊ သူနဲ့တွေ့ကြည့်ပြီးတော့ ညည်းတို့နှစ်ယောက်ညှိကြည့်၊ ဒါမှမဟုတ်သေးဘူးဆိုရင်တော့ ငါလည်း မတတ်နိုင်တော့ဘူး၊ ညည်းဘာသာပဲ ရှာတော့”





ကြည်သာ့စကားအဆုံးမှာတော့ သူမက ဓာတ်ပုံထဲက ကိုယ်တော်ချောကို ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ကြည့်မိပြန်တယ်။ ဘယ်လိုပဲကြည့်ကြည့် ကိုယ်နဲ့သူဟာ အတွင်းအသက်ပိုင်းရော၊ အပြင်ရုပ်ရည်ပိုင်းမှာပါ တော်တော်ကြီးကိုပဲ ကွာဟနေတာပါ။

“ဒါနဲ့မေးပါဦးမယ် ဒေါ်ဗလရယ်၊ နင်. . . သူ့ကို တကယ်ပဲ မမြင်ဖူးဘူးလား”

“သူ့ကိုလား. . . (သူမက ဓာတ်ပုံကိုကြည့်လိုက်ပြန်ရင်း) မမြင်ဖူးပါဘူး၊ ငါနဲ့ဆုံဖူးလို့လား. . .”

“နင်အပျိုကြီးဖြစ်တာ မဆန်းတော့ပါဘူး ဒေါ်ဗလရယ်၊ ငါ့မောင်က ခုတလော ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ပါနေပြီလေဟယ်၊ နင်ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ မဖတ်ဘူးလား”

“မဂ္ဂဇင်းတော့ မဖတ်ဘူး၊ ဂျာနယ်တွေတော့ ဖတ်ပါတယ်၊ ဒါပေမယ့် သူ့ကို ငါမမြင်ဖူးပါဘူး”

“နင်သတိမထားမိလို့ နေမှာပေါ့၊ ငါ့မောင်က (. . .)က လုပ်တဲ့ Man Hunt ပြိုင်ပွဲမှာ ဆုရထားတာဟဲ့၊ ကြော်ငြာတွေတောင် နှစ်ခုလား၊ သုံးခုလားမသိဘူး၊ ရိုက်ထားပြီ၊ လွှင့်တော့ မလွှင့်သေးဘူး၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာတော့ တော်တော်လေးနေရာရ လူသိလာပြီ၊ နင်သာမသိသေးတာ၊ သူက မင်းသားသိပ်ဖြစ်ချင်တာလေ၊ သူ့အိမ်က သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို နိုင်ငံခြားမှာ Hotel Management သွားတက်စေချင်တာ၊ အဲဒါသူက မသွားတော့ အိမ်နဲ့ကျိုင်တက်တာပေါ့ သူကတော့ သူ့ဝါသနာပါတာပဲလုပ်မယ်ဆိုပြီး အိမ်ပေါ်ကကို ဆင်းချလာတာဒေါ်ဗလရေ၊ အခုအဆောင်မှာနေတယ် အဖြစ်က အဲဒီလို"

ဓာတ်ပုံကို ကြည့်လိုက်မိပြန်တယ်။ မင်းသားရုပ်တဲ့လား။ အင်း. . . ရုပ်ကတော့ မင်းသားရုပ် ပေါက်ရှာပါတယ်လေ။ ဒီတော့မှ သူမက သူ့နာမည်ကို သွားသတိရတယ်။

"ဒါနဲ့ သူ့နာမည် ငါ့ကိုမပြောရသေးဘူးလေ၊ နာမည်ပြောဦး"

"နာမည်က ကိုကိုမိုးစွေတဲ့၊ ကိုယ့်မောင်မို့ပြောတာမဟုတ်ဘူး၊ နာမည်ရော. . . လူရောက အဆိုက်စားပဲ၊ နင်တွေ့ကြည့်လိုက်၊ ငါစီစဉ်ပေးမယ်"

"ကိုကိုမိုးစွေ"

သူမက သူ့နာမည်ကို ခပ်တိုးတိုးရေရွတ်ကြည့်ကာ ဓာတ်ပုံကို ထပ်ကြည့်လိုက်မိပြန်တယ်။ ချစ်တမ်းကစားခြင်းမှာ သူနဲ့ကိုယ် အပေးအယူမျှပါ့မလားကွယ်။



ကေသီဗလမင်းဒင်က သူမရှိရာကို စတိုင်လ်ကျကျလှမ်းလာနေတဲ့ မော်ဒယ်လ်မင်းသားကို မမှိတ်မသုန်ပဲ လှမ်းကြည့်နေမိတယ်။ မော်ဒယ်လ်ဆိုတဲ့စကားနဲ့အညီ လမ်းလျှောက်တာကအစ စတိုင်လ်ကျကာ ကြည့်ကောင်းနေတာ ငြင်းလို့မရ။ အရပ်ကလည်း ဓာတ်ပုံထဲမှာ ကိုယ်ထင်ထားတာထက်ကိုပဲ အပြင်မှာပိုရှည်နေတာပါ။ အသားအရေကလည်း ကြည်လင်ကာ ကြည့်လိုက်တာနဲ့ ရှင်းထွက်နေတာမျိုး။

ဒီကောင်လေးနဲ့ ကိုယ်က တွဲထွက်ရမှာတဲ့လား။ ကိုယ်နဲ့သူဟာ အမေနဲ့သားလောက်များ ကွာဟနေလေမလား။ စိတ်ပျက်ဖွယ်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိတာများ အနားကို သူရောက်လာတာတောင် သတိမထားမိ။

"ကျွန်တော် ကိုကိုမိုးစွေပါ မ"

ဆိုတော့မှပင် လန့်ဖျပ်သွားရကာ. . .

"ဩော်. . . အင်း. . . ထိုင်လေ"

လုပ်ရတော့တာပါ။ ဒါနဲ့ သူက ကိုယ့်ကို ဘယ်လိုများ ခေါ်လိုက်တာပါလိမ့်။ ကိုယ်ပဲ နားကြားမှားတာလား။

"မ, ရောက်နေတာ ကြာပြီလား၊ ကျွန်တော်ဆယ်မိနစ် လောက် နောက်ကျသွားတယ်၊ လမ်းမှာကားတွေကျပ်နေ လို့ပါ"

မ, တဲ့။ ဟုတ်ပါတယ်။ ကိုယ်နားကြားလွဲတာ မဟုတ်ပါဘူး။ သူက ကိုယ့်ကို 'မ' လို့ သုံးနှုန်းလိုက်တာပါ။ 'မမ'တောင်မဟုတ်ဘူး၊ 'မ'လို့တစ်လုံးတည်းကို ခေါ်လိုက်တာ။

အခေါ်ခံနေကျစကားအသုံးအနှုန်း မဟုတ်လေတော့ နား ထဲမှာ ယားကျိကျိနဲ့ဝင်တယ်။ ဒါပေမယ့်. . . အင်း. . . ဘယ်လို ပြောရမလဲ။ ရှိပါစေတော့။ တော်ကြာ စတွေ့တွေ့ချင်းမှာတင်ကို "ဒီအပျိုကြီးနှယ်. . . ခေါ်တာတောင် ဘယ်လိုခေါ်၊ ဘယ်ညာခေါ် နဲ့ လာကန့်သတ်နေတယ်၊ အစိအပေါက်များလိုက်တာ" လို့ ထင် သွားဦးမယ်။





"အင်း. . . ရပါတယ်၊ တစ်ခုခုမှာလေ၊ ဘာသောက်မလဲ"

သူက စားပွဲထိုးလေးကိုခေါ်ကာ အအေးမှာတယ်။ ဒီအချိန် မှာပဲ သူမအကြည့်က ခပ်လှမ်းလှမ်းက စားပွဲဝိုင်းတစ်ခုဆီကို ဘာ ရယ်မဟုတ် ရောက်သွားရတယ်။ ဆယ်ကျော်သက်အရွယ် ကောင် မလေးနှစ်ယောက်က မိမိတို့ဝိုင်းဘက်ဆီကို ကြည့်ရင်း ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ဘာတွေပြောနေသလဲမသိ။ ကိုယ်တို့အကြောင်းကို တစ်ခုခုပြောနေတာတော့ သိသာပါတယ်။ သူတို့အကြည့်တွေက ကိုယ်တို့ဝိုင်းမှာပဲရှိနေတာမဟုတ်လား။ ရဲတင်းပွင့်လင်းမှုကလည်း ကိုယ်က သူတို့ဝိုင်းကို လှမ်းရှုံ့နေမှန်းသိနေတာတောင် ရှိန်သွားတန့် သွားတာမျိုး လုံးဝမရှိ။

အစတော့ စိတ်ထဲမှာ ဘာများလဲပေါ့။ နောက်တော့မှ ကိုယ့်ရှေ့မှာထိုင်နေတဲ့ ကိုယ်တော်ချောဟာ နုတ်ခမ်းနီမလေးတို့ရဲ့ အသည်းကျော်တစ်ယောက်ပါလားဆိုတာကို တွေးယူလို့ရသွား တယ်။ သူနဲ့တွဲနေတဲ့ကိုယ့်ကို ဒင်းတို့တွေ ဘယ်လောက်တောင်များ မရှုစိမ့်နိုင်ဖြစ်ပြီး ကျိန်ဆဲနေလေမလဲမသိ။

"ကြည်သာ့ဆီက ကိုယ်နဲ့ပတ်သက်ပြီး ဘာတွေသိထားပြီး ပြီလဲ"

ဆိုတော့ သူက သူမကို မျက်လုံးတစ်ချက်လှန်ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြုံးတယ်။ ကြည့်စမ်း။ အပြုံးကလည်း တော်တော့်ကို ဆွဲဆောင်မှုရှိတာပါ။ သူ့အပြုံးက နုတ်ခမ်းတွေတင် ပြုံးနေတာမျိုးမဟုတ်။ မျက်လုံးတွေကပါ အရည်လဲ့ကာ လိုက်ပြုံးနေတာမျိုး။ ဒါကြောင့်လည်း မိန်းကလေးပရိသတ်တွေ ရှိနေတာဖြစ်ပါလိမ့်မယ်။ ခက်တာက ကိုယ်ကတော့ သူ့ကို အခုကိစ္စပေါ်လာမှပင် သိတာအမှန်။ ဖျော်ဖြေရေးလောကနဲ့ကိုယ် တော်တော်လေးကိုပဲ အလှမ်းကွာနေခဲ့တာ အခုမှသိရတော့တာပင်။ ကိုယ် တော်တော်လေး အလုပ်သရဲစီးခဲ့တာပဲ။

"တော်တော်များများပေါ့"

"ဘယ်လို! တော်တော်များများ၊ ဟုတ်လား"

ဘုရား. . . . ဘုရား။ ဟိုမိန်းမ။ ကိုယ့်အကြောင်းတွေကို ဘယ်အတိုင်းအတာအထိများ ဒီချာတိတ်ရှေ့မှာ ဖွင့်ထုတ်ထားပါလိမ့်။

"ဘယ်. . . ဘယ်လို အတော်များများလဲ"

သူမက မျက်လုံးပြူးမျက်ဆံပြူးနဲ့မေးတော့ သူကရယ်ပြန်တယ်။ ပြီးမှ. . .

"ဩော်. . . အတော်များများဆိုတာက စကားအရပဲ ပြောလိုက်တာပါ၊ အစ်မကြည်သာပြောပြတာက မရဲ့ အလုပ်





အကိုင်အကြောင်း၊ မိသားစုအကြောင်း၊ မနဲ့သူနဲ့ ငယ်ငယ်က ကျောင်းသားဘဝတုန်းက အဖြစ်အပျက်အချို့အကြောင်း၊ မ,ရင်ခုန်ဖူးတဲ့ လူတစ်ယောက်အကြောင်း၊ အခု အဲဒီလူ့ရှေ့မှာ ရင်ဆိုင်ဖို့အတွက် ကျွန်တော့်ဆီက အကူအညီလိုအပ်ကြောင်း၊ အင်း. . . ဒီလောက်ပါပဲ၊ ဒီလောက်ပါပဲ"

ဘုရား. . . ဘုရား။ ဒင်းပါးစပ်ကသာ "ဒီလောက်ပါပဲ၊ ဒီလောက်ပါပဲ"လုပ်နေပေမယ့် ကိုယ့်အကြောင်းကရော သူပြောနေတဲ့ "ဒီလောက်ပါပဲ"ထက်ပိုပြီးတော့များ ဘာတွေကျန်သေးလို့တုန်း။ ကြည်သာမ. . . တွေ့မယ်၊ တွေ့မယ်။ ဒင်းက အရောက်ပို့ထားတာ။

အဲဒီလို စိတ်ထဲမှာ မရိုးမရွဖြစ်နေပေမယ့်လို့ အပြင်ဘက်မှာတော့ အပြုံးလေးတစ်ခုကို ကောက်တပ်ထားလိုက်ရင်း. . .

"ဩော်. . . အင်းအင်း၊ သိထားပြီဆိုတော့လည်း ကိုယ်တို့ ရှည်ရှည်ဝေးဝေးပြောနေစရာမလိုတော့ဘူးပေါ့၊ ဒါပေမယ့် ကိုယ်သိချင်တာ တစ်ခုတော့ရှိတယ်"

"ဟုတ်. . . မေးပါ , မ"

"မင်းက ကိုယ့်ကို ဘာလို့ကူညီတာလဲဆိုတာ ပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဘာများလဲလို့၊ အဲဒါလား၊ အစ်မကြည်သာက ကူညီပေးဖို့ ပြောလွန်းမက ပြောတာလည်းပါသလို ကျွန်တော်ကလည်း မင်းသားသိပ်ဖြစ်ချင်တာလေ၊ နောင်တစ်ချိန်မှာ သေချာပေါက် မင်းသားလုပ်မယ့်သူ ဆိုပါတော့၊ အဲဒါကြောင့် အပြင်မှာ လက်တွေ့သင်တန်းဆင်းလိုက်တဲ့ သဘောမျိုးပါ။ မ,လည်း အဆင်ပြေ၊ ကျွန်တော်လည်း အဆင်ပြေပေါ့၊ ဟုတ်ဘူးလား"

ဩော်. . . ဩော်. . . တော်တော်ကောင်းတဲ့ ခံယူချက်နဲ့ ကူညီရှာတာကိုး။ ဟင်း. . . စိတ်လျှော့စိတ်လျှော့။ နင့်အဖြစ်က သူသာမကယ်ရင် သေဖွယ်ပဲရှိတယ် ကေသီဗလမင်းဒင်။

ဒီအချိန်မှာပဲ သူမတို့ဝိုင်းဆီကို မလှမ်းမကမ်းမှာထိုင်ပြီး ကွက်ကြည့်ကွက်ကြည့်နဲ့ ဘာတွေပြောနေမှန်းမသိတဲ့ ကောင်မလေးနှစ်ယောက်က တန်းတန်းမတ်မတ်ပဲလျှောက်လာတယ်။ ဒါကို သူက မမြင်သေးဘူး။ ကိုယ်ကသာ စောစောကတည်းက သတိထားမိနေလို့မြင်နေရတာ။ သူကတော့ အနားရောက်မှ သိလိုက်သလိုနဲ့ ကောင်မလေးနှစ်ယောက်ကို မော့ကြည့်တယ်။

"ဟို. . . အစ်ကိုက မော်ဒယ်လ်ကိုကိုမိုးစွေလားဟင့်"

"ဩော. . . ဟုတ်ပါတယ်၊ ကိုယ် ကိုကိုမိုးစွေပါ"

"အား. . . ဟုတ်တယ်ဟဲ့၊ တကယ်တကယ်"





"ဟား. . . ငါမပြောဘူးလား၊ ဟုတ်ပါတယ်ဆို"

ကောင်မလေးနှစ်ယောက်က ဝမ်းသာအားရအော်ဟစ်ခုန်ပေါက်ကာ ငြင်းခုံနေကြသေးတယ်။ ပြီးတော့မှ နှစ်ယောက်သားက အလုအယက်. . .

"ဟို. . . ညီမကို အော်တိုလေးရေးပေးပါလားဟင်၊ ညီမက အစ်ကို့ပရိသတ်ပါ"

"ညီမကိုလည်း ရေးပေးပါနော်၊ ညီမကလည်း အစ်ကို့ပရိသတ်ပါပဲ"

ဆိုပြီး စာအုပ်သေးသေးလေးတွေကို အတင်းကာရော ထိုးပေးတော့တယ်။ သူကလည်း အပြုံးလေးတစ်ခုနဲ့အတူ. . .

"အော. . . ဟုတ်၊ ရေးပေးမှာပေါ့"

ထိုးပေးလာတဲ့ စာအုပ်လေးတွေထဲမှာ စာသားအချို့ရေးပြီး လက်မှတ်ထိုးပေးလိုက်တယ်။ ဒါပေမယ့် သူက ထိုးပေးပြီးပေမယ့် ကောင်မလေးနှစ်ယောက်ကတော့ ပြီးမသွားသေး။ သူမတို့ဝိုင်းနားမှာပဲ ရစ်သီရစ်သီနဲ့ ရပ်နေသေးကာ. . .

"ဟို. . . တစ်. . . တစ်ခုလောက်မေးလို့ရမလားဟင်၊ ညီမတို့နှစ်ယောက် အလောင်းအစားလုပ်ထားလို့ပါ"

တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . မေးပါ၊ ဘာများသိချင်လို့လဲ"

ဆိုတော့ ကောင်မလေးနှစ်ယောက်ရဲ့ အကြည့်က ကိုယ့်ဆီကိုရောက်လာတယ်။ စိတ်ထဲမှာထိတ်ခနဲ။ ထင်လိုက်တာကလည်း ကိုယ်တို့ကို အတွဲဟုတ်မဟုတ်များ မေးတော့လေမလားပေါ့။ ဒါပေမယ့် တကယ့်တကယ်တမ်း ဒင်းလေးတို့ပါးစပ်က ထွက်လာတဲ့ မေးခွန်းကတော့. . .

"ဟို. . . ဒီက အန်တီက အစ်ကို့ရဲ့ အမေလား၊ အဒေါ်လားဟင်. . ."

"အမေ. . . အမေမဟုတ်လားဟင်. . . အစ်ကို"

"မဟုတ်ဘူး၊ အဒေါ်တော်တာ၊ ဟုတ်တယ်မှလားဟင် အစ်ကို"

တဲ့။ သေစမ်း. . . သေစမ်း။ ကိုယ့်ကို သူနဲ့တွဲပြီး ကောင်မလေးနှစ်ယောက်မြင်လိုက်တာက "အမေ" သို့မဟုတ် "အဒေါ်" တဲ့လား။ ဒီနှစ်နည်းပဲ မြင်ပေးလို့ရတယ်တဲ့လား။ ကိုယ်က အဲဒီလောက်တောင် အိုစာနေပြီလား။ အတွေးနဲ့တင် စိတ်ထဲမှာ တင်းလိုက်တာ မပြောပါနဲ့တော့။ နှစ်ယောက်သားကို ဆံပင်မွေးကနေဆွဲပြီး ခေါင်းချင်းဆက်ကာဆက်ကာတိုက်ပေးလိုက်ရင်း. . .





"မိုက်ရိုင်းလှချည်လား၊ ငါက သူ့ရည်းစားဟဲ့၊ သူ့ရည်းစားဟဲ့"

လို့ အော်ပြောပစ်လိုက်တယ်။

ဒါပေမယ့်လို့ စိတ်ထဲမှာသာဖြစ်ပြီး တကယ့်အပြင်မှာတော့ ထူပူခံပြင်းနေတာနဲ့ကို ဘာမှမပြောဖြစ်။ သူကတော့ ဘာမှမဖြစ်သလိုအပြုံးလေးတစ်ခုနဲ့. . .

"ဩော. . . ဘာမှမတော်ပါဘူး၊ ကျွန်တော့်အသိပါ"

တဲ့။ ဒီတော့မှ ကောင်မလေးနှစ်ယောက်လည်း နင်လည်းမမှန်ဘူး၊ ငါလည်းမမှန်ဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ငြင်းခုံတွန်းထိုးရင်း ထွက်သွားတော့တယ်။

ကောင်မလေးတွေ ပျောက်ကွယ်သွားမှ သူ့အကြည့်က သူမဆီကို ရောက်လာတယ်။ သူ့ပုံစံက သူမကိုကြည့်ပြီး အားနာကာရယ်ချင်စိတ်ကို မနည်းကြီးအောင့်အည်းထားရတဲ့ရုပ်မျိုး။ ဒါပေမယ့် ကြာကြာတော့လည်း မအောင့်နိုင်ရှာ။

"ခွိး"

ခနဲ ရယ်သံတစ်ချက်က ကျိတ်ထွက်လာတယ်။ အမလေး. . . ရှက်လိုက်တာ မပြောပါနဲ့တော့။ နေရာမှာတင် အငွေ့ပျံပြီး ပျောက်ကွယ်သွားချင်စိတ်တွေက တဖွားဖွား။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ဆို

သူကလည်း လုံးဝကိုပဲ အောင့်အည်းထားလို့မရတော့လို့သာ အောင့်အည်းထားတဲ့ကြားက တစ်ချက်လျှံထွက်လာတာမျိုးဖြစ်ပြီး သူ့ရယ်သံကိုသူ ပြန်ထိန်းသွားရှာပါတယ်။ ဒါပေမယ့်ကိုယ့်မှာကတော့ ရှက်တာတွေရော၊ ဟိုနှစ်ယောက်က တမင်များ ပညာပြသွားသလားဆိုတဲ့ အတွေးကို အခုမှစဉ်းစားမိကာ ခံပြင်းတာတွေရောပေါင်းပြီး နေမထိထိုင်မသာနဲ့ ခိုးလို့ခုလုဖြစ်နေရတယ်။

ဟင်း. . . ငါ့ကို အရှူးကွက်နဲ့ချွတ်သွားတဲ့ ဟိုနှစ်ယောက်လမ်းသွားရင် လူကြားထဲမှာ စကာတ်ချုပ်ရိုးပြုတ်ပါစေ။ ဓာတ်လှေကားစီးရင်လည်း အီးပေါက်တဲ့လူနဲ့ အတူစီးမိပါစေ။ ဘတ်စ်ကားစီးရင်လည်း လက်သရမ်းတဲ့စပယ်ယာနဲ့တိုးပါစေ။



# အပျိုကြီးတို့ရဲ့ ရပိုင်ခွင့်အချို့

(၁) သူစိမ်းယောက်ျားတစ်ဦးရဲ့ဝေယျာဝစ္စများကို ကျွန်တစ်ဦးကဲ့သို့ လုပ်ကိုင်ပေးရန်မလိုခြင်း။

(၂) စားချင်သည့်အရာ၊ သွားချင်သည့်နေရာ၊ လုပ်ချင်သည့် ကိစ္စရပ်များကို မည်သူ့ခွင့်ပြုချက်မှ တောင်းခံရန်မလိုဘဲ ကိုယ့်စိတ်နှင့် ကိုယ် လုပ်ကိုင်နိုင်ခြင်း။

(၃) မိမိကို ထားရစ်ခဲ့မှာ ပူစရာမလိုခြင်း။

(၄) တစ်ကိုယ်ရေသန့်ရှင်းမှု အထူးလုပ်စရာမလိုခြင်း။

(၅) အိပ်ချင်တဲ့အချိန်အိပ်ပြီး ထချင်တဲ့အချိန်ထကာ ခုတင်ပေါ်တွင်လည်း တစ်ယောက်တည်းလွတ်လပ်စွာ အိပ်စက်နိုင်ခြင်း။

(၆) စည်းကမ်းတင်းကျပ်မှုများ၊ ဘောင်များကြားတွင် နေစရာမလိုခြင်း။

(၇) အရက်သောက်သူ၊ လောင်းကစားလုပ်သူ၊ ဆေးလိပ်သောက်သူ၊ ကွမ်းစားသူ၊ ဘောလုံးပွဲကြည့်သူ၊ မိန်းမပွေသူ စသည့်ကိစ္စတစ်ခုခုတွင် စိတ်ဝင်စားသူ… 

www.burmeseclassic.com

"ကေသီ. . . နင့်လူက လာရောလာဦးမှာလား"

"ဪ. . . အင်း၊ သေချာတော့မှာထားတာပဲ"

ခြောက်နာရီအရောက်လာခဲ့ပါလို့ သေချာမှာထားပါရက်နဲ့ ခြောက်နာရီခွဲတဲ့အထိ ကိုယ်တော်ချောက အခုထိပေါ်မလာသေး။ ဖုန်းဆက်တော့လည်း ဖုန်းက ဆက်သွယ်မှု●ရိယာပြင်ပတဲ့။ သူသာ ရောက်မလာခဲ့ရင်တော့ ကိုယ် ကောင်းကောင်းအရှက်ကွဲပြီပဲ။ လာပါတော့ကွာ။

နာရီကိုကြည့်လိုက် ကိုယ့်ရှေ့က ဒင်းတို့လင်မယားကိုကြည့်လိုက်နဲ့ ချွေးပြန်ချင်လာတယ်။ ကိုယ့်အဖြစ်ကိုကြည့်ပြီး ဇင်ယော့မိန်းမဒါလီကတောင် ဝင်နှစ်သိမ့်ပေးရှာတယ်။

"လာမှာပေါ့မမရယ်၊ သူလည်း အကြောင်းကိစ္စတစ်ခုခုရှိလို့ နောက်ကျနေတာနေမှာပါ၊ ဖြည်းဖြည်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါလီကတော့ ကိုယ့်ကို ရည်းစားဖြစ်သူအတွက် စိတ်ပူပြီး ချွေးပြန်နေတယ်ထင်မှာ။ ကိုယ်ကတော့ ကိုယ့်အတွေးနဲ့ကိုယ် အရှက်ကွဲမှာကိုတွေးမိပြီး ချွေးပြန်နေတာရယ်ပါ။

"ဖုန်းလေးဘာလေး ဆက်ကြည့်ပါလားဟ"

"ဆက်တာပဲ၊ ဒါပေမယ့် ဖုန်းက ဧရိယာပြင်ပရောက်နေတယ်တဲ့၊ ဘယ်တွေများရောက်နေသလဲမသိပါဘူး၊ ဒီဆိုင်ထဲကပဲ လိုင်းမမိတာလားမသိဘူး၊ ငါအပြင်ထွက် ဆက်ကြည့်လိုက်ဦးမယ်၊ ခဏနော်"

ပြောလည်းပြော သူမက ထိုင်ရာကနေလည်း ထဖို့ပြင်လိုက်တယ်။ အဲဒီအချိန်မှာပဲ သီးသန့်အခန်းတံခါးက ပွင့်သွားကာ လူတစ်ယောက်ဝင်လာတယ်။ ကြည့်လိုက်တော့ ကိုယ်တော်ချောရယ်ပါ။ လက်ထဲမှာကလည်း ပန်းစည်းကြီးနဲ့။ သူ့ရဲ့အကြည့်တွေကလည်း အခန်းတံခါးပွင့်ကတည်းက ယောင်မှားလို့တောင် ဘယ်ကိုမှ တစ်ချက်ကလေးမကြည့်ဘဲ သူမဆီမှာသာတောက်လျှောက်။

သူက တန်းမတ်စွာ သူမဆီကိုလျှောက်လာတယ်။ သူမက သူ့ကိုတစ်ခုခုပြောဖို့ ပြင်လိုက်စဉ်မှာပဲ သူက လက်ထဲမှာကိုင်လာတဲ့ ပန်းစည်းကြီးအကြီးကြီးကို သူမဆီ ထိုးပေးလာရင်းက. . .

"happy anniversary ပါ , မ "

"ဟင်!"





သူ့စကားကြောင့် သူမမှာ ကြောင်တောင်ကြောင်သွားရတယ်။ အဲဒီလို သူမက ယောင်ဝါးဝါးဖြစ်နေတုန်းမှာပဲ သူက ပန်းစည်းကြီးကို သူမရှေ့ ဇွတ်ထိုးပေးလာပြန်ရင်း. . .

"ယူလေ မရဲ့၊ ဒီနေ့ဘာနေ့လဲ မမှတ်မိဘူးမဟုတ်လား၊ ဒီနေ့က မနဲ့မောင့်ရဲ့ ချစ်သူသက်တမ်းသုံးနှစ်ပြည့်တဲ့ နေ့လေ"

ပြောပြီးသူက မျက်စိတစ်ဖက်ကို မသိမသာမှိတ်ပြလာတယ်။ ဒီတော့မှ သူ့အကွက်ဆင်ပြီဆိုတာကို ရိပ်စားမိလိုက်တဲ့သူမက. . .

"ဩော်. . ဟော်ဟော်. . . အင်း. . . အင်း. . . ဟုတ်ပါရဲ့၊ မ,က အလုပ်တွေရှုပ်ပြီးမေ့နေတာ၊ မောင်ကမှတ်မိသားပဲ၊ ကျေးဇူးပဲမောင်ရာ၊ လုံးဝ surprise ပဲ၊ အဟင်းဟင်း"

သူမစကားအဆုံး ဇင်ယော်တို့လင်မယားဆီက လက်ခုပ်သံတွေ တဖြောင်းဖြောင်းထွက်လာကာ. . .

"ဝါး. . . ရို့မန့်ပဲကွာ"

"အားကျလိုက်တာ၊ အားကျလိုက်တာ"

တွေ ဖြစ်ကုန်ကြတယ်။ သူမကိုယ်တိုင်ဟာလည်းပဲ မျှော်လင့်မထားတဲ့ သူ့လုပ်ရပ်အတွက် နည်းနည်းတောင် ရင်ခုန်သလိုလို ဖြစ်သွားရတယ်။ သူက အလာကြီးပါလား။ အင်းလေ. . . အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ကြည်သာက ပြောတာနေမှာ။ သူက ရည်းစားသက် စေ့ကျော်နေပြီတဲ့။ ဟင်း. . . ဒီလုပ်ရပ်တစ်ခုလေးနဲ့တင်ကိုပဲ အဲဒီ စကားမှန်ကန်ကြောင်းကို အကြွင်းမဲ့ယုံလိုက်ပါပြီ ဆရာသမားရယ်။

သူမခမျာ အပျိုပေါက်လေးတစ်ယောက်လိုတောင် ရှက်သွေးတွေဘာတွေဖြာသွားရကာ မျက်နှာတောင် ဘယ်နားသွားထားရမှန်းမသိဖြစ်ကာ နားထင်ကုတ်သလိုလို လည်ပင်းကုတ်သလိုလိုနဲ့ မနေတတ်မထိုင်တတ်ဖြစ်နေရတယ်။ သူကတော့ ဆရာကျနေသူပီပီ အေးအေးလူလူပင် သူမဘေးက ခုံမှာ ဝင်ထိုင်လိုက်ရင်းက. . .

"ဆောရီးဗျာ၊ ကျွန်တော်နည်းနည်းနောက်ကျသွားတယ်၊ မအတွက် ပန်းစည်းကို မနေ့က ကတည်းက အော်ဒါမှာထားရဲ့သားနဲ့ ဒီနေ့နောက်ကျနေလို့ ပန်းဆိုင်နဲ့တောင် စကားများခဲ့ရသေးတယ်၊ အဲဒါကြောင့် နည်းနည်းနောက်ကျသွားရတာ"

"ရပါတယ်ညီရာ၊ အခုရောက်လာပြီပဲ"

ဇင်ယော်စကားအဆုံးမှာတင်ပဲ ဒါလီက ကိုကိုမိုးစွေကို ဇဝေဇဝါဟန်နဲ့ ကြည့်လာရင်းက. . .

"ရှင့်ကို ဒါလီမြင်ဖူးသလိုပဲ၊ ဘယ်မှာပါလိမ့်၊ အသိတွေထဲက တစ်ယောက်ယောက်နဲ့များတူနေတာလား၊ မဟုတ်





သေးပါဘူး၊ အား. . . သိပြီ၊ ရှင်. . . ကိုကိုမိုးစွေ၊ ဟုတ်တယ်မှုလား၊ နာမည်ကြီးမော်ဒယ်လ်လေ"

"ဝါး. . . မဒါလီက ကျွန်တော့်ကိုသိတယ်လား"

"ဟား. . . သိတာပေါ့၊ ကျွန်မညီမဝမ်းကွဲလေးတွေဆိုရင် ရှင့်ကိုအသည်းစွဲပဲလေ၊ အဲဒါကြောင့် ဝင်လာကတည်းက တစ်ယောက်ယောက်နဲ့တူပါတယ်လို့တွေးနေတာ၊ လက်စသတ်တော့ နာမည်ကြီးမော်ဒယ်လ်တစ်ယောက်နဲ့ ထမင်းလက်ဆုံစားရတော့မှာကိုး၊ ဟားဟား. . . ညီမဝမ်းကွဲတွေနဲ့တွေ့ရင် ကြွားလို့ရပြီ"

ဩော. . . နိုင်ငံခြားကနေ မနေ့တစ်နေ့ကမှ ပြန်လာတဲ့သူကတောင် ကိုကိုမိုးစွေဆိုတာကို သိသတဲ့။ မြန်မာပြည်မှာနေတဲ့ ကိုယ်ကမသိတာ ညံ့ချက်က နိုင်းလောက်တောင်ရှိမလား။

"ဒါလီက ဒီက ညီ့ကို သိတယ်လား"

"သိတာပေါ့ ကိုကိုရဲ့၊ ကိုကိုမိုးစွေဆိုတာ မော်ဒယ်လ်လောကမှာ နာမည်ကြီးပဲဟာ၊ ခုတလောထွက်တဲ့ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ သူမပါရင်မပြီးဘူးလေ"

"ဟုတ်လား. . . ဆောရီးညီရာ၊ အစ်ကိုက အဲဒီဘက်နဲ့ နည်းနည်းအလှမ်းဝေးတော့ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမှုက မြန်တယ်။ နောက်တော့ စားသောက်စရာတွေမှာကာ ထမင်းစားကြရင်းနဲ့မှ စကားဆက်ပြောကြတယ်။

"ကေသီက မခေဘူးပဲ၊ ကိုကိုမိုးစွေလို နာမည်ကြီးမော်ဒယ်တစ်ယောက်ကိုတောင် ရအောင်ချိတ်ထားနိုင်တယ်ဆိုတာ နည်းတဲ့အရည်အချင်းလား"

ဇင်ယော်စကားက ကေသီ့ကိုအနေရခက်စေတယ်။ ပြီးတော့ ဘာပြန်ပြောရမှန်းလည်းမသိတော့ တဟင်းဟင်းသာ ရှက်ရယ်ရယ်နေမိတုန်းမှာပဲ ကိုကိုမိုးစွေက. . .

"မ,က အရည်အချင်းရှိတာမဟုတ်ပါဘူးဗျာ၊ ကျွန်တော်ကသာ အရည်အချင်းရှိတာ အစ်ကိုရ"

သူ့စကားကြောင့် သူမအပါအဝင် အားလုံးရဲ့အကြည့်က သူ့ဆီကိုရောက်သွားရတယ်။ သူမစိတ်ထဲမှာက နင်တင်တင်။ ထင်လိုက်မိတာက ဒီကောင်ငါ့ကို ဖွဲ့တာလားပေါ့။ ဒီအခိုက်မှာပဲ သူက တစ်ချက် ရယ်သွမ်းသွေးလိုက်ရင်း. . .

"မ,လို မာနကြီးတဲ့မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရအောင် ကျွန်တော်က မနည်းကြီးကို ကြိုးစားယူထားရတာလေ၊ အဲဒါ ကျွန်တော်အရည်အချင်းရှိလို့ပေါ့ဗျာ့၊ မဟုတ်ဘူးလား"

"ဝါး. . . ဟုတ်သားပဲ"





"ဟားဟား. . . ဟုတ်တယ်၊ ဟုတ်တယ်၊ ညီက ပိုပြီးအရည်အချင်းရှိတာ"

ဇင်ယော်တို့လင်မယားက အားရဝမ်းသာအသံနဲ့ သဘောတကျ အော်ဟစ်ညာသံပေးကာ ရယ်ကြတော့ သူမလည်း ရောယောင်ကာ လိုက်ရယ်မိတယ်။ ပြီးတော့ စောစောက ခုနေသလိုရှိတဲ့အလုံးက ရှင်းလင်းသွားတယ်။ သူက သူမကို မသိမသာလေးနဲ့ ပညာသားပါပါ role တင်ပေးလိုက်တာလေ။ ဟင်း. . . တတ်လည်း တတ်နိုင်ပါပေရဲ့။ ဒါကြောင့်လည်း သက်စေ့မကတဲ့ မိန်းကလေးအရေအတွက်များစွာက သူ့ဆီမှာ ပစ်ပစ်ကျသွားခဲ့ကြတာနေမှာပေါ့။

"ဒါနဲ့ မမတို့က ဘယ်တော့ယူကြမှာလဲဟင်၊ ဒါလီတို့လည်း မင်္ဂလာပွဲတက်ရအောင် ဒါလီတို့နိုင်ငံခြားကိုမပြန်ခင် ဆောင်လိုက်ကြပါလား. . . နောကိုကို"

"အင်းပေါ့၊ ကောင်းတာပေါ့၊ နင်တို့ဘယ်တော့လောက်မှန်းထားလဲ ကေသီ၊ နင်လည်းငယ်တော့တာ မဟုတ်ဘူးနော်၊ အခုလိုချစ်တတ်လွန်းတဲ့ ကောင်လေးတစ်ယောက်ကို ရထားတုန်း ဆောင်လိုက်တော့လေဟာ"

ဇင်ယော့်စကားကြောင့် သူမမျက်နှာက ရဲခနဲဖြစ်သွားတဲ့အထိ ရှက်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝဝီခို့

"အဲ. . . အဲဒါကလေ. . ."

ဆိုပြီးတော့ ဘာဆက်ပြောရမှန်းမသိ။ ဒီတော့လည်း ထုံး[illegible] အတိုင်း ကယ်တင်ရှင်ကပဲ ဝင်ပြောလာတော့တယ်။

"ကျွန်တော်က လက်ထပ်ချင်နေပြီအစ်ကိုရေ၊ ဒါပေမယ့် မ,က နေ့ရွှေညရွှေ့လုပ်နေလို့ ကြာနေတာ၊ ကိစ္စတော့ မရှိပါဘူး၊ ကျွန်တော်က ချစ်နေရတဲ့သူဆိုတော့ သည်းခံပြီး စောင့်ရမှာပေါ့။ ဘယ်အချိန်ပဲ လက်ထပ်လက်ထပ်၊ မ,က ကျွန်တော့်ကို ထားမသွားရင်ပြီးတာပါပဲ. . . နော် မ"

စကားအဆုံးမှာ သူက သူမလက်ကလေးတစ်ဖက်ကို တောင်မှ ဖွဖွလေး လာဆုပ်ကိုင်ပြလိုက်သေးတယ်။ လုံးဝကို အကယ် ဒမီရှော့ခ်။ ငှက်ကောင်တို့အတွဲရှေ့မှာ ကိုယ့်ရဲ့ အင်ပရက်ရှင်က လည်း တက်ပြီးရင်းတက်လို့။ ကဲ. . . ဘယ်သူထင်မလဲ။ သူနဲ့ကိုယ် ဟာ ဟန်ဆောင်ရည်းစားတွေပါလို့။

ဟင်း. . . ဒီကောင်လေး မင်းသားဖြစ်သွားတဲ့အချိန်ကျရင် တော့ အကယ်ဒမီတွေ တစ်ပွေ့တစ်ပိုက်ကြီးရဦးတော့မှာ မြင် ယောင်ပါသေးတယ်။



မနက် ဆယ့်တစ်နာရီခန့်အချိန်။

ကုမ္ပဏီက လူတွေအကုန်လုံး ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ယှက် ခတ်နေတုန်းမှာပဲ ဒေါ်ကေသီဗလမင်းဒင်ရဲ့ ရုံးခန်းကို သူရောက် သွားတယ်။ အခန်းတံခါးကိုဖွင့်ပြီး အထဲကိုဝင်လိုက်တာနဲ့ပဲ အ ကြည့်တွေ တော်တော်များများက သူ့ဆီကိုပြေးဝင်လာကြတယ်။

"ဟယ်. . . ကိုကိုမိုးစွေ၊ ဟုတ်တယ်မှလား"

"တူသလိုလိုပဲ"

"တူတာမဟုတ်ဘူး၊ ကိုကိုမိုးစွေပါဟယ်"

အသံတွေ ခပ်ကျိတ်ကျိတ်ထွက်လာပေမယ့် သူကတော့ ခပ်တည်တည်ပဲ လျှောက်ဝင်သွားလိုက်ကာ အနားအနီးဆုံးမှာရှိတဲ့ အန်တီကြီးတစ်ယောက်ကို ပြုံးပြလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မကေသီဗလမင်းဒင်နဲ့ တွေ့ချင်လို့ခင်ဗျ၊ ရှိလားမသိဘူး"

ဆိုတော့ အန်တီကြီးက ပါဝါမျက်မှန်ကြီးပေါ်ကနေ သူ့ကို ရွှန်းရွှန်းဝေနေတဲ့ အကြည့်မျိုးနဲ့ကြည့်လာရင်း. . .

"ကို. . . ကိုကိုမိုးစွေ. . . ဟုတ်တယ်မလားဟင်"

"ဗျော်. . . ဟုတ်၊ ကျွန်တော်ကိုကိုမိုးစွေပါ"

"ဟယ်. . . ကြည့်စမ်း၊ အပြင်မှာပိုနု၊ ပိုချောတယ်တော့၊ ဟဲ့. . . ဒီမှာ ကိုကိုမိုးစွေလာတယ်ဟေ့"

အန်တီကြီးရဲ့ လော်ဆော်သံကတောင် နောက်ကျနေသေးတယ်။ အော်သံတစ်ဝက်လောက်မှာကတည်းကတင် ကောင်မလေးသုံးယောက်က အနားရောက်လာနေပြီ။

"အစ်ကို. . . ညီမကို အော်တိုလေးရေးပေးပါနော်"

"ညီမကိုလည်း ဒီမှာရေးပေး"

"ညီမကိုလည်းရေးပေးနော် အစ်ကို၊ ညီမလည်း အစ်ကို့ပရိသတ်ပဲ"

"ဟဲ့. . . မိဆောင်း၊ ငါအရင်ရောက်တာကို နင်က ဘာလို့ဖွတ်လုနေတာလဲ"

"ငါအရင်ရောက်တာပါ နွေမရယ်"

"ဟဲ့. . . ငြင်းမနေနဲ့၊ တိုးတိုးလုပ်၊ MD ကြားသွားလို့





အကောခံနေရဦးမယ်၊ ဟီးဟီး. . . မိုးလည်း အစ်ကို့ပရိသတ်ပဲ. . . သိလား"

နွေတွေရော၊ မိုးတွေရော၊ ဆောင်းတွေရော၊ သုံးယောက်တည်းနဲ့ ရှုပ်ယှက်ခတ်သွားစေတဲ့ ကောင်မလေးတွေကို သူက လက်မှတ်ထိုးပေးလိုက်ပြီးမှ လာရင်းကိစ္စကို ပြန်ကောက်ရတယ်။

"ဟို. . . ကျွန်တော် မကေသီဗလမင်းဒင်နဲ့ တွေ့ချင်လို့ခင်ဗျ၊ အဲဒါ"

အဲဒီတော့မှ ဘေးနားမှာ ပြုံးဖြီးဖြီးနဲ့ရပ်ကြည့်နေတဲ့ စောစောက အန်တီကြီးက ကောင်မလေးတွေဘက်ကို မျက်နှာထားတင်းတင်းနဲ့ကြည့်လိုက်ရင်း. . .

"ဟဲ့. . . မိန်းမတွေ တော်တော့၊ လိုတာထက်မပိုကြနဲ့"

ဆိုပြီးတော့မှ သူ့ကိုကြည့်လာရင်း. . .

"MD နဲ့တွေ့ချင်လို့လား၊MDရှိပါတယ်၊ ဒါနဲ့ ဘာကိစ္စလဲမသိဘူးနော်"

"ဟို. . . ကျွန်တော် သူနဲ့ချိန်းထားလို့ပါ"

"ချိန်းထားတာ၊ appointment ယူထားတာလား ဟုတ်လား၊ အလုပ်ကိစ္စထင်တယ်"

"မဟုတ်ဘူးခင်ဗျ၊ နေ့လည်စာအတူစားဖို့ ချိန်းထားတာပါ၊ ကျွန်တော်က သူ့ချစ်သူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော!"

"ရှင်!"

"ရှန်!"

သူ့စကားအဆုံး အနားမှာရှိတဲ့ အန်တီကြီးဆီကရော၊ ကောင်မလေးတွေဆီကပါ အာမေဋိတ်သံတွေ အလန့်တကြား ထွက်လာသလို ကောင်မလေးတစ်ယောက်ဆိုရင် လက်ထဲမှာကိုင်ထားတဲ့ စာအုပ်တောင် လွတ်ကျတဲ့အထိ အံ့ဩသွားတော့တယ်။ ဒါတင်ပဲလားဆိုတော့လည်း မဟုတ်သေးဘူး။ အရပ်ရှည်ရှည် ပိန်ပိန်နဲ့ လူကြီးတစ်ယောက်ကလည်း အနားကို အူယားဖားယားနဲ့ ပြေးလာကာ ကမ္ဘာ့အထူးဆန်းဆုံးလူသားတစ်ယောက်ကို တွေ့လိုက်ရသလို ပုံမျိုးနဲ့ သူ့ကိုကြည့်လာရင်း. . .

"မင်း. . . မင်း. . . မင်းက ဒေါ်ကေသီရဲ့ချစ်သူ. . . ဟုတ်လား"

"ဟုတ်. . . ဟုတ်တယ်လေ"

"အိုးမိုင်ဂေါ့ထ်(တံတွေးတွေက ဘေးက ကောင်မလေးသုံးယောက်ဆီ ပြေးစင်တယ်)၊ ဘုရားသခင်. . . ကယ်တော်မူပါ၊ မင်း. . . မင်းက သူ့ချစ်သူ၊ ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့"





သူ့စကားအဆုံး လူကြီးက သူ့နဖူးကိုသူ လက်ဖဝါးနဲ့ဖျန်းခနဲမြည်အောင် ရိုက်လိုက်ရင်း အော်ပြန်တယ်။

"အိုးမိုင်ဂေါ့ထ်(ဒီတစ်ခါတော့ တံတွေးတွေက အန်တီကြီးမျက်နှာဆီကို လမ်းကြောင်းပြောင်းသွားတယ်)၊ ဘုရားသခင်၊ ကယ်တော်မူပါ၊ မင်း. . . မင်းက သူ့ချစ်သူ၊ ဟုတ်လား. . ."

လို့ မေးပြန်တယ်။ သူကလည်း ခေါင်းညိတ်ပြလိုက်ပြန်ရင်း. . .

"ဟုတ်. . . ဟုတ်ပါတယ်ဆို"

"အိုးမိုင်ဂေါ့ထ်(ဒီတစ်ခါတော့ တံတွေးက သူ့ဆီကိုတန်းတန်းမတ်မတ်ပြေးလာတာနဲ့ သူ့မှာ မနည်းကိုလွတ်အောင် ဘေးကပ်ရှောင်တိမ်းလိုက်ရတယ်)၊ ဘုရားသခင်၊ ကယ်တော်မူပါ၊ လောကကြီးဘာတွေဖြစ်ကုန်တာပါလိမ့်၊ မှန်းစမ်းပါဦး၊ မင်းမျက်လုံးမှာ တိမ်တွေဘာတွေများ ဖုံးနေလားဆိုတာ ကြည့်ရအောင်"

ပြောပြောဆိုဆို ဦးလေးကြီးက ရှေ့တိုးလာကာ သူ့မျက်လုံးတွေနှစ်ဖက်စလုံးကို ဖြဲရဲကြည့်ဖို့ လုပ်လာတာနဲ့ သူကနောက်ဆုတ်ကာ ရှောင်လိုက်တုန်းမှာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ အဲဒီနားမှာက၊ လူတွေစုပြီးတော့"

ဆိုတဲ့ အသံနဲ့အတူ အခန်းတစ်ခုအတွင်းက ထွက်လာတဲ့ ဒေါ်ကေသီဗလမင်းဒင်ကို တွေ့လိုက်ရတော့တယ်။ ဒီတော့မှ သူက သူမဆီကို ဝမ်းသာအားရပြေးသွားလိုက်ရင်း. . .

"ဟား. . . မ"

"ဟင်. . . မင်း!"

သူမက သူ့ကိုတွေ့တော့ အတော်ကြီးကို အံ့သြသွားပုံပါပဲ။ မဟုတ်ဘူး။ အံ့သြတယ်ဆိုတာထက်ကိုပိုပြီးတော့ လန့်ဖျပ်သွားတာပါ။ သူမဘေးက ကပ်ပါလာတဲ့ စက္ကရီတေရီမလေးကလည်း သူ့ကိုမြင်တော့ ကိုကိုမိုးစွေဆိုပြီး ဝမ်းသာအားရဟန်နဲ့ တစ်ချက်အော်လိုက်ပြီးမှ သူမ, ရှိနေတော့ အရှိန်သတ်လိုက်ဟန်နဲ့ ငြိမ်ကျသွားတယ်။

သူမကတော့ သူ့ရှော့ခ်နဲ့သူ အဲဒါတွေကို သတိထားမိဟန်လည်းမရပါဘူး။

"မင်း. . . မင်းက ဘယ်လိုလုပ်ရောက်လာတာလဲ"

"ဟာ. . . မ,ကလည်း၊ ဒီနေ့ နေ့လည်စာအတူစားဖို့ ချိန်းထားတယ်လေ၊ မမှတ်မိဘူးလား၊ ထင်သားပဲ၊ မ,က ကျွန်တော်ချစ်သလောက်မှ ကျွန်တော့်ကိုမချစ်တာ"





သူ့စကားအဆုံး သူမက မျက်မှောင်ကုပ်လိုက်ပြန်ရင်း. .

"ငါက. . . မင်းကို"

ဆိုပြီး ဇဝေဇဝါဟန်နဲ့ ပြန်စဉ်းစားနေပုံပါပဲ။ သူကတော့ အထာမနပ်လှတဲ့အပျိုကြီးကြောင့် အလိမ်တွေပေါ်တော့မှာကို တွေးပူလာရတယ်။ ဒါနဲ့ပဲ သူမလက်တစ်ဖက်ကို ဖျတ်ခနဲဖမ်းဆွဲပစ်လိုက်ရင်းက. . .

"ကဲ. . . စဉ်းစားလို့မရရင်လည်း စဉ်းစားမနေတော့နဲ့ မ,ရာ၊ နော်. . . တော်ကြာ ဆံပင်တွေဖြူကုန်လိမ့်မယ်၊ အခုနေ့လည်စာစားချိန်ရောက်နေပြီပဲဟာ၊ လာ. . . သွားစားရအောင်၊ မ,က အလုပ်ပြီးအလုပ်၊ အလုပ်ပြီးအလုပ်နဲ့ လုပ်နေတော့ အစာစားချိန်မမှန်ဘူး၊ ကြာရင် အစာအိမ်ဖြစ်လိမ့်မယ်သိလား၊ လာပါ. . . မ,ရာ. . . လာ"

သူက ပြောလည်းပြော သူမကိုလည်း အားသုံးကာ ဇွတ်ဆွဲခေါ်လာတော့ သူမက. . .

"ဟဲ့. . . ဟဲ့. . . ဟဲ့. . ."

ဆိုပြီး တဟဲ့ဟဲ့အော်ကာ ယက်ကန်ယက်ကန်နဲ့ ပါလာတော့တယ်။ ကျန်တဲ့လူတွေ အားလုံးကတော့ ယင်ကောင်ဝင်ဥမတတ် ပါးစပ်ကြီးတွေအဟောင်းသားနဲ့ ကျန်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို သူမတို့ကုမ္ပဏီရုံးခန်းရှိတဲ့တာဝါနဲ့ မျက်စောင်းထိုးလောက်မှာရှိတဲ့ စားသောက်ဆိုင်လေးကို ရောက်တဲ့အထိ လက်ကိုလွှတ်မပေးဘဲ ဆွဲခေါ်လာခဲ့လိုက်တယ်။ ကုမ္ပဏီရုံးခန်းမှာ ကျန်ခဲ့တဲ့သူတွေက မိမိတို့ကို အပေါ်ကနေ ချောင်းကြည့်မနေဘူးလို့ ဘယ်သူပြောနိုင်မလဲလေ။ ဆိုင်ထဲရောက်ပြီဆိုတော့မှ သူမလက်ကိုလွှတ်ပေးလိုက်ရင်း ခုံတစ်လုံးမှာဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ သူမကလည်း မျက်နှာချင်းဆိုင်မှာ ဝုန်းခနဲဝင်ထိုင်လိုက်ရင်း. . .

"ဟဲ့. . . နင်က ဘယ်လိုလုပ်ပြီး ငါ့ကုမ္ပဏီအထိရောက်လာတာလဲ၊ နင့်ကို ဘယ်သူက လာခိုင်းလို့လဲ၊ ပြောစမ်းပါဦး၊ ပြီးတော့ နင့်ကိုလည်း နေ့လည်စာစားဖို့ ငါချိန်းမထားရပါဘူး"

"ကျွန်တော်ကျွေးမှာပါဗျာ၊ ခင်ဗျားကလည်း"

"ဟဲ့. . . ငါက ပိုက်ဆံကိစ္စကို ပြောနေတာမဟုတ်ဘူး၊ မခေါ်ဘဲနဲ့ ရောက်လာတဲ့ကိစ္စကိုပြောနေတာ"

"ဩော်. . . ဒါလား၊ မကြည်သာလွှတ်လိုက်တာလေ၊ သူက ပြောတယ်၊ မ,က မ,ကုမ္ပဏီက လူတွေရှေ့မှာပါ ဟန်ဆောင်ပေးဖို့ပြောထားတယ်ဆို၊ အဲဒါကြောင့် သွားလိုက်ဆိုတာနဲ့ ရောက်လာတာလေ၊ ဘယ်လိုလဲ. . .





ကျွန်တော် အိုက်တင်ပီပြင်တယ်မဟုတ်လား"

သူက ရယ်ကျဲကျဲနဲ့ပြောပြီး စားပွဲထိုးလေးတစ်ယောက်ကို ခေါ်ကာ ထမင်းဟင်းတွေ မှာလိုက်တော့တယ်။ သူမကတော့ သူ့ကို အီလည်လည်မျက်နှာမျိုးနဲ့ ကြည့်နေလိမ့်မယ်ဆိုတာကို လှည့်မကြည့်ဘဲ ခန့်မှန်းမိပြီးသားပါ။

ပြီးတော့ အခုအချိန်လောက်ဆိုရင် ကုမ္ပဏီက ဝန်ထမ်းတွေဟာလည်းပဲ သူနဲ့သူမအကြောင်းကို ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေကြမှာ မြေကြီးလက်ခတ်မလွဲပါပဲ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ဒီကိစ္စဟာ သွေးရိုးသားရိုးကိစ္စ လုံးဝကိုမဟုတ်ဘူး"

ဦးလူဝကြီးရဲ့ တအံ့တသြစကားအဆုံးမှာပဲ ဒေါ်တဆုပ်က တွေးတွေးဆဆနဲ့ ဝင်ပြောတယ်။

"ယုံရမှာကတော့ ခပ်ခက်ခက်ပဲ၊ ဒါပေမယ့် ကာယကံရှင်ကိုယ်တိုင်က သူချစ်သူပါလို့ပြောသွားတာလေ၊ မယုံလို့မှ မရတာ"

"အင်းလေ ဦးလေးဝရဲ့၊ ကိုကိုမိုးစွေကိုယ်တိုင် ပြောသွားတာပဲဟာ၊ နွေတော့ အသည်းကွဲပါပြီ၊ နွေက ကိုကိုမိုးစွေကို အရမ်းကြိုက်တာ၊ ဟင့်. . . ရှုတ်"

"ဟုတ်တယ်၊ မိုးလည်း ကိုကိုမိုးစွေရဲ့ ပရိသတ်ပဲ၊ အပျိုကြီးမမက ဘာဆေးတွေများ သုံးလိုက်တယ်မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါ၊ သူတို့နှစ်ယောက်ကို ဆောင်းမျက်စိထဲမှာလည်း ဘယ်လိုမှကို တွဲမြင်ကြည့်လို့ကိုမရဘူး"

စကားသံတွေအဆုံးမှာပဲ ဦးလူဝကြီးက လက်ဖျောက်တစ်ချက်ကို မာန်ပါပါတီးလိုက်ရင်းက. . .

"အဲဒါပြောတာလေ၊ အဲဒါကြောင့်ပြောတာပေ့ါ၊ သူတို့နှစ်ယောက်ရဲ့ ပတ်သက်မှုက သာမန်ချစ်သူစုံတွဲလိုမျိုး ဟုတ်ကို မဟုတ်ပါဘူးဆို၊ ဟင်း. . . ငါထင်ရင် လွဲခဲပါတယ်"

"ဒါဆို ဦးလူဝကြီးက ဘယ်လိုများထင်လို့လဲ၊ ပြောပါဦး"

"အင်း. . . ငါထင်တာကလား"

ဆိုပြီး ဦးလူဝကြီးက စကားကို ပိုလေးနက်သွားစေလိုတဲ့သဘောနဲ့ ခဏဖြတ်ထားလိုက်သေးတယ်။ ပြီးတော့မှ အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်းက. . .

"တို့အပျိုကြီးမမက ဒီမော်ဒယ်ပေါက်စကို စပွန်ဆာပေးထားတာပဲဖြစ်ရမယ်"



## အပျိုကြီးခံယူချက် (၄)

ယောက်ျားယူပါက...

ကိုယ့်ဘဝမှာတောင်

ကိုယ်က မိဖုရားဖြစ်ကာ

ယောက်ျားမယူပါက...

ကိုယ့်ဘဝတွင် ကိုယ်သာလျှင်

ဘုရင်မဖြစ်တယ်





www.burmeseclassic.com

www.burmeseclassic.com

"အမေလေးလေး...
လောကကြီးမှာ
ငွေမလုပ်နိုင်တာ ဘာမှကိုမရှိပါလား
မော်ဒယ်ပေါက်စလေးက...
ငွေမျက်နှာကြောင့်...
ခုနစ်ဆို ရှစ်ဆိုမကြီးကို တွဲသတဲ့
ရင်နာလိုက်တာ...ရင်နာလိုက်တာ
မျောက်မအိပ်ပါပဲနဲ့ကို ရင်နာလိုက်တာ"

facebook မှာတင်ထားတဲ့ ဥမ္မာဏီရဲ့ status ကိုဖတ်အပြီး မှာတော့ ကေသီဗလမင်းဒင်တစ်ယောက် ခေါင်းကိုမြွေပေါက်ခံလိုက်ရသလို ခံစားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ဒီလိုထင်သတဲ့။ ကိုယ့်ကို သူတို့တွေက ဒီလိုထင်ကြတာတဲ့လား။ ကိုယ်ကတော့ သူတို့တွေကို ပါးစပ်ပိတ်သွားပါစေတော့ဆိုပြီး လုပ်လိုက်တာပါ။ အခုတော့ ခုတ်ရာတခြား၊ ရှရာတစ်ခြားဖြစ်ရပြီ။ ထိုင်နေရင် အကောင်းသား၊ ထမှ စပွန်ဆာမမကြီး ဖြစ်ရရှာပြီ။

ကြည့်စမ်းပါဦး။ ကိုယ့်ကို နာမ်စားသုံးထားတာကလည်း "ခုနစ်အို ရှစ်အိုမကြီး"တဲ့။ ရိုင်းလိုက်တာ။ မိုက်ရိုင်းလိုက်တာ။ ဥမ္မာဏီ. . . ဒင်းတော့လား။ တွေ့မယ်. . . တွေ့မယ်။ ကောင်းကောင်းတွေ့မယ်။

ဟင်း. . . မဖြစ်သေးပါဘူး။ တွေ့လို့လည်း လုံးဝမဖြစ်သေးပါဘူး။ ဥမ္မာဏီက ကိုယ် facebook သုံးတာကို သိမှမသိတာ။ ကိုယ်က facebook ကို ဝါသနာပါလို့ အားအားယားယားသုံးတာတော့လည်း မဟုတ်ပါဘူး။ ဥမ္မာဏီခေါင်းဆောင်ပြီး နွေ၊ မိုး၊ ဆောင်းတို့တွေက facebook သုံးကြတယ်ဆိုတာကိုသိရတော့ ကိုယ်သည်လည်းပဲ ခေတ်နောက်မကျချင်တာရယ်၊ ပြီးတော့ ကိုယ့်ကုမ္ပဏီက ဝန်ထမ်းတွေရဲ့ စိတ်နေစိတ်ထားတွေ၊ လှုပ်ရှားမှုတွေကိုလည်း (ကိုယ့်အပေါ် မကျေနပ်ချက်နဲ့ ရေးထားတဲ့စာတွေလည်း အပါအဝင်ပေါ့လေ) တစေ့တစောင်း အကဲခတ်လို့ရအောင်ဆိုပြီး "မင်းဒင်" ဆိုတဲ့ နာမည်တစ်ခုနဲ့ ယောကျ်ားလေးအကောင့်တစ်ခုဖွင့်ကာ ဒင်းတို့တွေကို add ထားတာပါ။ အဲဒီတော့ ကိုယ်ကသာ သူတို့ဆိုတာကိုသိပြီး သူတို့တွေကတော့ ကိုယ့်ကို facebook ပေါ်မှာ "မင်းဒင်" ဆိုတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့သာ သိထားကြတာပါ။ ဒါကြောင့်လည်း ဒင်းတို့တွေက ကိုယ့်အပေါ် မကျေနပ်သမျှတွေကို လွတ်လွတ်လပ်လပ်နဲ့ ရေးတင်ရဲကြတာပေါ့။ အဲဒီလို ရေးတင်သမျှတွေထဲမှာမှ နွေ၊ မိုး၊ ဆောင်းက သုံးယောက်က အဲဒီလောက်မဟုတ်ပေမယ့် ဥမ္မာဏီကတော့ တစ်နေ့ကို ထမင်း ဘယ်နှစ်လုပ်စားတယ်၊ အီးဘယ်နှစ်တုံးပါတယ်ဆိုတာကအစ ရေးတင်တတ်တာဆိုတော့ ကိုယ့်အကြောင်းကို အများဆုံးတင် တာကလည်း ဒင်းပါပဲ။ ပြောပြန်ရင်လည်း အပျိုကြီးက ပွားတယ် ဖြစ်ရဦးမယ်။ အခုလည်း ကြည့်လေ။ ကိုယ့်ကိုများ ရေးထားလိုက်တာ မှိုချိုးမျှစ်ချိုး။

တွေးရင်းတွေးရင်းကနေ ဒေါသတွေ တလိပ်လိပ်ထွက်လာကာ အဲဒီဒေါသတွေကိုလည်း ဖွင့်ထုတ်ဖောက်ခွဲစရာ ရှာမရတဲ့အဆုံးမှာတော့ ထုံးစံအတိုင်း ကြည်သာခင့်ဆီကိုပဲ ဖုန်းခေါ်မိတော့တယ်။

ဖြစ်ကြောင်းရယ် ကုန်စင်ကို နုတ်သံနှောလို့ ပြောအပြီးမှာတော့ ကြည်သာခင်က အူလှိုက်သည်းလှိုက်ကို ရယ်ရှာပါတယ်။ ပြီးမှ အကြံပေးလာတာကတော့. . .







www.burmeseclassic.com

www.burmeseclassic.com



"ဒါများဟယ်. . . ဘာခက်တာမှတ်လို့၊ သူတို့က အဲဒီလို ထင်ရင် နင်က မဟုတ်ကြောင်းသက်သေပြလိုက်ပေါ့"

"ငါက ဘယ်လိုသက်သေပြရမှာလဲ"

"လွယ်လွယ်လေးပါဟယ်၊ ငါ့မောင်ကို ယူလိုက်ပေါ့ဟဲ့. . . ဟီး ဟီး"

"သေတော့မှာပဲ၊ ကြည်သာ. . . မနောက်နဲ့ဟာ၊ ငါဒီမှာ တော်တော်ညစ်နေတာနော်"

"ဟီးဟီး. . . အေးပါဟယ်၊ ငါက စ, တာပါ၊ ဒီလိုလုပ်ဟာ၊ နင့်အပေါ်မှာမြင်နေတဲ့ သူတို့ရဲ့အမြင်တွေကို ပြောင်းပစ်ဖို့အတွက် မိုးစွေကို နင့်ကုမ္ပဏီကို ခဏခဏလာခိုင်း၊ ပြီးတော့ သူတို့ရှေ့မှာ မိုးစွေကို နင့်အပေါ် သည်းသည်းလှုပ်ပြခိုင်း၊ ဒါပေမယ့် နင်ကတော့ မိုးစွေ့အပေါ်မှာ အင်တင်တင်ဆိုတဲ့အထာမျိုး ချိုးပြထားလိုက်၊ ဒါဆိုရင် သူတို့တွေရဲ့အမြင်တွေ ပြောင်းသွားလိမ့်မယ်၊ နားလည်လား"

"အင်း. . . ဟုတ်တော့ ဟုတ်သလိုလိုပဲ၊ ဒါပေမယ့် ဟိုတစ်ယောက်ကို အဲဒီလိုလုပ်ခိုင်းရမှာ ငါမျက်နှာပူတယ်ဟဲ့၊ ပြီးတော့ အားနာစရာကြီး"

"အမလေး. . . ဘာမှအားမနာနဲ့၊ ငါ့မောင်က မင်းသားရူး၊ မရှိကို အရှိလုပ်၊ မဟုတ်တာကို အဟုတ်လုပ်ပြီး သရုပ်





ဆောင်ပြရမယ်ဆိုရင် လုပ်ပြီးသားပဲ၊ ခိုင်းသာခိုင်း၊ သရုပ်ဆောင်လေ့ကျင့်ပြီးသားရတယ်ဆိုပြီး နင့်ကိုတောင် ဟိုက တပြန်ကျေးဇူးတင်နေဦးမှာ"

ကြည်သာခင်က ဖုန်းချသွားပေမယ့် သူမမှာတော့ ဖုန်းတစ်လုံးကိုကိုင်ကာ ဟိုလျှောက်လိုက်ဒီလျှောက်လိုက်နဲ့ ဂဏှာမငြိမ်ကိုဖြစ်လို့။

ကိုကိုမိုးစွေရဲ့ဖုန်းနံပါတ်က ဂဏန်းတွေကိုနှိပ်လိုက်၊ ပြန်ဖျက်လိုက်နဲ့ ချီတုံချတုံလုပ်နေတုန်းမှာပဲ အသက်ရှည်ဦးမယ့် ဒင်းလေးရဲ့ဖုန်းက သူမဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကိုပဲ ဝင်လာတော့ကာဖြစ်ပါတယ်။ ဒီတော့မှ သူမက ဟန်ကိုယ့်ဖို့ဆိုတဲ့ အထာကိုဖမ်းတားလိုက်ကာ လည်ချောင်းကို "အဟမ်း" ဆိုပြီး တစ်ချက်ရှင်းထုတ်လိုက်ကာ. . .

"ဟယ်လို"

"မ,လား၊ ကျွန်တော်ပါ"

"ဪ. . . အင်းပြော၊ ဘာကိစ္စရှိလို့လဲ"

"မကြည်သာက ခုလေးတင်ပဲ ဖုန်းဆက်ပြောလို့လေ၊ မ,နဲ့ချစ်သူတွေအဖြစ် အချိန်ကြာကြာလေး သရုပ်ဆောင်ပေးရမယ်ဆို၊ ဟုတ်လား, မ၊ အဲဒါသိချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဒင်းအပေါ်မှာ မျက်နှာပူ၊ အားနာနေပေမယ့် အသံက ကိုယ့်ထက်တောင်မှ ပိုတက်ကြွစိတ်ပါနေသလိုဖြစ်နေ အခါ စိတ်ထဲမှာ နည်းနည်းတော့ အေးသွားရတယ်။

ဟင်း. . . မင်းနဲ့ငါ ဟန်ဆောင်နှစ်ပါးသွားက နည်းနည်း တော့ အခန်းဆက်များဦးမယ် ထင်ပါရဲ့။



ကေသီဗလမင်းဒင်က လက်ကနာရီကို တစ်ချက်ကြည့် လိုက်ရင်းကနေ မလှမ်းမကမ်းက စားပွဲမှာထိုင်ကာ ကွန်ပျူတာတစ် လုံးနဲ့ အလုပ်ရှုပ်နေတဲ့ ဥမ္မာဏီကိုပါ တစ်ဆက်တည်း မျက်လုံးဝေ့ ကြည့်လိုက်မိတယ်။ ပြီးတော့မှ ချောင်းတစ်ချက်ကို ဟန့်လိုက်ရင်း က. . .

"ဥမ္မာရေ. . . ဒေါ်တဆုပ်ဆီမှာ မနက်က စစ်ခိုင်းထားတဲ့ စာရင်းတွေပြီးပြီလား သွားမေးချည်စမ်း၊ ပြီးပြီဆိုရင် ယူခဲ့ လိုက်"

"ဟုတ်ကဲ့ မမ"

ဥမ္မာဏီ အပြင်ထွက်သွားတယ်။ ဒီတော့ ရှိသမျှဝန်ထမ်း အားလုံးဟာ အပြင်ဘက်က ဟောခန်းထဲမှာပဲ စုနေကြသလို ဖြစ် သွားတယ်။ ဒီမှာတင်ပဲ သူမကလည်း ထိုင်ရာက ခပ်သွက်သွက်ထ က အင်္ကျီကို တစ်ချက်နှစ်ချက်ဆွဲဆန့်လိုက်ရင်း အပြင်ဘက်ကို လိုက်ထွက်လာခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ညှိထားပြီးသားဆိုတော့ အချိန်က ကွက်တိပါ

သူမ အပြင်ကိုအရောက်မှာတင်ပဲ ရုံးခန်းတံခါးမကြီးကလည်း

သွားကာ အထဲကို ကိုကိုမိုးစွေဝင်လာတယ်။ လက်ထဲမှာကလ

အဖြူရောင်နှင်းဆီတွေချည်း ထုပ်ပိုးထားတဲ့ ပန်းစည်းအကြီးကြီးတ

စည်းနဲ့။

"မောနင်း. . . မ"

သူက အသံကို အားလုံးကြားရလေအောင် အဝေးကြီး

တည်းက အဲဒီစကားကို အော်ပြောရင်း သူမရှိရာဆီကို လျှော

လှမ်းလာတာပါ။ မျက်နှာအမူအရာကလည်း တကယ့်ကို ချိုမြ

တာများ ရုပ်ရှင်မန့်စ်ကားတွေထဲမှာတွေ့ရတဲ့ ချစ်သူကောင်လေး

ချစ်သူကောင်မလေးကို ကြည့်တဲ့ပုံစံမျိုးရယ်ပါ။ ကိုယ့်မှာ ဒါဟာ ကြ

တင်ဇာတ်တိုက် ဟန်ဆောင်ပြနေခြင်းဆိုတာကိုတောင် ခဏမေ့

တကယ်လိုလို ထင်သွားရသေးတယ်။ ကျန်တဲ့လူတွေဆို ပြောမနေ

သူမရှိနေလို့ ပြောင်မကြည့်ရဲတာတောင်မှ မနေနိုင်ဟန်နဲ့ ခိုး

ကြည့်နေကြတော့တာ။ ဒါကိုသိတော့ သူမက သဘောတကျဟ

နဲ့ မသိမသာတစ်ချက်ပြုံးလိုက်မိတယ်။ ဒီအချိန်မှာပဲ သူကလည်

သူမရှေ့တော်မှောက် လက်တကမ်းအကွာမှာ ရောက်နေခဲ့ပြီ။

"ဒီမှာလေ. . . မ၊ မ,အတွက် ကျွန်တော်ဝယ်လာတာ မ

ဘူးလား၊ မ,စားပွဲပေါ်က ပန်းအိုးထဲမှာ ထိုးထားရအော

လို့၊ မ,က နှင်းဆီပန်းကြိုက်တယ်မဟုတ်လား"





သူ့စကားအဆုံး သူမက နှာခေါင်းတစ်ချက်ကို ရှုံ့ပေးလိုက်ရင်း. . .

"ဟင်း. . . မင်းက အပိုအလုပ်တွေ သိပ်လုပ်တာပဲ၊ အလကား အားအားယားယား"

"ဟာ. . . မ,ကလည်း၊ ကျွန်တော်က မ,အတွက်စဉ်းစားပြီး ဝယ်လာပေးတာတဲ့ဟာကို"

"အေးလေကွာ၊ ငါပြောတာကလည်း အဲဒါပဲ၊ မင်းမှာ အချိန်တွေ သိပ်ကိုပေါများနေသလားလို့"

"အားတော့မအားဘူးပေါ့ မရဲ့၊ ဒါပေမယ့် ကိုယ့်ချစ်သူအတွက် ကိုယ်အချိန်ပေးတာပဲဟာ"

"မလိုပါဘူးကွာ၊ အပိုအလုပ်တွေ"

ပြောရင်း သူမက ဝန်ထမ်းတွေကို တစ်ချက်ဝေ့ကြည့်လိုက်တော့ သူမတို့နှစ်ယောက်ကို ကြည့်နေကြတဲ့ခေါင်းတွေက ပြန်လည်သွားကြတယ်။

"မကလည်း. . . ဘယ်လိုကြီးပြောလိုက်တာလဲ၊ ကျွန်တော်က တော့ ချစ်လို့ဝယ်လာပေးတာကို၊ မ,က ရှုပ်တယ်လို့ ထင်တာလား၊ ကျွန်တော့်မှာတော့ ညနေကျရင် မနဲ့ အတူကြည့်ဖို့ဆိုပြီး ရုပ်ရှင်လက်မှတ်နှစ်စောင်တောင် ဖြတ်လာသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်တုန်းက ရုပ်ရှင်ကြည့်မယ်ပြောဖူးလို့လဲ၊ ပြီးတော့ ဒီနေ့ညနေလည်း ငါမအားဘူး၊ ဒင်နာသွားစရာရှိတယ်"

"ဟာ. . . သွားပါပြီမရာ၊ ကျွန်တော်ကတော့ ရင်တခုန်ခုန်နဲ့ လာခဲ့ရတာ၊ ဒင်နာရှိတာက တကယ်ကြီးလား၊ မ,မလိုက်ချင်လို့ ပြောနေတာမှလား"

"ငါက ဘာကိစ္စ မင်းကိုလိမ်ရမှာလဲ၊ ညနေ ဒင်နာတကယ်ရှိတယ်"

"ဒါဆို ကျွန်တော်ပါ မနဲ့အတူ ဒင်နာလိုက်ခဲ့မယ်လေ"

"မခေါ်ပါဘူး၊ ဒီညဒင်နာက အလုပ်ကိစ္စဆွေးနွေးဖို့အတွက် လုပ်တဲ့ဒင်နာ၊ အပျော်သက်သက်မဟုတ်ဘူး"

"ဘာလဲ၊ မ,က ကျွန်တော်နဲ့ လူထဲမှာတွဲမသွားချင်တာလား"

"ကျွတ်. . . မကပ်စမ်းနဲ့ကွာ၊ မင်းနဲ့စကားနိုင်လုဖို့ကိုလည်း ငါ့မှာအချိန်မရှိဘူး"

"ဒါဆို ကျွန်တော်က အခုဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ၊ ပြန်ပေါ့၊ ငါအလုပ်ရှိသေးတယ်"

"ဒါဆို ဒီပန်းတွေကရော"

"ပြန်ယူသွား"





"ဝယ်လာပြီးမှတော့ ယူထားလိုက်ပါလား မ,ရာ၊ နော်"

"မယူဘူး၊ ငါက နှင်းဆီကို ကြည့်နေဖို့ပဲကြိုက်တာ၊ အနံ့မခံနိုင်ဘူး၊ ခေါင်းမူးတယ်"

"ဒါဆို မယူဘူးပေါ့"

"မယူဘူး"

"ဘာကယ်မယူဘူးနော်"

"မယူပါဘူးဆို"

"ပြီးရော. . . မယူရင်လည်း"

ပြောပြီး သူက လှည့်ထွက်သွားကာ တံခါးပေါက်နားရောက်တော့မှ အပေါက်ဝအဝင်ဘေးမှာချထားတဲ့ အမှိုက်ပုံးကြီးထဲကို နှင်းဆီပန်းစည်းကြီးကို ဆောင့်အောင့်ထိုးချ ထည့်ခဲ့လိုက်တော့တယ်။

သူအပြင်ထွက်သွားတော့မှ သူမကလည်း ဝန်ထမ်းတွေကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ပြန်ကာ ချောင်းတစ်ချက်ကို ဟန်လုပ် ဟန့်လိုက်ပြီး ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်လာခဲ့လိုက်တယ်။

အထဲရောက်တော့မှ တံခါးမှာ အသာပြန်ကပ်ရင်း အပြင်ဘက်က အသံတွေကို ပြန်နားစွင့်ရတယ်။

"ပန်းစည်းကြီး နှမြောစရာ၊ တော်တော်လှတာကို"

"ကောင်လေးစိတ်တိုသွားတာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အပျိုကြီးကလည်း တင်းမာလိုက်တာ မပြောပါနဲ့တော့၊ ကိုကိုမိုးစွေက ဒီလောက်သူ့အပေါ် ဂရုတစိုက်ရှိတာကို၊ ငါသာဆို ရင်ခုန်ပြီးတော့ သေမှာ"

"ကိုကိုမိုးစွေက အပျိုကြီးကို တကယ်ကြွေနေတာနော်"

"ဟုတ်တယ်. . . ဦးလူဝကြီးပြောသလို စပွန်ဆာဟုတ်ချင်မှဟုတ်မှာပါ၊ ကိုကိုမိုးစွေကလည်း ငါ့ကိုကျမမြင်ဘဲနဲ့ ဘာလို့များ ဒီအော်ဆွေးကြီးကို ကြွေနေရတယ်မသိပါဘူး"

အပြင်က အသံတွေက သူမကို ဖွဲ့နေကြတာဖြစ်သော်လည်း ဒီတစ်ခါတော့ သူမ စိတ်မဆိုး။ ကိုယ့်လုပ်ရပ်အောင်မြင်သွားတဲ့အတွက် စိတ်ထဲမှာ ကျိတ်ကာပျော်သွားရရင်း ဉမ္မာဏီပြန်ဝင်လာတာနဲ့ တိုးနေမှာစိုးတာနဲ့ ကိုယ့်ခုံမှာကိုယ် ပြန်သွားထိုင်လိုက်စဉ်မှာပဲ သူမဖုန်းဆီကို သူ့ဆီက မက်ဆေ့တစ်စောင်ဝင်လာတော့တယ်။

"အိုခေလား. . . မ"

တဲ့။ အိုခေမှ စိုးပြည်ပါပဲကွယ်။



"တီးတောင်. . . တီးတောင်. . .

တီးတောင်. . . တီးတောင်. . . ."

လူခေါ်ဘဲလ်သံကြောင့် သူမရဲ့မျက်လုံးတွေက ဖျတ်ခနဲပွင့်ကာ အိပ်ရာက နိုးသွားရတယ်။ ဘေးနားက နာရီကို တစ်ချက်ကြည့်လိုက်မိတော့ ညဆယ့်နှစ်နာရီလောက်အချိန်ကြီး။ ဒီအချိန်ကြီးကျမှ ဘယ်သူကများ ဘဲလ်လာတီးတာပါလိမ့်။

သူမက တန်းမထသေးဘူး။ နားကြားများမှားတာလား။ ဒါမှမဟုတ် အိပ်မက်များလားဆိုပြီး ဇဝေဇဝါနဲ့ ငြိမ်နေမိသေးတယ်။

"တီးတောင်. . . တီးဇတောင်. . .

တီးတောင်. . . တီးတောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ သူမ အိပ်ရာထဲကနေ ဆတ်ခနဲထလိုက်မိတယ်။ ဒါ နားကြားမှားတာ မဟုတ်တော့ဘူး။ တစ်ယောက်ယောက်က ကိုယ့်တံခါးဘဲလ်ကို သေသေချာချာကို လာနှိပ်နေတာပါ။

"ဘယ်သူလဲကွာ၊ ဒီအချိန်ကြီး"

သူမက ပွစိပွစိရေရွတ်ကာ တံခါးဆီကို လျှောက်လာခဲ့လိုက်ပြီး တံခါးကို ဖွင့်မယ်ပြင်ပြီးမှ တစ်စုံတစ်ခုကို သွားသတိရလိုက်တယ်။ သူခိုးကြမ်းပိုးတွေဖြစ်နေရင် အခက်မဟုတ်လား။ ဒါနဲ့ အတွင်းထဲ ပြန်ဝင်လာခဲ့လိုက်ကာ အခန်းထဲမှာ လိုရမယ်ရဆောင်ထားတဲ့ ဘေ့စ်ဘောရိုက်တံတစ်ချောင်းကို သွားယူလိုက်ပြီးမှ အခန်းတံခါးကို ဟတယ်ဆိုရုံလေး ဟကြည့်လိုက်ရင်း. . .

"ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ဘယ်က ကျွန်တော်လဲ၊ ဒီအချိန်ကြီးကျမှ"

"ကျွန်တော် ကိုကိုမိုးစွေပါ. . . မ"

"အမ်"

သူမက အံ့သြစိတ်နဲ့အတူ တံခါးကို အခုမှ ရဲရဲဖွင့်ကြည့်လိုက်မိတယ်။ ဒါပေမယ့် အတွင်းက တံခါးကိုသာ ဖွင့်လိုက်တာဖြစ်ပြီး အပြင်ဘက်က သံပန်းတံခါးကိုတော့ မဖွင့်သေးဘဲ. . .





"ကိုကိုမိုးစွေ. . . ညကြီးအချိန်မတော် ဘာလာလုပ်တာလဲ"

"အထဲ. . . အထဲရောက်မှ မေးပါမ,ရာ၊ ယောလောဆယ် တံခါးအရင်ဖွင့်ပေးစမ်းပါ"

"ဟဲ့. . . ငါက တစ်ယောက်တည်းနေတာဟဲ့၊ ဒီအချိန်ကြီး နင့်ကို တံခါးဖွင့်ပေးစရာလား"

"ကျွန်တော့်ကို ယုံစမ်းပါမရာ၊ မ,ကို ကျွန်တော် လက်ဖျားနဲ့တောင် မထိပါဘူး၊ တံခါးကို အရင်ဖွင့်ပေးစမ်းပါ"

သူမက ဖွင့်ပေးရနိုး၊ မဖွင့်ဘဲထားရကောင်းနိုးနဲ့ ဖြစ်နေပြီးမှ ဘာမှတော့မဖြစ်လောက်ပါဘူး(သူ့ကျေးဇူးကလည်း ရှိသေး၊ ပြီးတော့ သူငယ်ချင်းမရဲ့မောင်ကလည်း ဖြစ်နေသေးတယ်မဟုတ်လား) လို့ တွေးလိုက်ပြီး ဖွင့်ပေးလိုက်တော့တယ်။ ဒါပေမယ့် လက်ထဲက တုတ်ကိုတော့ ကျစ်ကျစ်ပါအောင် ကိုင်ထားသေးတာပါ။ သူမက မီးခလုတ်မှန်သမျှကို ဖွင့်ပစ်လိုက်ပြီးမှ သူနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း. . .

"ကဲပြော. . . ဘယ်လိုဖြစ်လာတာလဲ"

"ကျွန်တော်ရန်ဖြစ်လာလို့"



www.burmeseclassic.com

www.burmeseclassic.com



"အမ်! ဒီအချိန်ကြီးကျမှ ဘယ်သူတွေနဲ့ ရန်ဖြစ်လာရတာ တုန်း၊ ပြောစမ်းပါဦး"

"ကလပ်မှာဖြစ်တာ၊ သူတို့က တစ်ဖွဲ့ကြီး၊ ကျွန်တော်က တစ်ယောက်တည်းရယ်၊ ကျွန်တော်လည်း ရှောင်ပါသေးတယ်၊ ဒါပေမယ့် သူတို့က ပိုပိုဆိုးလာတာနဲ့ သည်းမခံနိုင်တဲ့အဆုံး သူတို့ထဲက တစ်ယောက်ရဲ့ခေါင်းကို ပုလင်းနဲ့ ရိုက်ခွဲပြီး ထွက်ပြေးလာတာ"

"ဖြစ်မှာပေါ့၊ အဲဒီလိုနေရာကို သွားတဲ့နောက်တော့၊ ဖြစ်တာတောင်နည်းသေးတယ်၊ အဲဒါက ထားပါတော့၊ မင်းက ဘာဖြစ်လို့ ငါ့ဆီကို လာရတာတုန်း၊ ကိုယ့်အဆောင်ကိုယ် မပြန်ဘဲနဲ့"

"သူတို့က ကျွန်တော့်အဆောင်ကို သိတယ်ဗျာ၊ မကြည်သာတို့အိမ်ကိုလည်း သွားလို့မဖြစ်ဘူး၊ ကျွန်တော်က ကိုယ့်ဒူး ကိုယ်ချွန်မယ်ဆိုပြီး အိမ်ကဆင်းလာတာ၊ မကြည်သာတို့ အိမ်ကိုသွားရင် အမျိုးတွေနဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကိုဟားမှာပေါ့၊ အဲဒါကြောင့် မ,ဆီကိုပဲ ပြေးလာခဲ့လိုက်တာ၊ ဒီညတော့ ကျွန်တော်ဒီမှာပဲ အိပ်မယ်နော် မ၊ ဟိုကောင်တွေက အဆောင်နားမှာသွားစောင့်နေကြမှာ"





"ဒါ. . . ဒါတော့ဘယ်ဖြစ်မလဲ"

"ဘာလို့လဲ၊ ကျွန်တော့်ကို မယုံလို့လား"

"ယုံတာမယုံတာက နောက်မှပါ၊ ငါက ဒီမှာတစ်ယောက်တည်းနေတာဟဲ့၊ ငါအပျိုကြီးဆိုတာလည်း ဒီကွန်ဒိုမှာရှိတဲ့ လူတိုင်းသိတယ်၊ နင့်ကိုဒီမှာထားရင် ငါ့ကိုသူတို့က မေးငေါ့ကြမှာပေါ့"

"စိတ်ချပါမရယ်၊ ဘယ်သူမှ မသိစေရပါဘူး၊ နော် မ. . . နော်"

ပြောနေပုံက မျက်နှာငယ်လေးနဲ့။ သနားကမား အမြင်ကတ်စရာဆိုတာ ဒါမျိုးကိုပြောတာနေမှာ။ ပစ်ပစ်ခါခါငြင်းပစ်လိုက်ရလို့ကလည်း မကောင်း။ ကြည်သာ့မျက်နှာရယ်၊ သူကူညီထားတာတွေကလည်း ရှိသေးတယ်မဟုတ်လား။

ဒီလိုနဲ့နောက်ဆုံးမှာတော့ စိတ်ကိုလျှော့ချပစ်လိုက်ကာ. .

"ကဲ. . . ပြီးရော ပြီးရော၊ ဒါပေမယ့် ဒီတစ်ညပဲနော်၊ မနက်လင်းတာနဲ့ ကိုယ့်အဆောင်ကိုယ်ပြန်၊ ကြားလား"

သူက ခေါင်းကို သွက်သွက်ခါအောင်ညိတ်ပြတယ်။ မျက်နှာကလည်း အခုတော့မှ ပြုံးနိုင်တော့တဲ့အချိုးမျိုး။ သူမက အခန်းတစ်ခုကို မေးငေါ့ပြလိုက်ရင်းက. . .

"မင်း. . . ဟိုအခန်းမှာအိပ်လိုက်၊ အဲဒီထဲမှာ စောင်တွေ

www.burmeseclassic.com



ခေါင်းအုံးတွေလည်း အကုန်ရှိတယ်၊ ကိုယ့်အသိတွေဘာ တွေလာရင် တည်းရအောင်ဆိုပြီး လုပ်ထားတာ၊ ဟုတ်ပြီ လား"

"ဟုတ်. . . ဒါဆိုကျွန်တော် သွားအိပ်တော့မယ်နော်၊ ပြေး လွှားလာရတာဆိုတော့ လူက ဖလက်ပြနေပြီ"

ပြောပြီး သကောင့်သားက အခန်းထဲဝင်ရောက် ပျောက် ကွယ်သွားပေမယ့်လို့ သူမကတော့ ဘော့စ်ဘောရိုက်တံကြီးကို ကိုင် ကာ ထိုင်ငိုင်နေမိတုန်း။ ဒင်းက ယုံရပ့်မလား။ တော်ကြာ ကိုယ်အိပ် ပျော်နေတုန်း ကိုယ့်ပစ္စည်းတွေကို မ,ပြီး လစ်ပြေးသွားရင်ရော။

ဒီလိုတွေးလိုက်မိတာနဲ့ တစ်ပြိုင်နက် သူမက ထိုင်ရာက ထကာ အခန်းတိုင်းမှာရှိသမျှ တံခါးလော့ခ်တွေကို သေချာလိုက်ပိတ် တယ်။ ပြီးတော့ သော့ခတ်ပိတ်ထားခြင်းမရှိတဲ့ ဧည့်ခန်းထဲက ပစ္စည်းတွေကိုလည်း သေချာလိုက်ကြည့်တယ်။ ဒင်း အလွယ်တကူဆွဲယူ သွားလို့ရတဲ့ပစ္စည်း ဘာရှိလဲပေါ့။ တီဗီ၊ DVD Player ၊ Sky Net စက်၊ ပြီးတော့ ဆိုဖာတွေ၊ ထိုင်ခုံတွေ တစ်ခုပြီးတစ်ခုလိုက်ကြည့် ကာ စဉ်းစားခန်းဝင်နေတုန်းမှာပဲ သကောင့်သားအိပ်နေတဲ့အခန်း တံခါးက ဖျတ်ခနဲပွင့်လာတော့. . . သကောင့်သားရဲ့ ခေါင်းကြီး တင် ထွက်လာတော့ လန့်တောင်သွားရတယ်။

သူမက လက်ထဲမှာကိုင်ထားတဲ့တုတ်ကို ပခုံးပေါ်မှာ တမင် တကာ ထမ်းပြထားလိုက်ရင်းကနေ. . .





"ဘာလဲ၊ ဘာချောင်းနေတာလဲ"

"ဘာမှမချောင်းပါဘူး"

"ဒါဆို မအိပ်သေးဘဲနဲ့ ဘာလို့ပြန်ထွက်လာတာလဲ"

"မ,ကို ဂွတ်နိုက်လို့ ပြောမလို့ပါဗျာ၊ ဂွတ်နိုက်နော် မ၊ အိပ်မက်လှလှမက်ပါစေ"

ပြောပြီး ဒင်းခေါင်းက ပြန်ဝင်သွားတယ်။ ဟင်း. . . အပို တွေ လာလုပ်နေသေးတယ်။ အိပ်မှာမအိပ်ဘဲနဲ့။ သူမက ပွစိပွစိ ရေရွတ်ကာ ဧည့်ခန်းထဲကို နောက်တစ်ခေါက် လျှောက်ပတ်ကြည့် လိုက်တယ်။

ဟား. . . ငါအတွေးများချော်နေတာလား။ မယုံသင်္ကာ စိတ်တွေ အတော်ကြီးတာပဲ။ ကြည်သာ့မောင်၊ ပြီးတော့ ဒင်းလိုအ ဆင့်အတန်းတစ်ခုက လူတစ်ယောက်က ဒါမျိုးတော့မလုပ်လောက် ပါဘူး။

ဒီလိုတွေးလိုက်မိတော့လည်း ကိုယ့်ကိုကိုယ်ပြန်ရယ်ချင် သွားရကာ ပြန်အိပ်ဖို့လုပ်ရတယ်။ ဒါပေမယ့် ကိုယ့်အခန်းထဲကို ပြန်မဝင်ခင် သူ့အခန်းနားကို ခြေဖော့ကပ်သွားလိုက်ကာ တံခါး မှာ နားကပ်ပြီး အထဲကို နားစွင့်ဖြစ်အောင်တော့ စွင့်ကြည့်လိုက်ပါ သေးတယ်။ တကယ်အိပ်မအိပ်ပေါ့လေ။ အထဲက ဘာသံမှမကြားရ



www.burmeseclassic.com

www.burmeseclassic.com



တာသေချာသွားတော့မှ စိတ်ဒုံးဒုံးချလိုက်ကာ ကိုယ့်အခန်းထဲကိုယ် ပြန်လာလိုက်ပြီး အခန်းတံခါးကို အထဲကနေ လော့ခ်ကိုသေချာချ ထားလိုက်တယ်။ နောက်တော့မှ ခုတင်ပေါ်မှာ ပြန်လှဲလိုက်ကာ စောင်ကို ရင်ခေါင်းလောက်အထိ ဆွဲယူခြုံထားလိုက်တယ်။

ဒါပေမယ့် မျက်စိတွေက ပြူးကြောင်နေကာ လုံးဝကိုပြန် အိပ်မပျော်။ သွေးမတော်သားမစပ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်းအတူရှိနေရတယ်ဆိုတဲ့အသိက သူမကို နည်းနည်း တော့ စိတ်လှုပ်ရှားစေတယ်။ ဟမ်. . . မဟုတ်သေးပါဘူး။ ဒါစိတ် လှုပ်ရှားတာမဟုတ်ပါဘူး။ စိတ်ရှုပ်တာလား. . . ကြောက်တာလား။ ဘာမှန်းတော့မသိ။ ဒါပေမယ့် အတော့်ကိုနှိပ်စက်တဲ့ ခံစားချက်ကြီး တစ်ခုပါပင်။

အဲဒီလို စိတ်ထဲမှာခိုးလို့ခုလုဖြစ်နေရင်းကနေ "ငါ အခန်း တံခါးလော့ခ်ကိုရော သေချာမှချရဲ့လား"လို့တွေးလိုက်မိကာ (စော စောက သေချာလော့ခ်ချထားတယ်ဆိုတာကိုလည်း သေချာသိနေ ပါရဲ့နဲ့ကိုပဲ ပိုသေချာသွားရအောင်)အိပ်ရာကထပြီး ပြန်စစ်လိုက် မိသေးတယ်။ ဘယ်လောက်ယုံကြည်ရတဲ့သူပဲဖြစ်ဖြစ် ကိုယ်ကိုယ် တိုင်လောက်တော့ ဘယ်သူ့ကိုမှ ယုံလို့မရဘူးမဟုတ်လား။ ဒင်းသာ ဗွေဖောက်ပြီး ကိုယ့်ကိုမတော်မတရားမကြံစည်ဘူးလို့ ဘယ်သူပြော နိုင်လဲ။





လော့ခ်က စိတ်ချရမှန်းသေချာသွားတော့မှ အိပ်ရာထဲမှာ ပြန်လှဲလိုက်မိပြန်ကာ ဟိုလှိမ့်ဒီလှိမ့်၊ ဟိုလျှောက်တွေး၊ ဒီလျှောက် တွေးနဲ့ဖြစ်နေပြန်တယ်။ ဒီအချိန်မှာပဲ အပြင်ဘက်ဆီက "ချွတ်ချွတ်" ဆိုတဲ့ အသံတစ်ခုကို ကြားလိုက်သလိုလိုရှိတာနဲ့ အိပ်ရာဘေးက တုတ်ကို ကောက်ယူလိုက်ပြန်ကာ အပြင်ဧည့်ခန်းဘက်ကို ခေါင်း လေးထွက်ပြီး အသာအကဲခတ်လိုက်မိပြန်တယ်။

ဧည့်ခန်းထဲက မီးတွေကို ပြန်မပိတ်ဘဲထားထားတာမို့ အား လုံးကို ရှင်းရှင်းလင်းလင်းမြင်ရကာ ဘာမှ မသင်္ကာစရာမတွေ့။ ဒါ ပေမယ့် စိတ်ထဲမှာ ပိုရှင်းသွားချင်တာနဲ့ စောစာကလိုပဲ သူ့အခန်း နားကို ခြေဖော့ကပ်သွားလိုက်ကာ တံခါးမှာနားကပ်ရင်း အသာ နားစွင့်မိပြန်တယ်။ သူ့အခန်းထဲက တိတ်ဆိတ်ငြိမ်သက်ကာ ဘာသံ မှမကြားရတော့မှ ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်လာခဲ့လိုက်ပြန်တယ်။

နောက် ခုတင်ပေါ်မှာ ပြန်ဝင်လှဲကာ အိပ်ဖို့ပြင်ရပြန်တယ်။ ဒါပေမယ့် မျက်လုံးတွေက တကယ့်ကိုပြူးကြောင်နေကာ လုံးဝ ပြန်အိပ် လို့မရ။ ဒါနဲ့ အနားမှာရှိတဲ့ ဖုန်းကိုဖွင့်ကာ အင်တာနက်သုံးနေလိုက် တယ်။

သုံးနာရီနီးပါးလောက် အင်တာနက်သုံးပြီးသွားပေမယ့် လည်း အိပ်ချင်စိတ်က လုံးဝပြန်ပေါ်မလာသေး။ ဒါနဲ့ အင်တာနက် ကိုပိတ်ကာ ဇွတ်ကြိတ်မှိတ်အိပ်ဖို့ ကြိုးစားကြည့်တယ်။ မရ။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်မိပြန်တယ်။

ပြီးနောက် အိပ်ရာထဲမှာ ပြန်ဝင်လှဲလိုက်ကာ အင်တာနက်ပြန်ဖွင့်သုံးမိပြန်တယ်။ ဒီလိုနဲ့ နောက်နာရီဝက်လောက် အင်တာနက်ထပ်သုံးပြီးတဲ့ အချိန်လောက်ရောက်တော့မှ မျက်လုံးတွေက နည်းနည်းပြန်မှေးစင်းလာတယ်။ ဒါနဲ့ အင်တာနက်ကိုပိတ်ကာ စောင်ခေါင်းမြီးခြုံထားလိုက်ပြီး ပြန်အိပ်တယ်။

ခဏအကြာမှာတော့ သူမ လောကကြီးနဲ့ အဆက်အသွယ်ပြန်ပြတ်ကာ အိပ်ပျော်သွားပါတော့တယ်။

❀ ❀ ❀



"တီးတောင် . . . တီးတောင်

တီးတောင် . . . တီးတောင် . . . "

လူခေါ်ဘဲလ်သံကြောင့် အိပ်ပျော်နေရာကနေ ဖျတ်ခနဲ ပြန်နိုးလာရပြီး နာရီကို ကမန်းကတမ်းကြည့်မိတော့ နံနက်ရှစ်နာရီခွဲနေပြီ။ ဘုရားရေ . . . သူမ နေမြင့်အောင်အိပ်ပျော်သွားတာပဲ။ အလုပ်သွားရဦးမှာလေ။

ဒအာ . . . မဟုတ်သေးပါဘူး။ အဲဒါက အရေးမကြီးသေးပါဘူး။ အရေးကြီးတာက ဟို . . . ဟိုတစ်ယောက်။

သူမက ခုတင်ပေါ်က ဆင်းကာ အခန်းအပြင်ကို ထွက်အလာမှာပဲ သူကလည်း အခုမှနိုးလာဟန်နဲ့ အခန်းထဲထွက်လာတာနဲ့တိုးတယ်။ အပျင်းကြောတွေဘာတွေတောင် ဆန့်လို့။ သူမက တစ်ခုခုပြောမယ်ပြင်တုန်းမှာတင်ပဲ လူခေါ်ဘဲလ်က ထပ်မြည်လာတာနဲ့ သူ့ကိုအခန်းထဲပြန်ဝင်ဖို့ မျက်ရိပ်ပြရတယ်။ စော်စောစီးစီး



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်လာတီးတာက ဘယ်သူမှန်းမှမသိတာလေ။ တော်ကြာအမေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ ယောက်မတို့လင်မယားလည်း ဖြစ်ချင် ဖြစ်နေမှာ။ သူတို့တွေက တစ်ခါတစ်ခါ ဒီလိုပဲအိမ်ကို အချိန်မ ဟုတ်အခါမဟုတ် စိတ်ကူးပေါက်ရင်ပေါက်သလို ရောက်လာနေ ကျ။ ထားပါတော့။ ဘယ်သူပဲလာလာပါ။ အဲဒါက အရေးမကြီးပါ ဘူး။ အရေးကြီးတာက ဒင်းကို တွေ့မသွားဖို့ပင်။ သူနဲ့ကိုယ်သာ မနေ့ညက ဒီတိုက်ခန်းမှာ နှစ်ယောက်တည်းအတူရှိနေတာကို တစ် ယောက်ယောက်သိသွားလို့ကတော့ မိုးမီးလောင်ပြီပဲ။

ကိုယ်တော်ချောက အခန်းထဲဝင်ဖို့ပြောတာကို ယောင်ဝါးဝါးနဲ့ မေးပြန်ဆတ်ပြကာ ဘာလဲဘာလဲဆိုတဲ့အထာ လုပ်ပြနေတာမို့ သူမက စိတ်မရှည်စွာနဲ့ဘဲ ဒင်းဆီကို အမြန်လျှောက်သွားလိုက် ကာ အခန်းထဲကို ဗွတ်တွန်းပို့ရသေးတယ်။ ပြီးတော့မှ အခန်းတံ ခါးကို သာသာလေး ဟကာ အပြင်ကလူကိုကြည့်လိုက်တဲ့အခါမှာ တော့. . .

"ဟင်! "

အပြင်မှာရောက်နေတာက ကြည်သာခင်ရယ်ပါ။ လက်ထဲ မှာလည်း အထုပ်တွေအပိုးတွေနဲ့။

"ကဲ. . . အပျိုကြီးမမ၊ ချောင်းမကြည့်နေနဲ့၊ တံခါးကိုလှပ် စမ်းပါ၊ အထဲကို အရင်ဝင်ပါရစေ. . . "





"ဩော်. . . အေး"

သူမက တံခါးကိုဖွင့်ပေးလိုက်တော့ ကြည်သာခင်က အထုပ် အပိုးတွေဆွဲကာ အထဲဝင်လာတယ်။ ဂစ်တာတစ်လက်တောင်မှ ပါလာသေး။

ကြည်သာခင်က အထုပ်အပိုးတွေကိုပစ်ချ၊ ဆိုဖာပေါ်ကိုလည်း ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်းက. . .

"အမလေး. . . မောလိုက်တာ၊ ဘယ်မှာလဲ. . . ဟိုအ ကောင် မိုးစွေ၊ အခုထိ အိပ်ရာက မထသေးဘူးလား"

လို့ဆိုတယ်။ ဒီအချိန်မှာတင်ပဲ အခန်းထဲမှာ ပြေးဝင်ပုန်း နေတဲ့သူက အပြင်ကိုထွက်လာရင်း. . .

"ဒီမှာပါ အစ်မရဲ့၊ နိုးနေပါပြီ"

"အေး. . . ဒီမှာနင့်ပစ္စည်းတွေ၊ တွေ့သမျှတော့ အကုန် သယ်လာတာပဲ၊ စုံရဲ့လား. . . စစ်ကြည့်ဦး"

"ရပါတယ်အစ်မရာ၊ ကျန်နေလည်း နောက်မှ အခြေအနေ ကြည့်ပြီး သွားယူလို့ရပါတယ်"

မောင်နှမနှစ်ယောက်က သူမကိုဘေးမှာထားပြီး ပစ္စည်း ပေးအယူတွေသာ လုပ်နေကြတော့ သူမက နားမလည်ဖြစ် လာရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဘာတွေဖြစ်နေကြတာလဲ၊ ငါ့ကိုလည်း နားလ[...] အောင်ရှင်းပြစမ်းပါဦး"

ကြည်သာခင်က ပြောရရင်တော့ ပြောကိုမပြောချင်တေ[...] ပါဘူးဆိုတဲ့ အထာမျိုးနဲ့. . .

"ဘာဖြစ်ရမှာလဲ၊ ညက သူရန်ဖြစ်တာ နင်သိပြီးသား[...] ဟုတ်လား"

"အေးလေ. . . သိလို့ပဲ ညက ဒီမှာလက်ခံပေးထားတ[...] ပေါ့"

"အေး. . . အဲဒါ၊ သူက ညကတည်းက ဖုန်းဆက်ပြီး မန[...] ခင်းအစောကျရင် သူ့အဆောင်နားမှာ အရိပ်အခြည် သွ[...] ကြည့်ပေးပါဆိုလို့ ငါက အခုသွားပြီး အကဲခတ်တာ၊ ည[...] သူရိုက်ခဲ့တဲ့တစ်ယောက်က အခု ဆေးရုံမှာ သတိမ[...] သေးဘူးတဲ့၊ အဲဒါ သူ့အပေါင်းအပါတွေက မိုးစွေနေတဲ့[...] ဆောင်နားမှာ ချောင်းမြောင်းပြီး စောင့်နေကြတယ်လေ[...] သူသာ အခုအချိန်ပြန်သွားလို့ကတော့ အရိုးတခြား၊ အ[...] သားတခြားဖြစ်မှာပဲ၊ အဲဒါကြောင့် သူ့ပစ္စည်းတွေကို ငါက[...] ယူလာပေးတာ၊ သူ့ကို ဒီမှာ နှစ်ရက်သုံးရက်လောက် လက်[...] ခံပေးထားပါယ်"





"ဘယ်လို!. . . အမလေးလေး. . . ဘယ်ဖြစ်မလဲဟဲ့၊ ငါက ဒီမှာ တစ်ယောက်တည်းနေတဲ့အပျိုကြီး၊ သူ့ကိုလက်ခံထား ရင် ပတ်ဝန်းကျင်က ပြောကုန်ကြမှာပေါ့"

"လွယ်ပါတယ်ဟယ်. . . နင်ကလည်း၊ နင့်မောင်တို့ဘာတို့ ပြောထားလိုက်ပေါ့၊ ပြီးတော့ မိုးစွေ၊ နင်ကလည်း အခုရက် ပိုင်းအတွင်း အပြင်မထွက်နဲ့၊ ဒီထဲမှာပဲ ခွေနေလိုက်၊ ဟို ကောင်တွေ သွေးအေးသွားပြီဆိုမှ အကျိုးသင့်အကြောင်း သင့် သွားဖြေရှင်းကြတာပေါ့၊ ခုလိုသွေးပူနေတဲ့အချိန်မှာ သွားရှင်းရင် ဟိုက နင့်ကို ဘာမှတောင်အပြောခံမှာမဟုတ် ဘူး၊ တစ်စစီဖြစ်သွားအောင် ဝိုင်းဖြဲကြမှာ"

"ဟုတ် အစ်မ"

"ဘာ ဟုတ်အစ်မလဲ၊ မဟုတ်ပါဘူး၊ နင့်ဆီမှာလက်ခံထား လည်းရတာပဲ ကြည်သာမရဲ့၊ ဘာကိစ္စ ငါ့ဆီမှာ ထားရမှာ လဲ"

"ငါ့အိမ်ကိုလည်း အဲဒီကောင်တွေက သိတယ်ဟဲ့၊ ခေါ်ထား လို့မဖြစ်ဘူး"

"ဒါဆိုလည်း တခြားအဆောင်ပြောင်းပေးလိုက်ပေါ့"

"ပြောင်းတော့ပြောင်းမှာပေါ့ဟဲ့၊ ဒါပေမယ့် အဆောင်ရှာရ တာက လွယ်တာမဟုတ်ဘူး၊ ပြီးတော့ သူ့မျက်နှာကြီးကို က လူတွေသိနေတာဆိုတော့ သူနဲ့သင့်တော်မယ့် အဆော[...]



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တော်တော်လေးကိုရှာယူရဦးမှာ၊ အခုနေတဲ့အဆောင်ဆိုတာကလည်း အဆောင်လို့သာပြောတာပါ၊ ဟိုလိုပီပီပြင်ပြင်ဖွင့်ထားတဲ့ အဆောင်မဟုတ်ဘူး၊ အိမ်ရှင်က သူ့အိမ်ကြီးက ကြီးနေလို့ အပိုဝင်ငွေလေးရအောင်ဆိုပြီး မျက်နှာသိတွေထဲက လူတချို့ကိုပဲ အဆောင်နေသဘောမျိုးနဲ့ ထားပေးထားတာမျိုး၊ အဲဒါကြောင့် အဆောင်ရှာနေတဲ့ကာလစပ်ကြားမှာ ခဏခေါ်ပေးထားဖို့ပြောတာ"

"ဒါတော့ဒါပေါ့၊ ဒါပေမယ့်. . . ဒါပေမယ့်လို့"

"ဘာမှဒါပေမယ့်လို့မနေနဲ့တော့ဟယ်၊ ငါ့ကိုခင်တယ်ဆိုရင် ဒီတစ်ခါတော့ ကူညီပေးစမ်းပါ၊ ပြီးတော့ ငါ့မောင်အတွက်လည်း ငါအာမခံတယ်၊ နင်. . . မှဲ့တစ်ပေါက်မစွန်းစေရဘူး၊ သူ့မျက်နှာ မထောက်ရင်တောင် ငါ့မျက်နှာလေးကိုတော့ ထောက်ထားပြီး ကူညီစမ်းပါဒေါ်ဗလရယ်. . ."

ဘယ်လိုမှကို ငြင်းလို့မရချေ။ အကြောင်းကြောင်းတွေကို နောက်ဆုံးပိတ် နိဂုံးချုပ်လိုက်တဲ့အခါမှာတော့ တစ်ညပဲနော်လို့ ပြောထားတဲ့လူတစ်ယောက်ကို သူမအိမ်မှာ ရက်အနည်းငယ်ခေါ်ထားဖို့အရေးဆိုတဲ့ နေရာမှာသာ အဆုံးသတ်သွားပါတော့တယ်။

❀ ❀ ❀



လူက အလုပ်လုပ်နေရပေမယ်လို့ စိတ်ကတော့ အိမ်ကိုသာ ပြန်ပြန်ရောက်နေရတယ်။ ဒီအချိန်လောက်ဆို အိမ်မှာတစ်ယောက်တည်း သူဘာတွေလုပ်နေမလဲ။ သူမအခန်းထဲကိုများ ဝင်မွှေနေလေမလား။ အင်း. . . ဒါတော့ မဖြစ်နိုင်လောက်။ အခန်းတံခါးကို သူမ သေသေချာချာ သော့ခတ်ထားခဲ့တာပါ။ ဒါဆို သူဘာတွေလုပ်နေမလဲ။ အင်း. . .။

အို. . . သူဘာတွေလုပ်လုပ် အရေးမကြီး။ အရေးကြီးတာ ကိုယ့်အိမ်ကိုကိုယ် စိတ်မချတာပါပဲ။ ဒါနဲ့ အလုပ်သိမ်းပြီဆိုတာနဲ့ သူမက အိမ်ကိုတန်းနေအောင် ပြန်လာခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုဖွင့်ကာ ဝင်လိုက်ပြီးတာနဲ့ အခန်းထဲကို ဝေ့ဝဲကာ သူ့ကိုရှာမိတယ်။ ဒါပေမယ့် ဧည့်ခန်းဘက်ဆီမှာတော့ သူ့ကိုမတွေ့ရချေ။ ဒါနဲ့ သူ့အတွက်ပေးထားတဲ့ အခန်းနားကို ခြေသံမကြားရအောင်. အသာတိုးကပ်သွားလိုက်ပြီး အထဲကိုနားစွင့်မိပြန်တော့လည်း ဘာသံမှမကြားရ။

ဟုတ်တော့မဟုတ်သေးပါဘူး။ သူအပြင်များသွားသလား။ ဒါလည်း မဖြစ်နိုင်။ သူမက သူ့ကို အခန်းတံခါးသော့ မပေးခဲ့ပါ။ အိမ်ထဲမှာပဲနေဆိုပြီး အပြင်ကနေ သော့ပိတ်ထားခဲ့လိုက်တာဆိုတော့ ဒင်းဟာ ဒီအခန်းထဲမှာပဲ ရှိကိုရှိနေမှာပါ။ အခုလိုဘာသံမှမကြားရပုံထောက်ရင်တော့ အိပ်ပျော်နေတာပဲဖြစ်မှာပါ။ ဟုတ်မှာပါ။ အလုပ်မရှိအကိုင်မရှိဆိုတော့ အိပ်နေဖို့ပဲရှိတာမဟုတ်လား။

သူမက ကိုယ့်အတွေးကို ကိုယ့်ဘာသာအတည်ပြုလိုက်ရင်း သူမ့အခန်းရှိရာကို လျှောက်အလာမှာတင်ပဲ သူမနှာခေါင်းထဲကို တိုးဝင်လာကာက ဟင်းနံ့ပါ။ အသီးအနှံတစ်ခုခုကြော်ရာကနေ ထွက်လာတဲ့ ခရုဆီအနံ့မျိုးပါ။ ဘယ်ကအနံ့လဲ။ သူမက နှာခေါင်းတရှုံ့ရှုံ့လုပ်ရင်းနဲ့ စဉ်းစားရပြန်တယ်။ တစ်ဖက်အခန်းဆီကလား။ မဟုတ်သေးပါဘူး။ သူမ ဒီမှာနေလာတာကြာပါပြီ။ ပြီးတော့ ဒီလိုအဆင့်မြင့်တိုက်ခန်းတွေရဲ့ အားသာချက်က တစ်ဖက်အခန်းကအနံ့ဟာ တစ်ခြားအခန်းကို မကူးနိုင်ပါဘူး။



# အပျိုကြီးအတော

ဒါဆို. . . ဒီအနံ့ဟာ ကိုယ့်အခန်းကပဲပေါ့။

သူမအတွေး မဆုံးလိုက်ပါချေ။ မီးဖိုခန်းဘက်ဆီကနေ ဒွန်းခွက်ကြီးတစ်ချောင်းကိုကိုင်ကာ ထွက်လာတဲ့သူ့ကို တွေ့လိုက်ရပါတော့တယ်။ ခန္ဓာကိုယ်မှာလည်း အေပရွန်တစ်ထည်ကို ဝတ်လို့။ ပုံစံက အိမ်ရှင်မကြီးလိုလို ကမ္ဘာကျော်စားဖိုမှူးကြီးလိုလို။

သူက သူမကိုတွေ့တော့ အားရပါးရပြုံးပြလာရင်းက. . .

"ဟော. . . ပြန်လာပြီလား. . ."

တဲ့။ ကိုယ့်မှာ သူပြောတဲ့စကားကို အလေးမထားအားဘူး။ သူ့ကိုကြည့်ရင်း ကိုယ်သိချင်တာကိုပဲ မေးရတယ်။

"မင်း. . . ဘာတွေလုပ်နေတာလဲ"

"ကျွန်တော်လား၊ ထမင်းဟင်းချက်နေတာလေ၊ မ,အလုပ်ကပြန်လာရင် အဆင်သင့်စားရအောင်ဆိုပြီးတော့၊ အဟဲ . . . ရေခဲသေတ္တာထဲမှာကလည်း ဟင်းချက်စရာတွေ အဆင်သင့်ရှိနေတာနဲ့ လက်စွမ်းပြနေတာ၊ မ,ခဏနားပြီး ရေချိုးလိုက်လေ၊ ပြီးရင် ညစာအတူစားရအောင်၊ အခုတော့ မကျက်သေးဘူး၊ ထပ်ချက်လိုက်ဦးမယ်၊ မ,ရေချိုးအပြီးလောက်ဆိုရင်တော့ အကိုက်လောက်ပါပဲ"

အာဘောင်အာရင်းသန်သန်နဲ့ ပြောပြီး သူက မီးဖိုချောင်ထဲ ပြန်ဝင်သွားတယ်။ သူမလည်း စိတ်တွေကိုဒုံးဒုံးချထားလိုက်အော



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာခဲ့လိုက်တယ်။ ခုတင်ပေါ်ပစ်လှဲကာ အညောင်းအညာပြေသွားအောင် ခဏလောက်အကြောဆန့်နေလိုက်ပြီးမှ ရေချိုးပစ်လိုက်တယ်။ ခေါင်းပါလျှော်ပစ်လိုက်တာမို့ ခေါင်းကဆံပင်တွေကို အခြောက်ခံလို့အပြီးမှာပဲ တံခါးကိုလာခေါက်ရင်း သူ့အသံက ထွက်ပေါ်လာတော့တယ်။

"မ. . . ထမင်းစားလို့ရပြီ၊ ထွက်ခဲ့တော့"

တဲ့။ ဒီလိုနဲ့ ထမင်းဝိုင်းဆီအရောက်မှာတော့ သူမမျက်ခုံးတွေ ပင့်တက်သွားရတော့တယ်။ ချက်ထားတဲ့ဟင်းတွေက ငါးသေတ္တာချက်၊ ကိုက်လန်ကြော်၊ ငရုတ်သီးဆားထောင်း၊ အာလူးသုပ်၊ ပြီးတော့ မရမ်းသီးကို မြေပဲဆံနိုင်းချင်းနဲ့ ထောင်းထားတာကလည်း ပါသေးတယ်။

"မ,က အစပ်စားမစားမသိလို့ မရမ်းသီးကို ငရုတ်သီးထည့်မထောင်းထားဘူး၊ ငရုတ်သီးကိုတော့ ဆား၊ ကြက်သွန်ဖြူနဲ့ထောင်းပေးထားတယ်၊ စားကြည့် မ၊ လျှာလည်သွားမယ်. . . ဟဲဟဲ"

"ဒါ. . . ဒါတွေကို မင်းချက်ထားတာ! မင်းက ဒါမျိုးတွေလည်း ဖြစ်တာပဲလား"

"ဒါပေါ့၊ ကျွန်တော်က ဟင်းချက်ရတာလည်း ဝါသနာပါတယ်လေ၊ အဲဒါကြောင့် လေ့လာထားတာ၊ ချက်သာချက်





ရတာ၊ မ,က ညဘက်တွေ ဟဲဗီးမှစားရဲ့လားလို့၊ မိန်းကလေးတွေ အများစုက ညဘက်အစာကိုလျှော့စားပြီး ဝိတ်ထိန်းတတ်ကြတယ်လေ"

သူမက အသာပြုံးလိုက်ကာ ထိုင်ခုံမှာဝင်ထိုင်လိုက်တော့တယ်။ တကယ်တမ်းစားကြည့်တော့လည်း လက်ရာက တကယ်ကောင်းတာပါပင်။ ဘာမှမဟုတ်တဲ့ ဟင်းအမယ်လေးတွေကိုတောင် အစပ်အဟပ်တည့်အောင် ချက်တတ်တော့ စားကောင်းကောင်းနဲ့ စားလိုက်တာမှာ ဗိုက်တောင်အတော်လေးကိုပဲ တင်းသွားတယ်။

ကိုယ်တစ်ယောက်တည်းဆိုရင် တစ်မျိုးလောက်သာ ချက်စားဖြစ်မှာဖြစ်လို့ သုံးလေးနပ်လောက်စားရမယ့် ဟင်းချက်စရာတွေက တစ်နပ်တည်းနဲ့ ကုန်သွားတယ်။ ဒီညတော့ အိပ်ကောင်းဦးတော့မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထဲမှာ လူးလှိမ့်နေရင်းကနေ အိပ်မပျော်တာနဲ့ အပြင်ထွက်လာလိုက်တော့ သူ့ကို ဧည့်ခန်းထဲမှာ တီဗီထိုင်ကြည့်နေရက်နဲ့ တွေ့လိုက်ရတယ်။

"ဟင်. . . မင်းမအိပ်သေးဘူးလား"

"ဩော. . . အိပ်မပျော်တာနဲ့ တီဗီထိုင်ကြည့်နေတာ"

သူမကလည်း သူနဲ့ ဘေးတိုက်အနေအထားမှာရှိတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ သူကြည့်နေတဲ့ဇာတ်ကားက Valentine's day ဆိုတဲ့ဇာတ်ကား။

ဒီကားက သူမကြည့်ပြီးသားကြီးပါ။ ဒါပေမယ့် အိပ်မပျော်မယ့်အတူတူဆိုပြီး ထိုင်ကြည့်နေမိရင်းကနေ အကြည့်က သူ့ဆီကို ရောက်သွားရတယ်။ သူက အခန်းမီးတွေကိုမှိတ်ထားတာမို့ ဧည့်ခန်းထဲမှာက တီဗီကထွက်လာတဲ့ အလင်းရောင်ပြာလဲ့လဲ့သာရှိနေတာဖြစ်ပြီး အဲဒီပြာလဲ့လဲ့မီးရောင်ဟပ်နေတဲ့ သူ့မျက်နှာက တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



သောဆွဲဆောင်မှုရှိနေသလိုလို။ ဒီတော့ ကြာကြာမကြည့်ရဲဘဲ အ
ကြည့်ကိုလွှဲကာ တီဗီကိုပြန်ကြည့်ရတယ်။ အာခေါင်တွေခြောက်ကာ
ရေဆာလာသလိုလိုပါပဲ။ ဒီအခိုက်မှာပဲ တီဗီထဲက မင်းသားနဲ့မင်းသ
မီးက နှစ်ယောက်သားအနမ်းတွေခြွေတဲ့အခန်းကို ရောက်လာတဲ့
အခါမှာတော့ သူမတစ်ကိုယ်လုံး ရှိန်းခနဲဖိန်းခနဲတောင် ဖြစ်သွားရ
တယ်။

သူ့အကြည့်က သူမဆီကို ဖျတ်ခနဲ။ သူမကလည်း သူ့ကို
နောက်ထပ်ကြည့်လိုက်မိတာနဲ့ အကြည့်ချင်းဆုံသွားတဲ့အခါမှာ
တော့ သူမ ထိုင်ရာကနေ ဝုန်းခနဲထရပ်ပစ်လိုက်မိတယ်။

"ငါ. . . ငါပြန်အိပ်တော့မယ်၊ အိပ်ချင်လာပြီ"

ဆိုပြီး အခန်းထဲကို မြန်မြန်ပြန်ဝင်လာခဲ့လိုက်ရတယ်။
ရင်ထဲမှာက အဝေးကြီးကနေ အားသွန်ခွန်စိုက် ပြေးလာရတဲ့လူတစ်
ယောက်လို မောဟိုက်နေတယ်။ ဒါနဲ့ အိပ်ရာဘေးခုံပေါ်မှာရှိတဲ့
ရေသန့်ဘူးထဲက ရေတွေကို တဂွပ်ဂွပ်မြည်တဲ့အထိ မော့သောက်
ပစ်လိုက်ရတယ်။

ဒါပေမယ့် လှိုက်ဖိုမောနေတုန်းပါပဲ။



# အပျိုကြီးခံယူချက် (၅)

တစ်ခါတစ်ရံ



ပျင်းစရာကောင်းသည်

ဆိုသော်ငြား

*Single is the best .*



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့က အလုပ်ပိတ်တဲ့ရက်မို့ သူမက အဝတ်တွေလျှော်၊ အခန်းသန့်ရှင်းရေးလုပ်ရင်းနဲ့ပဲ မနက်ပိုင်းတစ်ပိုင်းလုံး အချိန်တွေကုန်သွားရတယ်။

သူကလည်း ဧည့်ခန်းထဲမှာ ဖုန်စုပ်စက်နဲ့ ဖုန်တွေလိုက်စုပ်က ဝိုင်းကူလုပ်ပေးတယ်။ ဒီလိုနဲ့ နေ့လယ်ဆယ့်နှစ်နာရီလောက်အချိန်မှာတော့ လူခေါ်ဘဲလ်ကမြည်လာတာနဲ့ ဘယ်သူလဲဆိုတာကို တံခါးလေးအသာဟကာ သွားအကြည့်မှာတော့ မြင်လိုက်ရတာက မာတာမိခင်ကျေးဇူးရှင်ရယ်ပါ။ တစ်ယောက်တည်းတောင်မဟုတ်။ ယောက်မဖြစ်သူ ကျူးကျူးစုံနဲ့အတူ တူတော်မောင်မျောက်လောင်းလေးနှစ်ယောက်တောင် အဆစ်ပါလာသေးတယ်။

"အမလေး. . . အမေ. . . အမေ"

သူမက တစ်ကိုယ်လုံးတုန်တက်သွားရကာ တံခါးကိုမြန်မြန်မြန်ပိတ်လိုက်ပြီးနောက် ဖုန်စုပ်နေတဲ့ သူ့ကို. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဟဲ့. . . အထဲဝင်၊ အထဲဝင်၊ အထဲကိုမြန်မြန်ဝ

"ဘာ. . . ဘာလို့လဲ"

"အမေ. . . အမေလာတယ်၊ မြန်မြန်သွားပါဟဲ့"

ပါးစပ်ကလည်းပြော၊ လက်ကလည်း သူ့ကို သူနေတဲ့အ ခန်းထဲ အတင်းထိုးထည့်ရတယ်။

"အသံမထွက်နဲ့နော်၊ အထဲမှာပဲ တိတ်တိတ်လေးနေ၊ ကြ လား၊ တံခါးကိုလည်း အထဲကနေ လော့ခ်ချထားဦး"

ပြောပြီး စိတ်ချရပြီဆိုတော့မှ တံခါးကိုသွားဖွင့်ပေးရတယ်၊ မျောက်လောင်းနှစ်ကောင်က ခုန်ဆွခုန်ဆွနဲ့ အရင်ဆုံးတိုးဝင်လာ တယ်။

"တီလေး. . . တီလေး၊ ဘာစားစရာရှိလဲ၊ သားဗိုက်ဆာ လို့"

"ဟုတ်တယ်. . . ဟုတ်တယ်၊ သားလည်းဆာတယ်"

စိတ်ညစ်တာ ဒီအသံတွေပါပဲ။ ဒင်းတို့တစ်ခေါက်လောက် လာပြီး ပြန်သွားရင် ကိုယ့်အခန်းဟာ ပွစာကျဲပြီး ကျန်နေခဲ့တော့ တာ။

"တီလေး. . . ချောကလက်ရှိလားဟင်၊ သားကိုကျွေး"

"သား. . . သားက ပန်းသီးစားချင်တာ"





တစ်ယောက်တစ်မျိုး အော်ဟစ်ဆူညံနေတဲ့ တူတော်မောင် နှစ်ယောက်ကိုကြည့်ကာ စိတ်တွေတအားညစ်သွားရတယ်။ ပြောရ ရင်တော့ ဒါလည်း ကိုယ့်သွေးကိုယ့်သားပါပဲ။ မချစ်တာတော့ မဟုတ် ပါဘူး။ ချစ်တာကချစ်တာ စိတ်ရှုပ်တာကစိတ်ရှုပ်တာပါပဲ။ ဒါကို ယောက်မဖြစ်တဲ့ ကျူးကျူးစံကလည်း သိတယ်။ ဒီတော့ ဒင်းလေး တွေကို မျက်လုံးပြူးပြကာ. . .

"ဟဲ့. . . တိတ်တိတ်နေကြစမ်း၊ အခုလေးတင် အိမ်က ထမင်းစားလာတာကို ဘယ်လိုဖြစ်နေကြတာလဲ"

လို့ မိခင်ဖြစ်တဲ့ ယောက်မဖြစ်သူက ဝင်ဟန့်တော့မှ မျောက် လောင်းနှစ်ကောင်က တိတ်သွားကြပေမယ့် အငြိမ်မနေတတ်တဲ့ ဗီဇအတိုင်း တီဗီကိုသွားဖွင့်နေကြပြန်တော့တယ်။ ဒါပေမယ့် အဲဒါကို သူမ စိတ်မဝင်စားအား။ ကိုကိုမိုးစွေရှိနေတဲ့ အခန်းဘက်ကို မျက်လုံးတစ်ချက်စွေကြည့်လိုက်ရင်း. . .

"ဘာ. . . ဘာလာလုပ်တာလဲဟင် အမေ"

ဆိုတော့ အမေက ကော်ဘူးကြီးတစ်ဘူးကို စားပွဲတင်ကာ ခုံမှာဝင်ထိုင်လိုက်ရင်း. . .

"ဒီမှာလေ၊ ညည်းအတွက် ဆိတ်သားအခြောက်ကြော် လာ ပို့တာ၊ ညည်းကလည်း နေနိုင်လိုက်တာလွန်ရော၊ ငါ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်လေးတောင် လာဖော်မရဘူး၊ မနေနိုင်တဲ့ ငါ့အမေကြီးကပဲ လာတွေ့ရတာပေါ့"

"မအားလို့ပါ အမေရဲ့"

"ညည်းပြောလိုက်ရင် ဒါပဲ၊ အခုလို ရုံးပိတ်ရက်ကျတော့ရော ဘာလုပ်နေတုန်းအေ့၊ စိတ်ရှိရင် လာလို့ရပါတယ်၊ ငါ့မယ်. . . ညည်းကိုမွေးထားရတာ မတန်လိုက်တာ"

အမေ့လေသံက ဒါပါပဲ။ အမြဲတမ်းပွစိပွစိနဲ့ မကျေနပ်ချက်တွေကို ရွတ်နေတတ်တာ ဝါသနာလို့တောင် ပြောရမလားမသိ။

သူမက သက်ပြင်းမောကို ကျိတ်ချလိုက်တယ်။

"ဒါနဲ့ ညည်းအခုထိ တစ်ယောက်တည်းပဲလား"

"ရှင်!"

မေမေ့စကားကြောင့် သူမက ကိုကိုမိုးစွေရှိနေတဲ့အခန်းဆီကို မလုံမလဲလှမ်းကြည့်လိုက်ရင်းကနေ. . .

"ဘာ. . . ဘာကိုမေးတာလဲ၊အမေကလည်း"

"ဘာကိုမေးရမှာလဲ၊ ညည်းကို အခုထိ ရည်းစားမရသေးဘူးလား မေးတာ"

"မ. . . မရပါဘူး"

"မရဆို ညည်းက မရှာကို မရှာတာမှလား"





ကျွတ်. . . ဒီအမေတစ်ယောက်တည်းနဲ့ကတော့ ခက်ပါတယ်။ အထဲကသာ ဒီစကားတွေကို ကြားသွားရင် ဘယ်လိုလုပ်မလဲ။ မဟုတ်ဘူး။ အမေ့အသံက ဒီလောက်ကျယ်နေတာ ကြားကို ကြားရမှာပါ။

"အမေကလည်း. . . ဘာတွေပြောနေတာလဲ၊ သမီးက ဘာကိစ္စ ရည်းစားရှာရမှာလဲ၊ ပြီးတော့ စကားကိုတိုးတိုးပြောပါ၊ သူများတွေကြားကုန်ဦးမယ်၊ ရှက်စရာကြီး"

"ဟဲ့. . . ကိုယ့်တိုက်ခန်းထဲမှာ ကိုယ်ပြောတာ၊ ဘယ်သူကကြားမှာလဲ၊ ကြားတော့ရော ဘာဖြစ်လဲ၊ ညည်းဖြစ်နေတာကမှ သဘာဝမကျတာ"

"ကျွတ်. . . အမေနဲ့တော့ ခက်ပါတယ်"

"ခက်မနေနဲ့၊ ငါအခုလာတာ ညည်းကိုပြောစရာရှိလို့၊ ငါ့မိတ်ဆွေတစ်ယောက်ရဲ့သားကို တွေ့ကြည့်စမ်းဟယ်၊ ငါတော့ တွေ့လာခဲ့ပြီးပြီ၊ သဘောကျတယ်"

"ဟာ. . . လုပ်လာပြန်ပြီလားအမေရယ်၊ အဲဒါမျိုးတွေ မလုပ်ပါနဲ့တော့ဆိုနေ၊ သမီးမတွေ့ချင်ဘူး"

"ဟဲ့. . . ဟိုက ဒေါက်တာဟဲ့၊ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားတာ၊ အသက်ကလည်း ညည်းနဲ့ရွယ်တူလောက်ပဲ၊ အခုလို



www.burmeseclassic.com

www.burmeseclassic.com



သင့်တော်တာလေးတွေ့တုန်းမှာ ငြင်းမနေနဲ့တော့၊ ညည်းကိုယ်ညည်း ဆယ့်ခြောက်နှစ် အပျိုလေးများမှတ်နေလား၊ ကြာရင် ဒီထက်ဟိုင်းလာတော့မှာ”

“ဟိုင်းတော့ရော ဘာဖြစ်တုန်း၊ ယောက်ျားမယူလည်း သမီးဘဝကိုသမီး ထိန်းကျောင်းနိုင်နေတာပဲဟာ”

“ထိန်းကြောင်းနိုင်ယုံနဲ့မှမပြီးတာ၊ စာဆိုတောင်ရှိသေးတယ်၊ မောင်တစ်ကျိပ်ပင်ရှိလင့်ကစား ယောက်ျားမရှိတဲ့မိန်းမဟာ လောကအလယ် မတင့်တယ်ဘူးတဲ့၊ အဲဒီတော့ညည်းအိမ်ထောင်ကျသွားမှကို ငါစိတ်အေးရမှာပါအေ၊ ငါကလည်း အသက်ကြီးပြီ နောက်ဘယ်နှနှစ်မှ နေရတော့မှာမဟုတ်ဘူး၊ အဲဒီတော့ ငါမသေခင် ညည်းကို လင်နဲ့သားနဲ့ ဖြစ်သွားတာကို မြင်ချင်တယ်၊ တော်ပြီအေ၊ ညည်းနဲ့အငြင်းအခုံမလုပ်ချင်ဘူး၊ လိုရင်းက ညည်း. . . ငါပြောတဲ့သူနဲ့သွားတွေ့၊ ဒါပဲ”

“မတွေ့ပါဘူး၊ ဘာလို့တွေ့ရမှာလဲ၊ လုံးဝမတွေ့နိုင်ဘူး”

“မိကေသီ. . . ညည်းတော်တော် လက်ပေါက်ကတ်တာပဲ၊ ဟင်း. . . အံ့သြစရာတော့ မရှိပါဘူး၊ အဲဒါကြောင့်အပျိုကြီး





ဖြစ်နေတာ၊ ကိုယ်ကိုယ်တိုင်ကလည်း အဖြစ်မရှိ၊ သူများကကူညီစီစဉ်ပေးတော့လည်း လက်မခံ၊ ဘယ်လိုအရွတ်တုံးကြီးကို ငါမွေးထားမိမှန်းကိုမသိပါဘူး”

“ဟဲ့. . . မျောက်လောင်းတွေ၊ ဘာလို့အဲဒီအခန်းကို သွားဖွင့်နေတာလဲ၊ မဖွင့်နဲ့”

အမေ့ဆီမှာ အာရုံရောက်နေတုန်းမှာပဲ ကိုယ့်အာရုံထဲကနေ လွတ်နေတဲ့မျောက်လောင်းနှစ်ယောက်က ကိုကိုမိုးစွေရှိနေတဲ့အခန်းကို ခြေစုံကန်ပြီး ဆွဲဖွင့်နေကြတာကိုတွေ့လိုက်ရတာမို့ သူမရင်ထဲ ထိတ်ခနဲဖြစ်သွားကာ အာခေါင်ခြစ်ပြီးလှမ်းအော်လိုက်မိတော့ အမေတောင်လန့်သွားပြီး ဘုရားတွေဘာတွေတ,ကုန်တယ်။ ဒီတော့မှ ကျူးကျူးစံကလည်း သူ့သားတွေကို မျက်လုံးလှမ်းပြူးပြရင်း. . .

“ဟဲ့. . . နင်တို့ကို ငြိမ်ငြိမ်နေလို့ပြောနေတာ မရဘူးလား၊ နာချင်လို့လား. . . ဟမ်”

ဆိုတော့မှ နှစ်ကောင်သားက ဇက်ကလေးတွေပုကာ တံခါးနားက ခွာလာကြပေမယ့် အနားလည်းရောက်ရော. . .

“အန်တီလေး. . . သားဗိုက်ဆာတယ်၊ မုန့်ကျွေး”

“သားလည်း မုန့်စားချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပြန်ရော။ ဒါနဲ့သူမက သက်ပြင်းမောကို အကျယ်ကြီးလုပ်ကာ ချလိုက်ရင်း. . .

"ကဲ. . . ရေခဲသေတ္တာထဲမှာ ရှိတယ်ဟေ့၊ ကြိုက်တာသာ သွားယူစားကြပေတော့၊ စိတ်ညစ်ရတဲ့အထဲ နင်တို့က တစ်မျိုး၊ ဟင်း. . . ယောက်ျားမယူချင်တာ အဲဒါတွေလည်းပါတယ်"

နှစ်ယောက်သားက ရေခဲသေတ္တာရှိတဲ့ မီးဖိုချောင်ထဲဘက်ကို ပြေးလွှားထွက်သွားကြပြန်တယ်။ ဒီအချိန်မှာပဲ ကိုကိုမိုးစွေရှိတဲ့ အခန်းထဲဆီကနေ တစ်ခုခုပြုတ်ကျသံ "ဒုန်း" ခနဲထွက်ပေါ်လာတယ်။ သူမက မကြားချင်ယောင်ဆောင်ကာ လှည့်မကြည့်မိပေမယ့် လို့ အမေနဲ့ယောက်မတို့ရဲ့ခေါင်းတွေကတော့ အဲဒီဘက်ဆီကို လည်ထွက်သွားကြတယ်။

"ဟဲ့. . . ဘာသံလဲ"

"မကေသီ. . . ဟိုထဲက ဘာသံလဲမသိဘူး"

"ဘာ. . . ဘာသံကြားလို့လဲ၊ မကြားမိပါဘူး"

"မဟုတ်ဘူးနော်၊ တစ်ခုခု ပြုတ်ကျတဲ့အသံမျိုး"

"နားကြားလွဲတာဖြစ်မှာပါ၊ ငါဖြင့်ဘာမှမကြားမိပါဘူး ယောက်မရဲ့"





"ဟဲ့. . . ငါတို့နှစ်ယောက်စလုံးကြားတာ နားကြားလွဲတာ ဘယ်လိုလုပ်ဖြစ်မှာလဲ၊ လာ သွားကြည့်ရအောင်"

ပြောရင်း အမေက မတ်တပ်ထရပ်လိုက်တာမို့ သူမက အလန့်တကြားဟန်နဲ့ အမေ့လက်ကိုဖမ်းဆွဲထားလိုက်ရင်းက. . .

"ဘာ. . . ဘာမှမရှိပါဘူးအမေရဲ့၊ ထားလိုက်ပါ"

"ဘာမှမရှိဘဲ အသံထွက်မလားဟဲ့၊ တစ်ခုခုရှိလို့ပေါ့"

"ဟို. . . ဟိုဟာပါ၊ သြော်. . . သိပြီ၊ ကြောင်. . . ကြောင်"

"ကြောင်!၊ ညည်းက ကြောင်မွေးထားလို့လား"

"ဟုတ်. . . ဟုတ်တယ်၊ အဟာ. . . တစ်ယောက်တည်းနေရတာပျင်းတာနဲ့ ကြောင်မွေးထားတာ၊ ကြောင်ပိန်လေးပါ အမေရယ်၊ နေစရာမရှိဘူးနဲ့တူပါတယ်၊ တစ်နေ့က လမ်းမှာတွေ့တာနဲ့ သနားလို့ကောက်လာတာ၊ သမီးလည်း အဖော်ရတာပေါ့"

ဒီတော့မှ မေမေက နေရာမှာ ပြန်ထိုင်လိုက်ရင်း. . .

"အဲဒါကြောင့် ညည်းကိုပြောတာပေါ့၊ ယောက်ျားယူပါဆိုနေ"

"အင်း. . . အင်းပါအမေရယ်၊ အမေသွားတွေ့ဆိုလည်း သွားတွေ့ကြည့်ပါ့မယ်၊ ဒါပေမယ့် သမီးယူမယ်လို့ အမ



www.burmeseclassic.com

www.burmeseclassic.com



မခံဘူးနော်၊ အခု. . . အခုတော့ အမေတို့ပြန်လိုက်တော့ နော်. . . နော်"

"ဟဲ့. . . ဘာလို့ ဇွတ်နှင်နေရတာလဲ၊ ငါတို့က ညနေခင်း မှပြန်မှာ"

"ရှင်! မ. . . မဟုတ်ဘူးအမေရဲ့၊ သမီးက အပြင်သွားစရာ ရှိလို့"

"သွားပေါ့၊ အဲဒါဘာဖြစ်လဲ၊ ငါတို့ဘာသာ ဒီမှာနေခဲ့မယ် လေ၊ အိမ်စောင့်တောင်ရသေးတယ်"

"မဟုတ်. . . မဟုတ်ဘူးလေ၊ သမီးက ညဆယ်နာရီထိုး လောက်ကျမှ ပြန်လာရမှာ၊ အဲဒါကြောင့်မို့လို့၊ အခန်းကို သော့ခတ်သွားချင်လို့"

"ညဆယ်နာရီမှ! ဟုတ်လား၊ ဘာကိစ္စမို့လို့ အဲလောက် နောက်ကျမှပြန်လာမှာလဲ"

"ဟို. . . ဟိုဟာ၊ ဪ. . . နိုင်ငံခြားသားဧည့်သည်တွေ ကို ဒင်နာလိုက်ကျွေးရမှာမို့လို့ပါ၊ အဲဒါကြောင့် ပြန်. . . ပြန်လိုက်တော့နော်. . . နော်"

"ပြီးရောအေ. . . ပြီးရော၊ ဒါနဲ့ ငါတွေ့ခိုင်းတဲ့လူကို ညည်း သွားတွေ့မှာ သေချာတယ်နော်"





"အင်း. . . အင်းပါ၊ တွေ့ပါ့မယ်ဆိုနေ"

"ပြီးတာပဲ၊ ဒါဆို အချိန်နဲ့နေရာကို ငါဖုန်းဆက်လိုက်မယ်၊ ကြားလား၊ ဒီမှာ သူ့ဓာတ်ပုံ၊ ညည်းကြည့်ရအောင် ငါယူ လာတာ"

မေမေတို့ပြန်သွားတော့မှ သူမက သက်ပြင်းမောကို ရှဲရှဲ ချရဲတော့ကာ သူ့အခန်းတံခါးကိုသွားခေါက်လိုက်ရင်း "ထွက်ခဲ့တော့၊ ပြန်သွားပြီ" လို့ပြောရတယ်။ ဒီတော့မှ သူက အထဲကပြန်ထွက် လာတယ်။

သူမကတော့ မေမေယူလာပေးတဲ့ ဆိတ်သားအခြောက် ကြော်ကို မီးဖိုချောင်ထဲက ကြောင်အိမ်ထဲထည့်ဖို့ ထွက်လာခဲ့လိုက် တယ်။ ဒါပေမယ့် မီးဖိုချောင်ထဲကို လှမ်းဝင်လာခဲ့စဉ်မှာတော့ ဘယ်လိုကနေဘယ်လို ကြမ်းပြင်ပေါ်မှာ ဖိတ်ကျနေမှန်းမသိတဲ့ ဆီကွက်တစ်ခုကို နင်းမိပြီး ဘိုင်းခနဲချော်လဲတော့တယ်။

"အား"

သူမရဲ့ နာနာကျင်ကျင် အော်သံအဆုံး သူက မီးဖိုချောင် ထဲကို ပြေးဝင်လာတယ်။

"ဟာ. . . မ၊ ဘာဖြစ်တာလဲ၊ ချော်လဲတာလား"

"အာ. . . ကျွတ်ကျွတ်. . . နာလိုက်တာ၊ ဒါ. . . ဟိုသေ



www.burmeseclassic.com

www.burmeseclassic.com



နာမျောက်လောင်းနှစ်ကောင်ရဲ့ လက်ချက်ပဲဖြစ်မှာ၊ ဆိ လင်းကို ဘာကိစ္စယူကိုင်ရတာလဲမသိဘူး”

“ရလား,မ၊ ကျွန်တော်ထူပေးမယ်နော်”

သူက သူမကို လက်မောင်းရင်းကနေ ဆုပ်ကိုင်ကာ ဆွဲ ပေးဖို့လုပ်တယ်။ ဒါပေမယ့် ညာဘက်ခြေထောက်က ဘယ်လိုမှ ထောက်မရ။ တအားကိုနာနေတော့. . .

“အား. . . မရ. . . မရဘူး၊ ခြေထောက်က ကျိုးများကျိုး သွားတာလားမသိဘူး၊ ထောက်မရဘူး”

သူမစကားအဆုံးမှာတင်ပဲ သူက ဘာမပြောညာမပြော သူမကို စွေ့ခနဲပွေ့ယူပစ်လိုက်တယ်။ သူမတစ်ကိုယ်လုံး ရှိန်းခနဲ

“ဟဲ့. . . ဟဲ့. . . ဘာလုပ်တာလဲ၊ ချ. . . ခုပြန်ချ”

သူမက ရှက်လန့်တကြားနဲ့ သူ့ရင်ဘတ်ကို တဘုန်းဘုန်း ထုရင်းမအော်တော့ သူကပြုံးလိုက်ရင်း. . .

“မရဲ့ခြေထောက်ကမှ ထောက်လို့မရတာ၊ ဒီလိုလုပ်မှ ရတော့မှာပေါ့”

လို့ဆိုတယ်။ ပြီးတော့ အဲဒီအတိုင်းပဲပွေ့ချီလာပြီး ဧည့်ခန်း ထဲက ခုံတစ်လုံးပေါ်မှာ ချပေးတယ်။ သူမကတော့ သူ့ဆီက အထိ





အတွေ့ကြောင့် တစ်ကိုယ်လုံးထူပူကာ လူက လေထဲမှာလွင့်နေသ လို ခံစားနေရတော့တယ်။

ဒီအချိန်မှာပဲ သူက ပရုတ်ဆီဘူးတစ်ဘူးကိုယူကာ အနား ကိုပြန်ရောက်လာရင်း အောက်ကြမ်းပြင်ပေါ်မှာထိုင်ချလိုက်ကာ သူမခြေထောက်ကို ဆွဲယူလိုက်တယ်။

“ဟဲ့. . . ဘာ. . . ဘာလုပ်မလို့လဲ”

“ဆေးလူးပေးမလို့လေ”

“မလုပ်. . . မလုပ်နဲ့၊ ငါ့ဘာသာလုပ်မယ်၊ ပေး”

သူမက သူ့လက်ထဲကဆေးဘူးကို လှမ်းယူမယ်လုပ်တော့ သူက သူမလက်တွေကိုပုတ်ထုတ်ပစ်လိုက်ကာ သူမကို မော့ကြည့် လာရင်းက. . .

“ငြိမ်ငြိမ်နေစမ်းပါ၊ ဒီက စေတနာနဲ့လုပ်ပေးမှာကို၊ အ သာနေ၊ လှုပ်ရင် ပိုနာလိမ့်မယ်”

လို့ဆိုတယ်။ သူ့ပုံစံက လူကြီးတစ်ယောက်က ကလေးတစ် ယောက်ကို ငေါက်သလိုမျိုး ခပ်ဆတ်ဆတ်နဲ့ လေသံတွေဘာတွေ တောင်မှ မာလို့။

ဒီတော့ သူမမှာ ငြိမ်သွားရတယ်။ ဒါပေမယ့် ကြောက်လို့ တော့မဟုတ်။ ရင်တွေခုန်နေလို့။ ဟုတ်တယ်။ သူမရင်တွေ တအား ကို ခုန်လှုပ်နေတာ သူမသာအသိဆုံး။ ဒါ. . . ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



အာ. . . ဘာတွေလျှောက်စဉ်းစားနေမိပါလိမ့်။ ရှင်းရှင်းလေးပဲဟာ။ ရှက်လို့ ခုန်တာနေမှာပေါ့။ သူစိမ်းယောကျ်ားလေးတစ်ယောက်က ကိုယ့်ကို ပွေ့လည်းပွေ့ချီသွားသေး၊ ခြေထောက်ကိုလည်း ဆေးလူးပေးနေသေးတော့ ရှက်ပြီး ရင်တွေခုန်လာတာပေါ့။ ဘယ်သူမဆို ဒီလိုပဲဖြစ်မှာပါပဲ။ ဘာမှ ထူးဆန်းတဲ့ကိစ္စမဟုတ်ဘူး။ လျှောက်မတွေးနဲ့ မိကေသီ။ ဘာမှ ဆန်းဆန်းပြားပြားတွေ လျှောက်မတွေးနဲ့။

"ကျိုးတော့ မကျိုးလောက်ပါဘူး၊ ဖြစ်ကာစမို့ နာနေတာနေမှာပါ၊ အခုရော နာသေးလား၊ စောစောကလောက်"

သူက အဲဒီစကားကို သူမမျက်နှာဆီ မော့ကြည့်ရင်း မေးလာတာပါ။ သူမက ထူပူနေတာဆိုတော့ သူ့မျက်နှာကိုတောင် ငေးလို့ငေးနေမိမှန်း သတိမထားလိုက်မိ။ သူက "မ. . မေးနေတယ်လေ"ဆိုတော့မှ သတိက ပြန်ကပ်လာတယ်။ ဒီတော့မှ သူမက ကြောင်တောင်တောင်ပုံစံနဲ့. . .

"ဟင်. . . ဘာ. . . ဘာမေးလိုက်တာလဲ"

"ဖြစ်စ,ကလောက် နာနေသေးလားလို့မေးတာ"

"ဩော. . . ရ. . . ရပြီ၊ မနာတော့ဘူး၊ ရပြီ"





ဆိုပြီး သူ့လက်တွေထဲက ကိုယ့်ခြေထောက်ကို ပြန်ရုတ်ရတယ်။ ဒီတော့မှ သူက အောက်ကြမ်းပြင်ပေါ်မှာထိုင်နေရင်းနေ ကိုယ်နဲ့မျက်နှာချင်းဆိုင်က ခုံပေါ်ကို သွားပြောင်းထိုင်တယ်။ တော့မှ စားပွဲပေါ်မှာ စောစောက အမေတင်ထားခဲ့တဲ့ (သူမ ောင် လုံးဝမကြည့်ရသေးတဲ့) ဓာတ်ပုံကို ယူကြည့်လိုက်ရင်း. . .

"မ,က ဒီလူကို တကယ်သွားတွေ့မှာလား"

"ဩော. . . အင်း၊ အမေက ခိုင်းနေတော့လည်း သွားတွေ့ရမှာပေါ့"

သူက ခေါင်းညိတ်တယ်။ နောက်တော့ ဓာတ်ပုံကို စားပွဲပေါ် ပြန်တင်လိုက်ရင်း. . .

"ဒီည ကျွန်တော်အပြင်သွားစရာရှိတယ်မ၊ ရှိုးပွဲတစ်ခုလက်ခံထားတာ သွားလျှောက်ပေးရမယ်"

"ဩော်. . . အင်း၊ သော့တွဲထဲမှာ တံခါးမကြီးဖွင့်တဲ့သော့နှစ်ချောင်းရှိတယ်၊ အဲဒီအထဲက တစ်ချောင်းယူသွားလိုက်လေ၊ ဒါနဲ့ ဟို. . . မင်းနဲ့ပြဿနာတက်ထားတဲ့ ကောင်တွေနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

သူမစကားအဆုံး သူက ပြုံးတယ်။ ပြီးမှ. . .

"ရပါတယ်၊ ကျွန်တော်ကြည့်ရှောင်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ သူမကလည်း ခေါင်းညိတ်ပြလိုက်တယ်။ ခြေထော
ဆီက သိပ်မနာတော့ပေမယ့် ရင်ထဲမှာတော့ သိပ်မတည်ငြိမ်
သေး။ အလုပ်တစ်ခုခုကို ပင်ပင်ပန်းပန်းလုပ်ထားရသလို
အဝေးကြီးကနေ မနားတမ်းပြေးလာရသူ တစ်ယောက်လိုလိုပုံစံမျိ
ရင်ထဲမှာ လှိုက်လှိုက်ပြီးတော့ကို မောနေတာမျိုးပါ။ အသက်ရှူကလ
မဝချင်။ တံခါးတွေ အကုန်လုံးပိတ်ထားလို့များ အောက်ဆီ
အလုံအလောက် မရလေရော့သလား။



နာရီကိုကြည့်မိတော့ ဆယ့်နှစ်နာရီထိုးနေပြီ။ အခုထိ သူ
မလာသေး။ ဘာလို့ဒီလောက်တောင် နောက်ကျရတာပါလိမ့်။
ုပ်စုနဲ့တွေ့ပြီးတော့များ တစ်ခုခုဖြစ်နေလို့လား။ ဒါမှမဟုတ်
ြားအကြောင်းတစ်ခုခုကြောင့်များလား။

အတွေးပေါင်းစုံနဲ့ ဘက်ပေါင်းစုံကနေ လှည့်ပတ်တွေးရင်း
ကြည့်လိုက်၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်
က်နဲ့ တစ်ယောက်တည်း ဂဏှာမငြိမ်ဖြစ်နေရတယ်။

ဖုန်းဆက်ရင်ကောင်းမလားဆိုပြီး သူ့ဖုန်းနံပါတ်တွေကို
ပြီး ပြန်ပြန်ဖျက်ပစ်မိတာလည်း အကြိမ်ပေါင်းမနည်းတော့။
ပမယ့် တစ်ခုခုအကြောင်းထူးရင်တော့ သူဖုန်းဆက်မှာပါလေဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မဆက်ဖြစ်။ ဘာမှမဖြစ်လို့သာ မဆက်တာပေါ့လို့တွေးမိတယ်၊ ဆိုကိုယ်ကရော. . . ဘာကြောင့် သူ့ကို ဒီလောက်ပူပန်နေရတာတဲ့ ဒါကျတော့လည်း မတွေးတတ်။ အဲဒါကိုတွေးလိုက်မိတိုင်း နေ့လ က သူပွေ့ချီသွားတဲ့အဖြစ်အပျက်ကို ပြန်ပြန်မြင်ပြီး မနေတတ်မ တတ်ဖြစ်ဖြစ်လာတတ်လို့ မတွေးမိအောင်နေရတယ်။

ဒီအချိန်မှာပဲ အခန်းတံခါးသော့ဖွင့်သံ ထွက်ပေါ်လာ ကြောင့် ရင်ထဲမှာဒိတ်ခနဲ ခုန်လှုပ်သွားရပြန်တယ်။ ဟား. . . လုံးနဲ့တော့ ခက်ပါပြီ။ ဘာ့ကြောင့်များ ဒီလောက်လှုပ်ခတ်က တည်မငြိမ်ဖြစ်နေရသလဲမသိ။

"ဟာ. . . မ,မအိပ်သေးဘူးလား၊ ကျွန်တော့်ကိုစောင့ တာလား၊ ဟုတ်လား"

သူ့အမေးကြောင့် မျက်နှာတစ်ခုလုံး ပူထူသွားရကာ.

"မ. . . မစောင့်ပါဘူး၊ ဘာကိစ္စစောင့်ရမှာလဲ၊ တစ် နိုးတာ၊ ပြန်အိပ်မပျော်တာနဲ့ တီဗီထိုင်ကြည့်နေတာ"

ပြောပြီး ယုံမယုံဆိုတာကို သူ့မျက်နှာခိုးကြည့် အကဲခ သေးတယ်။ သူ့မျက်နှာက ပင်ပန်းလာသလိုနဲ့ နည်းနည်းနွမ် တယ်။ မှန်းဆလို့မရ။ ဒါပေမယ့် ပြုံးပြလာရင်းက. . .

"ဟုတ်လို့လား၊ မ,ကျွန်တော့်ကို စောင့်နေတာမဟုတ်လ မှန်မှန်ပြော၊ မလိမ်နဲ့နော်"





တဲ့။

"ဘာကိစ္စလိမ်ရမှာလဲ. . . ငါက"

သူမက ခပ်ဆတ်ဆတ်ပြောလိုက်တော့ သူက ပြုံးပြန် တယ်။ ဒါပေမယ့် ဘာမှတော့မပြော။ အပေါ်က ထပ်ဝတ်ထားတဲ့ အင်္ကျီကိုချွတ်ရင်း သူမနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တယ်။

"ဒါနဲ့ ဘာလို့ ဒီလောက်တောင် နောက်ကျနေတာလဲ၊ ငါ က တစ်ခုခုများဖြစ်နေတာလားလို့"

"ရှုံးပွဲပြီးတော့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ စားသောက်ဆိုင် ရောက်သွားလို့ပါ၊ ဘာလဲ. . . မ,က ကျွန်တော့်အတွက် စိတ်ပူတယ်ပေါ့"

"အေးပေါ့"

ပါးစပ်က လွှတ်ခနဲထွက်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ဘရိတ်အုပ်ရတယ်။ သူ့မျက်လုံးတွေကတော့ အရောင်တွေ တစ် ချက်လက်သွားရင်း(ကိုယ့်အထင်လည်း ဖြစ်ချင်ဖြစ်မှာပါ) ကိုယ်ကို ရှေ့ ဘက်သို့ ကိုင်းလာကာ. ..

"ဟုတ်လား. . . ဘာလို့စိတ်ပူတာလဲ"

". . . . ."

"မ. . . မေးနေတယ်လေဗျာ၊ ဘာလို့စိတ်ပူတာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



“ဟို. . . ဟိုဟာ. . . ဩော်. . . ဘာလို့ရှိရမှာလဲ၊ နင့်အစ်မ ကြည်သာက နင့်ကို ငါ့လက်ထဲအပ်ထားတာဟဲ့၊ နင်တစ်ခုခုဖြစ်သွားရင် ငါဘယ်ကောင်းမလဲ”

“အော. . . အဲဒါကြောင့်လား၊ အဲဒါကြောင့်စိတ်ပူတာပေါ့ဟုတ်လား”

“အေးပေါ့၊ ဒီ့အပြင် ငါက ဘာအကြောင်းနဲ့စိတ်ပူရဦးမှာလဲ”

သူက ဘာမှမပြော။ သူမကိုသာ ခပ်ဆွေးဆွေးပုံစံနဲ့ စိုက်ကြည့်လာတယ်။ အဲဒီအကြည့်ကြောင့် ရင်ဘတ်က ဂဏှာမငြိမ်ဖြစ်ချင်လာပြန်တာနဲ့ ထိုင်ရာကနေ ထရပ်လိုက်ကာ. . .

“ကဲ. . . ငါပြန်အိပ်တော့မယ်၊ နင်လည်း ပင်ပန်းလာမှာပေါ့၊ အိပ်တော့”

အခန်းထဲရောက်လာပေမယ့် သူ့အကြည့်ကို မျက်လုံးထဲက ထုတ်လို့မရသေး။ ဟား. . . မိကေသီ။ နင်ဘယ်လိုဖြစ်နေလဲ။ ဘာဖြစ်လို့ ဒီလိုခံစားချက်တွေကို မွေးထုတ်နေရတာလဲ။ ရပ်စမ်း။ နင့်ခံစားချက်တွေကို ဒီလောက်နဲ့ပဲရပ်စမ်း။



# အပျိုကြီးခံယူချက် (၆)

ယောကျာ်းတို့သည်
အပူမျိုးများဖြစ်၍
ယောကျာ်းယူခြင်းသည်
အပူရှာခြင်းပင်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

စိတ်မပါသော်လည်း အမေ့ကို သွားမယ်လို့ ကတိပေးထားပြီးသားမို့ ဒေါက်တာချစ်ဦးနော်ရှိရာဆိုင်ကို ထွက်လာခဲ့လိုက်တယ်။ ဒါပေမယ့် အဲဒီဆိုင်ကို သူမရောက်သွားတော့ သူက မရောက်သေးဘူး။ အမေကပြောတော့ "သူက ဆယ့်ငါးမိနစ်လောက် ကြိုရောက်နေလိမ့်မယ်"တဲ့။ အလကား။

သူမက ပွစိပွစိရေရွတ်ကာ နီးရာစားပွဲဝိုင်းတစ်ခုမှာပဲ ဝင်ထိုင်မယ်အလုပ်မှာ. . .

"မကေသီ. . . မကေသီ"

ဆိုတဲ့ခေါ်သံကြောင့် သူမက အသံလာရာဆီကို လှမ်းကြည့်လိုက်တော့ ထိပ်ပြောင်ပြောင်နဲ့လူကြီးတစ်ယောက်က သူမကိုလက်လှမ်းပြနေတာကို တွေ့လိုက်ရတယ်။ ဒါပေမယ့် အဲဒီလူကြီးက သူမ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ကိုယ့်ကိုခေါ်တာမှဟုတ်ရဲ့လားဆိုပြီး ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိပေမယ့်လည်း ကိုယ့်နာမည်ကိုခေါ်နေတာဆိုတော့ လွဲတာလည်းမဟုတ်။ ဒီတော့ ကိုယ်နဲ့မတွေ့တာကြာနေတဲ့ အသိများလားဆိုပြီး စဉ်းစားကြည့်မိတော့လည်း ဘယ်လိုမှကို စဉ်းစားကြည့်လို့မရ။ ကိုယ့်အသိထဲမှာ ဒီလိုရုပ်ရည်ပိုင်ရှင်မျိုးမရှိ။

ဒါနဲ့သူမက သူ့ကိုမေးတစ်ချက်ဆတ်ပြလိုက်ကာ ကိုယ့်ကိုယ်ကိုယ်လက်ညှိုးပြန်ထိုးပြကာ "ကိုယ့်ကိုခေါ်တာလား" ဆိုတဲ့အထာနဲ့ ပြန်မေးရတယ်။ ဒီတော့ သူက ခေါင်းညိတ်ပြတယ်။ ဒါနဲ့သူမလည်း သူရှိရာကို လျှောက်လာခဲ့လိုက်တယ်။ စိတ်ထဲမှာကတော့ ဒီလူနဲ့ ကိုယ်ဟာ ဘယ်အချိန်၊ ဘယ်ကာလက ဘယ်နေရာမှာများ ဘယ်လိုအကြောင်းမျိုးနဲ့ ပတ်သက်ခဲ့ဖူးတာပါလိမ့်ဆိုတာကို အသည်းအသန်စဉ်းစားနေမိတယ်။ ဒါပေမယ့် ဘယ်လိုမှကို စဉ်းစားလို့မရ။

"ရှင်က ကျွန်မကိုသိလို့လား"

သူမစကားအဆုံး သူက ထိုင်ရာကနေထကာ သူမကိုပြုံးပြလာရင်း. . .

"ကျွန်တော် ချစ်ဦးနော်ပါ. . . မကေသီ"

"ရှင်!"





အံ့ဩစိတ်ကြောင့် သူမ ပါးစပ်အဟောင်းသားတောင်ဖြစ်သွားရတယ်။ ဒီ. . . ဒီထိပ်ပြောင်ကြီးက ချစ်ဦးနော်တဲ့။ ဘုရား. . . ဘုရား. . . ဘယ်လိုဖြစ်ရတာပါလိမ့်။

သူမက မယုံနိုင်ခြင်းကြီးစွာနဲ့ မေမေပေးထားတဲ့ သူ့ဓာတ်ပုံကို ပိုက်ဆံအိတ်ထဲကနေ ထုတ်ယူကာ ပုံထဲကလူနဲ့ အခုကိုယ့်ရှေ့မှာရပ်နေတဲ့လူကို နှိုင်းယှဉ်ကြည့်ရတယ်။ ဒါပေမယ့် လုံးဝမတူ။ ပုံထဲက ချစ်ဦးနော်ဆိုတဲ့လူက ပိန်ပါးပါးနဲ့ ဆံပင်ရှိပါတယ်။ အခုဟာက ထိပ်ပြောင်နေတဲ့အပြင် ဗိုက်ကလည်း ပူနေသေးတယ်။ ပြီးတော့ ပုံထဲကလူက နုသလောက် အခုလူက ရင့်လိုက်တဲ့ရုပ်။

ဒီတော့ သူမက သူ့ကိုမယုံသင်္ကာဟန်နဲ့ ကြည့်လိုက်ရင်းက. . .

"ရှင်. . . မလိမ်နဲ့နော်၊ ရှင့်ရုပ်နဲ့ ဒီပုံထဲကရုပ်က တခြားစီပဲ၊ ဘယ်လိုနည်းနဲ့မှ ရှင်က ဒေါက်တာချစ်ဦးနော်ဆိုတာ မဖြစ်နိုင်ဘူး၊ ရှင် ကျွန်မကို အကြောင်းလာရိုက်နေတာမဟုတ်လား. . . ပြော"

"တကယ်ပါဗျာ၊ ကျွန်တော် ဒေါက်တာချစ်ဦးနော်အစစ်ပါ"

"ဒါဆို ဒီပုံထဲကနဲ့ ဘာလို့မတူလဲ. . . ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . အဲ. . . အဲဒါက ကျွန်တော်ဆယ်တန်းတုန်းက ရိုက်ထားတဲ့ပုံမို့လို့ပါ"

"ရှင်"

"အဟီး. . . ထိုင်. . . ထိုင်ပါဦးဗျာ"

ဖြစ်ရမယ်။ ဖြစ်ရမယ်။ ဒါ. . . ဒင်း တမင်သက်သက်လုပ်တာပဲဖြစ်ရမယ်။ အပြင်မှာ ဒီလိုရုပ်ရည်ဖြစ်နေတဲ့အတွက် အခုလက်ရှိပုံကိုသာပေးလိုက်ရင် ကိုယ်သေချာပေါက်မလာမှာကို ဒင်းကလည်း ကြိုတွက်ထားပုံပါပဲ။ ဒါ့ကြောင့်သာ ဟိုးတစ်ချိန် နုစဉ်အခါ ဆယ်တန်းတုန်းကပုံနဲ့ လူကို မလှိမ့်တပတ်လုပ်တာပေါ့။ ဟိုအမေလုပ်သူကလည်း ဓာတ်ပုံကြည့်ပြီး လွတ်သဘောကျနေတာပဲဖြစ်ရမယ်။ ဒီလို လူအကောင်လိုက်ကြီးကိုသာ တွေ့လိုက်ရရင်တော့ ဘယ်လိုများနေမယ်မသိ။

ကြည့်စမ်းပါဦး။ ဒါဟာ ကိုယ်နဲ့ရွယ်တူနီးပါးလောက်သာရှိတဲ့ ယောကျ်ားတစ်ယောက်ပါတဲ့။ ကိုယ်နဲ့သူများ ယှဉ်သွားလိုက်ရင် သားအဖလားထင်ကြမှာမလွဲ။ ပြီးတော့ ဆရာဝန်ဆိုလို့သာ ဆရာဝန်လို့ယုံလိုက်ရတယ် ပြောရမလိုပါပင်။ ဘယ်နေရာကိုပဲကြည့်ကြည့် ဘယ်လိုမှကို ဆရာဝန်ရုပ်မထွက်။ သူမ,တွေ့ဖူးတဲ့ ဆရာဝန်တွေကတော့ ဘယ်လိုပဲနေနေ ဆရာဝန်ရုပ်ထွက်နေတတ်တာမျိုးပါ။ ဒီတစ်ယောက်ကတော့ဖြင့် မိုးကြိုးပစ်စေ့ ဆရာဝန်။





သူနဲ့မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ရပေမယ့် စိတ်ထဲမှာတော့ အတော့်ကိုပဲ လေသွားတယ်။

"ဟို. . . တင်္ခုခုမှာလေ၊ ဘာစားမလဲမသိဘူး"

"ရတယ်. . . ရတယ်၊ ကျွန်မ ရေပဲသောက်တော့မယ်"

တကယ်ကိုပဲ စားချင်သောက်ချင်စိတ် ကုန်သွားရတဲ့သူမက စားပွဲထိုးလေးဆီက ရေတစ်ခွက်ပဲ တောင်းသောက်လိုက်မိတယ်။ ရေတစ်ဖန်ခွက်လုံးကို မနားတမ်းတရှိန်ထိုး မော့သောက်ပစ်လိုက်တော့မှ စိတ်ထဲမှာ နည်းနည်းနေသာသွားသလိုရှိပြီး သူနဲ့ မျက်လုံးချင်း ရင်ဆိုင်မိတော့ သူက သူမကို မမှိတ်မသုန်စိုက်ကြည့်လို့။

ဒီတော့ သူမတောင် ကြောင်သွားရရင်း. . .

"ဘာကြည့်နေတာလဲ"

"စဉ်းစားနေတာပါ"

"ဘာကိုစဉ်းစားတာလဲ"

"ကလေးများများ မွေးနိုင်ပါ့မလားလို့"

"ရှင်! ဘာ. . . ဘယ်လို"

"ဪ. . . ခင်ဗျားနဲ့ကျွန်တော်နဲ့ယူပြီးရင် ခင်ဗျားက ကျွန်တော့်အတွက် ကလေးများများမွေးပေးနိုင်ပါ့မလားလို့ စဉ်းစားနေတာ"

"ရှင်!"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူမမှာ တစ်ကိုယ်လုံးပူထူကာ ခန္ဓာကိုယ်မှာရှိတဲ့ ရှိသမျှ သွေးတွေအကုန်လုံးက မျက်နှာဆီကို အလုံးအရင်းနဲ့ ဆောင့်တိုးတက်လာသလို ခံစားလိုက်ရကာ ရှက်အမ်းသွားရတယ်။

ကိုယ်နဲ့သူက အခုမှ ပထမဦးဆုံး စတွေ့တာနော်။ ပြီးတော့ အပျိုကြီးတစ်ယောက်ကို ဒီစကားက ပြောသင့်သလား။ ခေတ်ပညာတတ် ဆရာဝန်တစ်ယောက်လုပ်နေပြီးတော့ ဒါလေးတောင်မှ မစဉ်းစားတတ်ဘူးလား။

"ရှင် . . . ရှင်ဘာတွေပြောနေတာလဲ"

သူမက ခပ်ဆတ်ဆတ် ကျိတ်အော်လိုက်မိပေမယ့် ဒင်းကတော့ မျက်နှာရိပ်မျက်နှာကဲပဲ မသိတာလား၊ စဉ်းစားတတ်တဲ့ဦးနှောက်ပဲ မရှိတာလားတော့မသိ။ သူပြောချင်ရာကိုပဲ ဆက်ပြောတယ်။

"ကလေးမွေးဖို့ကိစ္စကို ပြောနေတာလေဗျာ၊ ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ မောင်နှမသိပ်မက်တာ၊ မောင်နှမ မရှိဘဲ တစ်ယောက်တည်းနေရတဲ့ဘဝက ဘယ်လောက်ပျင်းစရာကောင်းသလဲ ကျွန်တော်ပဲသိတယ်၊ အဲဒါကြောင့် ကျွန်တော်က အိမ်ထောင်ကျတဲ့အခါကျရင် ကိုယ့်





သားသမီးတွေကိုလည်း ကိုယ့်လိုတစ်ယောက်တည်းမဖြစ်ရအောင် ကလေးများများယူမယ်လို့ ဆုံးဖြတ်ထားတာ၊ အနည်းဆုံး ခုနစ်ယောက်၊ ရှစ်ယောက်လောက်ပေါ့နော်"

"ရှင် . . . မတော်သေးဘူးလား"

သူမက ခပ်ကျိတ်ကျိတ်ဟန့်လိုက်မိပေမယ့် မရ။ ဒင်းက ဒင်းရဲ့ မွေးမြူရေးအိပ်မက်ကြီးကိုပဲ ဆက်ပြောတယ်။

"ဘာဖြစ်တာလဲဗျာ၊ ဒါရှက်စရာမှမဟုတ်တာ၊ အိမ်ထောင်ပြုကြပြီဆိုကတည်းက ကလေးကတော့ မွေးရတော့မှာပဲလေ၊ ဒါမှ ကိုယ့် generation ဆိုတာ ကျန်ခဲ့မှာပေါ့၊ မဟုတ်ဘူးလား၊ မကေသီက အခု သုံးဆယ့်နှစ်နှစ်ပြည့်ပြီးလို့ သုံးဆယ့်သုံးထဲမှာဆိုတော့ မကြာခင်မှာပဲ သွေးဆုံးတော့မှာ၊ ဒီတော့ နောက်ဆယ်နှစ်လောက်အတွင်းမှာ ကလေးခုနစ်ယောက်လောက် မွေးပေးနိုင်ပါ့မလားလို့၊ အဲဒါစဉ်းစားနေတာ"

ပြောရင်း ဒင်းက ကိုယ့်ကို တစ်ကိုယ်လုံးခြုံကြည့်လာတာမို့ ကိုယ့်မှာ ခန္ဓာကိုယ်ကိုကျူ့ကာ ပါလာတဲ့ပိုက်ဆံအိတ်နဲ့ ကာလို့ရတဲ့နေရာမှန်သမျှ ကာထားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . . ဘုရား. . . ဒီလိုလူမျိုး သူမတစ်သက်မှာ တစ်ခါမှကို မတွေ့ဖူး။ ဒီကမ္ဘာပေါ်မှာ နောက်တစ်ယောက်ရှိနိုင်မယ် လည်းမထင်။ ဒင်းက မိန်းမယူချင်တာမှ ဟုတ်ပါရဲ့လား။ နွားမတစ်ကောင်လောက်ကိုများ သားကျမွေးဖို့ ရှာနေတာလားမသိ။

သူမ ရှက်တာတွေရော၊ ဒေါသတွေပါပေါင်းကာ ရင်တစ်ခုလုံးက ဖားဖိုကြီးလို ပိန်လိုက်ဖောင်းလိုက်ဖြစ်ကာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်လာတယ်။

"ရှင့်ကို တော်တော့လို့ ပြောနေတယ်နော်"

"ဘာဖြစ်လို့လဲ၊ ဒါက ရှက်စရာကိစ္စမှမဟုတ်. . . "

သူမ သည်းမခံနိုင်တော့ဘူး။ ဒါနဲ့ သူ့ကို သူ့ရှေ့မှာချထားတဲ့ ဖန်ခွက်ထဲကရေနဲ့ ကောက်ပက်ပစ်လိုက်ဖို့ စိတ်အကူးမှာတင်ပဲ သူမတို့အနားကို မျှော်လင့်မထားတဲ့လူတစ်ယောက်က ရောက်လာတယ်။

"မ"

"ဟင်! မွေးဆို. . . အဲ. . . မှားလို့. . . မိုးစွေ"

(ဟိုထိပ်ပြောင် ဘီးကျဲကြီးက တစ်ချိန်လုံး မွေးဖို့ချည်းပဲပြောနေတော့ သူမတောင် "မိုးစွေ"ကို "မွေးဆို" ဖြစ်ကုန်တယ်။)





မိုးစွေကတော့ သူမကိုပဲ ခပ်တည်တည် ကြည့်နေလိုက်ရင်းက. . .

"ရှာလိုက်ရတာ မ,ရယ်၊ အခုမှပဲတွေ့တော့တယ်၊ ဒီနေ့ မရဲ့ဗိုက်ကို အိုဂျီပြရမယ်လေ"

"ဘယ်လို!"

သူ့စကားကြောင့် သူမ မျက်လုံးပြူးသွားရသလို ထိပ်ပြောင်ဘီးကျဲကိုကြည့်မိတော့လည်း ဒင်းမျက်လုံးတွေက ကိုယ့်ထက်တောင်နှစ်ဆလောက်ပိုပြူးလို့။

"မ,က အရမ်းပေါ့တာပဲမ,ရာ၊ ဒါ. . . ကျွန်တော်နဲ့မရဲ့ ပထမဦးဆုံး ရင်သွေးလေးဆိုတာကိုလည်း မမေ့နဲ့ဦးလေ၊ လာပါဗျာ၊ သွားရအောင်၊ လာလာ. . ."

ပြောရင်း သူက သူမလက်ကို ဖွတ်ဆွဲကာ ထိုင်ရာကနေ ထစေတယ်။

"ဟဲ့. . . ဟဲ့. . ."

သူမမှာတော့ ဖရိုဖရဲနဲ့ ထလိုက်ရကာ သူ့ကို တဟဲ့ဟဲ့လုပ်ပြီး ဟန့်လိုက်မိပေမယ့် မရ။ သူက သူမကိုဆွဲခေါ်လာကာ နှစ်လှမ်းသုံးလှမ်းလောက် လျှောက်လာခဲ့ပြီးမှ တစ်ခုခုကို သတိရသွားဟန်နဲ့ နောက်ဘက်မှာကျန်ခဲ့တဲ့ ဘီးကျဲကြီးကို တစ်ချက်ပြန်ကြည့်လိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အဘ၊ နုတ်ဆက်ရမှာ မေ့နေလို့၊ သွားလိုက်ဦးမယ်နော်"

ပြောပြီး သူက သူမကို ဆက်လက်ဆွဲခေါ်လာတယ်။ သူမကလည်း နောက်ဘက်ကနေ ယက်ကန်ယက်ကန်နဲ့ပါလာရင်း အပြင်ရောက်တော့မှ သူ့လက်ထဲကနေ ဆောင့်ရုန်းပစ်လိုက်မိကာ အော်မိပါယ်။

"နင်. . . ဘယ်လိုလုပ်လိုက်တာလဲ"

ဆိုတော့ သူက ပြုံးလိုက်ရင်း. . .

"မ,ကို ကျွန်တော်က ကူညီတာလေ"

"ဘာ. . . ကူညီတာ၊ ဒါ ကူညီတာလား၊ ဒါကူညီတာလား၊ ဟမ်. . . ပြောစမ်းပါဦး၊ ဒါကူညီတာမဟုတ်ဘူး၊ ဒါ. . . နင်ငါ့ကို အရှက်ခွဲတာ. . . သိလား၊ နင်ပြောလိုက်တဲ့စကားက ငါ့အမေနားထဲကို ရောက်သွားမှာသိရဲ့လား၊ ပြဿနာက အကြီးကြီး၊ ဗိုက်! ဟုတ်လား၊ ကျွတ်. . . ရှက်ဖို့ကောင်းလိုက်တာ"

"ကျွန်တော်က. . ."

"တော်တော့၊ ဘာမှမပြောနဲ့၊ သူက ငါ့ကို အပျိုလို့ပဲသိထားတာဟဲ့၊ အခုနင်ပြောခဲ့တာက နင်နဲ့ငါကပဲ ဘယ်သူမှ





မသိအောင် ညားနေသလိုလို၊ ငါ့သိက္ခာတွေ ဘယ်ရောက်သွားမလဲ နင်မစဉ်းစားမိဘူးလား၊ ဒါတွေသာ ငါ့အမေနားထဲရောက်သွားရင် ငါ့မျက်နှာဘယ်သွားထားရမလဲ၊ ပြီးတော့ တခြားလူတွေ သိသွားရင်. . . ဟား. . . ကျွတ်. . . တောက်. . . ရှက်ဖို့ကောင်းလိုက်တာ၊ သိပ်ရှက်ဖို့ကောင်းတာပဲ"

သူမက အော်ရင်းဟစ်ရင်းကနေကိုပဲ ရှက်စိတ်ကြောင့် မျက်ရည်တွေက စီးကျလာရတယ်။ နောက်တော့ သူ့ရှေ့မှာလည်း ကြာကြာမနေချင်တာနဲ့ ပြန်ဖို့လှည့်အထွက်. . .

"ကျွန်တော် မ,ကို ချစ်တယ်"

ကြားလိုက်ရတဲ့စကားက နားထဲမှာ မိုးခြိမ်းသံတစ်ခုလို တုန်ခါမြည်ဟီးသွားတယ်။

"နင်. . . ဘာပြောလိုက်တယ်"

"မ,ကို ချစ်တယ်လို့ပြောတာ၊ ဟုတ်တယ်၊ ကျွန်တော် မ,ကို မြင်မြင်ချင်းကို ချစ်ခဲ့တာ"

မြင်မြင်ချင်း. . . မြင်မြင်ချင်းတဲ့။ အဟား. . . ဖြစ်နိုင်ပါ့မလား။ ဒင်းက ကိုယ့်ကို မြင်မြင်ချင်းတောင် ချစ်ပစ်လိုက်သတဲ့။ ဟာသပဲ။ ဒါ ချစ်တာမဟုတ်ဘူး။ ဒါ သွေးတိုးစမ်းတာ။ ကိုယ့်ကို လွယ်လွယ်ရမယ်မှန်းမထင်ပြီး အချောင်နှိုက် အကဲစမ်းတာ။ ဒီအပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတဲ့ အထာကိုလာချိုးတာ။ ဟား. . . ဒင်းအမြင်မှာ ကိုယ်က အဲဒီလောက်တောင်မှ သိက္ခာမရှိတဲ့ အရှက်မရှိတဲ့ မိန်းမ တစ်ယောက်ဖြစ်နေပြီတဲ့လား။

စောစောက ရှက်နေတဲ့စိတ်တွေရော၊ ဒေါသတွေရော၊ အခု သူ့ဆီက စကားကိုကြားလိုက်ရတဲ့အချိန်မှာ ဖြစ်ပေါ်လာတဲ့ သူ့အပေါ် ရွံရှာစက်ဆုပ်မှုတွေရော. . . စတဲ့ခံစားချက်တွေ ပေါင်းစုသွားတော့ သူမမာနက ဆတ်ခနဲခေါင်းထောင်လာတဲ့အခိုက် သူမက သူ့ပါးတစ်ဖက်ကို အားကုန်လွှဲရိုက်ချပစ်လိုက်မိတယ်။

"အဲဒါ ချစ်ဦး၊ အဲဒါ နင့်လိုကောင်အတွက် ငါ့ရဲ့အဖြေပဲ"

နောက်တော့ သူမ လှည့်ထွက်လာခဲ့လိုက်ကာ ကားမောင်း ပြန်လာခဲ့လိုက်တယ်။ လမ်းတလျှောက်လုံး စိတ်တွေက ယောက်ယက်ခတ်ကာ မီးပွိုင့်မီးနီနေတာတောင် ဖြတ်မောင်းမိမလိုဖြစ်ကာ ဟွန်းသံတွေ ညံသွားတယ်။ ဒါနဲ့ စိတ်တွေတည်ငြိမ်လိုတည်ငြိမ်ငြား ဆိုပြီး သက်ပြင်းမောတစ်ခုကို အလုံးအရင်းနဲ့ မှုတ်ထုတ်ကာ ကားပေါ်က ရေဒီယိုကိုဖွင့်မိတော့ ထွက်လာတဲ့သီချင်းက. . .

"ငယ်သေးတဲ့အချစ်မို့ မလေးစားတာလားပြောပါ×××
ကျွန်တော်သိပ်ချစ်တတ်တာ ကျွန်တော်သာ အသိပါ×××
လိမ်ပြီးမပြောတတ်တာ ကလေးလေးဘဝကတည်းကပါ×





××မမနားလည် ငဲ့ညာပါ×××စားမရ အိပ်မရ အချိန်တွေထဲ×××သွေးအားနည်းလို့ ပိန်လာပြီမရေ×××မ မချစ်လို့တော့ သေနိုင်တယ်×××အပိုတွေ မဆိုဘူး ယုံတော့ကွယ်
×××မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ်×××ဟုတ်တယ်×
××မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ်×××"

သူမက စိတ်ပျက်လက်ပျက် ကျွတ်တစ်ချက်သပ်လိုက်မိကာ ကိုယ့်ရှေ့မှာ နှေးတုံ့နှေးတုံ့နဲ့ မောင်းနေတဲ့ကားကို စိတ်မရှည်စွာနဲ့ ဟွန်းအဆက်မပြတ်တီးကာ လမ်းတောင်းမိတယ်။

"ခံစားချက်ပြင်းလို့ ညညအော်တဲ့ သီချင်းသံ×××အိမ်နီးနားချင်းတွေ ငြီးငြင်လို့လာ×××ဘာဖြစ်ဖြစ် မအပေါ် အချစ်က တစ်စက်လေးမလျှော့ပါ×××သတ္တိရှိစွာ ချစ်မှာပါ×××"

သူမ ဆက်ပြီး နားမထောင်ချင်တော့ဘူး။ ဒါနဲ့ ရေဒီယိုကို ပိတ်ပစ်လိုက်တယ်။ နောက် အခန်းရောက်တာနဲ့ သူ့အတွက်ပေးထားတဲ့ အခန်းထဲက သူ့ပစ္စည်းတွေကို အိတ်တစ်လုံးထဲ သိမ်းစုထည့်ကာ တိုက်ခန်းအပြင်မှာ စုပုံထုတ်ထားလိုက်တယ်။

သိပ်မကြာပါဘူး။ လူခေါ်ဘဲလ်သံက အဆက်မပြတ်ထွက်ပေါ်လာသလို သူ့အသံကလည်း အကျယ်ကြီးပဲ အခန်းထဲကို ဖုံး လွှင့်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မ. . . တံခါးဖွင့်ပေးပါဦး မရယ်၊ ကျွန်တော်ရှင်းပြပါရစေ၊ ကျွန်တော်ရှင်းပြတာကို နားထောင်ပြီးမှ မ,ကြိုက်သလိုဆုံးဖြတ်ပါ၊ မ. . . တံခါးခဏလောက် ဖွင့်ပေးပါမရယ်. . . မ"

သူမက နားနှစ်ဖက်ကို လက်တွေနဲ့ ဖိပိတ်ထားလိုက်တယ်။ ဒီအချိန်မှာပဲ သူမဖုန်းကို သူက ခေါ်လာပြန်တယ်။ ဒါနဲ့ သူမက ဖုန်းကို ပါဝါပိတ်ပစ်လိုက်ကာ အိပ်ရာပေါ်မှာ ပစ်လှဲချလိုက်မိတယ်။

"မ. . . တံခါးခဏလောက် ဖွင့်ပေးပါမ,ရယ်၊ ကျွန်တော်ရှင်းပြပါရစေ၊ ကျွန်တော် မ,ကို တကယ်ချစ်တာပါမ,ရယ်၊ ကျွန်တော့်ကို စကားနည်းနည်းလောက်ပြောခွင့်ပေးပါ၊ မ, တံခါးဖွင့်ပေးပါမ,ရယ်၊ မ. . ."

မကြားချင်ဘူး။ မကြားချင်ဘူး။ ဘာမှလာမပြောနဲ့။ မင်းကို မုန်းတယ်မိုးစွေ။ မင်းကို ငါ သိပ်မုန်းတယ်။ မင်း ငါ့ကို အထင်သေးလွန်းအားကြီးတယ်။ မင်းကို မုန်းတယ်။ မုန်းတယ်။



နောက်တစ်နေ့မှာတော့ သူမကြိုတင်တွေးထားတဲ့အတိုင်းပဲ မွေးသမိခင်ကျေးဇူးရှင်က သူမထံ ရောက်လို့လာတော့တယ်။ ထိပ်ပြောင်ဘီးကျဲ ဒေါက်တာချစ်ဦးနော်ကလည်း တစ်ခွန်းမကျန် ပြန်ပြောပြထားပုံပါပင်။ အမေက. . .

"ညည်း တိတ်တိတ်ပုန်း ယောကျ်ားယူထားတယ်ဆို၊ ပြောစမ်း၊ ဘယ်ကကောင်လဲ၊ ဘာအလုပ်လုပ်တာလဲ၊ နာမည်ကရော ဘယ်လိုခေါ်သလဲ၊ ညည်းထက်လည်း တော်တော်အသက်ငယ်တယ်ဆို၊ ပြီးတော့ ဟို. . . ဟိုဟာ. . . ဗိုက်"

"အမေ!"

သူမက အာခေါင်ခြစ်ကာ အော်လိုက်တော့မှ အမေ့စကားက ပြတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ. . . မပြီးတော့ဘူးလား၊ သူပြောတာကို အကုန် ယုံနေတော့တာပဲလား၊ ဟုတ်လား၊ ကိုယ့်သမီး စာရိတ္တကိုတောင် မယုံဘူးလား၊ သမီးက တိတ်တိတ်ပုန်းယောကျ်ား ယူစရာလားလို့၊ အမေနဲ့လည်း စိတ်ညစ်ပါတယ်"

"ဟဲ့. . . သူက အပိုင်ကြီးပြောသွားတာကိုးဟဲ့"

"ပြောတိုင်းယုံစရာလား၊အမေ့လူကဖြင့် မိန်းမယူချင်တာကို မဟုတ်ဘူး၊ တွေ့ကတည်းက ကလေးဘယ်နှယောက် မွေးပေးနိုင်မှာလဲဆိုတာကို စတွေးနေတာတဲ့၊ ပြောလိုက်. . . မိန်းမမယူနဲ့၊ မေထုံနွားမတစ်ကောင်လောက်ရှာယူလို့"

"ဟဲ့. . . သူများကို"

"ပြောမှာပဲ၊ ကလိမ်ကကျစ်ကလည်းကျသေး၊ ဆယ်တန်းတုန်းကဓာတ်ပုံနဲ့ လူကိုလာလှည့်စားတာကလည်းပါသေး၊ အခုဖြင့် နဖူးကြီးကလည်းပြောင်လို့၊ ဗိုက်ကြီးကလည်းပူလို့၊ ကိုယ်ဝန်ဆောင်ကြီးကျနေတာပဲ"

"ဟဲ့. . . ရုပ်ရည်သွင်ပြင်က အဓိကမှမကျတာ၊ အဓိကက စိတ်ထားကောင်းဖို့၊ အိမ်ထောင့်အပေါ်မှာ သစ္စာရှိဖို့၊ ဦးစီးဦးဆောင်ပြုနိုင်ဖို့ကသာ အဓိကဟဲ့၊ ယောကျ်ား





လေးပဲ၊ လှစရာမှမလိုတာ၊ ညည်းကိုက ဇီဇာကြောင်လွန်းတာပါအေ၊ အဲဒါကြောင့်လည်း အပျိုကြီးဘဝက အခုထိမကျွတ်တာ. . . သိလား"

"မကျွတ်ကျွတ်. . . မကျွတ်ကျွတ်. . . မရလို့မယူတာမဟုတ်ဘူး၊ မယူလို့မရတာ၊ ဘာဖြစ်လဲ၊ ယောကျ်ားမယူရင် ထမင်းငတ်မယ့် မိန်းမတွေထဲမှာလည်း ကေသီဗလမင်းဒင် မပါဘူး၊ ဇီဇာကြောင်တော့ရော ဘာဖြစ်လဲ၊ ကိုယ့်စိတ်နဲ့ကိုယ်၊ ကိုယ့်စံနဲ့ကိုယ်ရွေးပြီး ဇီဇာကြောင်တာ ဘာဖြစ်လဲ၊ အဲဒီလို ယောကျ်ားတစ်ယောက်ကို ကောက်ယူမှ ဇီဇာကြောင်အပျိုကြီးဆိုတဲ့ အငေါ်တူးခံဘဝက လွတ်မယ်ဆိုရင် တစ်သက်လုံးဒီအတိုင်းပဲ အခေါ်ခံနေလိုက်တော့မယ်၊ လဲရမှာ တန်တယ်လို့ကို မထင်လို့၊ အပျိုကြီးဖြစ်တာ ပိုတောင်ကောင်းသေးတယ်၊ ယောကျ်ားယူတာကမှ သူ့ကျွန်ခံနေရဦးမယ်၊ ယောကျ်ားမယူရင် ကိုယ့်ဘဝမှာ ကိုယ့်ဘုရင်ပဲ၊ ယူလိုက်မှ ကိုယ့်ဘဝမှာကိုယ်တောင် ကိုယ်က မိဖုရားဖြစ်ပြီး သူ့ကိုမော်ဖူးနေရမှာ၊ မယူဘူး၊ မယူဘူး"

"အေး. . . မယူနဲ့၊ မယူနဲ့၊ တစ်သက်လုံး ဒီအတိုင်းနေသေရင်လည်း ငှက်ပျောတုံးဖက်ပြီးသေ၊ ဟုတ်ပြီလား၊



www.burmeseclassic.com

www.burmeseclassic.com



အတော် အတ္တကြီးတဲ့ မိန်းမ၊ ဘယ်လိုမိန်းမမျိုးကို မွေးထားမိမှန်းကို မသိဘူး"

"အခု သိပြီမဟုတ်လား"

"အေး. . . သိပြီ၊ သိပြီ၊ ငါက လူ့စုန်းပြူးမကို မွေးမိထားတာပဲ့ စုန်းပြူးမရဲ့"

ကိုယ်ကလည်း ကိုယ့်ခံစားချက်နဲ့ကိုယ် စိတ်တွေရှုပ်ကာ အော်။ အမေကလည်း သူခင်းတဲ့လမ်းကို မလျှောက်တော့ ဒေါသထွက်ပြီးအော်နဲ့ အခန်းထဲမှာ နှစ်ယောက်တည်းနဲ့တင် လက်ပံပင်ဆက်ရက်ကျသလို ဆူညံပွက်လောရိုက်နေတော့တယ်။



အမေပြန်သွားပြီး သိပ်မကြာခင်မှာပဲ ကြည်သာခင်ရောက်လာပြန်တယ်။ ကြည်သာရောက်လာမယ်ဆိုတာကိုလည်း သူမက ကြိုတင်တွက်ထားပြီးသားပါ။

"ကဲ. . . ပြောစမ်းပါဦး၊ နင့်မောင်ဘက်ကနေလိုက်ပြီး ဘာတွေ အကြောင်းပြချက်ပေးဦးမလို့လဲ"

သူမက ကြည်သာနဲ့ မျက်နှာချင်းဆိုင်ပြီဆိုတာနဲ့ တန်းပြီး အငေါ်တူးလိုက်မိပေမယ့် ကြည်သာကတော့ အရင်ကလို ပက်ခနဲပြန်ပြောလာခြင်းမရှိဘဲ သက်ပြင်းမောကို ချလိုက်ရင်း. . .

"နင်ယုံချင်မှလည်း ယုံဟယ်၊ တစ်ဖက်လူက ငါ့မောင်ဖြစ်နေတဲ့အတွက် ငါလုပ်ကြံပြောတယ်လို့ နင်ထင်ချင်ရင်လည်း ထင်နိုင်တယ်၊ နင့်ကိုယုံပါလို့ ငါအတင်းမငြင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



တွန်းပါဘူး၊ ဒါပေမယ့် အမှန်တရားတစ်ခုကိုတော့ ငါ့မှာ ရှင်းပြသင့်တဲ့ တာဝန်ရှိတယ်ထင်လို့ ငါလာရှင်းပြတာ”

သူမက မျက်နှာကို တစ်ချက်ရွဲ့လိုက်မိတယ်။ ဒါပေမယ့် ဘာမှတော့ မပြောဖြစ်။ ဘယ်လိုစကားလုံးတွေသုံးပြီး ကိုကိုမိုးစွေ အတွက် ကာဗာယူဦးမလဲဆိုတာကို နားထောင်ကြည့်ရသေးတာ ပေါ့လေ။ စကားတောင်ရှိသေးတာပဲမဟုတ်လား။ မယုံရင်ပုံပြင်မှတ် တဲ့။ အပျင်းတော့ ပြေမှာပါ။

“မိုးစွေက နင့်ကို တကယ်ချစ်ခဲ့တာပါဗလရယ်၊ ချစ်တာ မှ မြင်မြင်ချင်းကိုချစ်သွားတာ”

“မြင်မြင်ချင်း!. . . အဟက်”

“မလှောင်နဲ့ဗလ၊ ငါပြောတာကို ဆုံးအောင်နားထောင်ဦး၊ နင်မှတ်မိသေးလား၊ ဇင်ယော်နဲ့ နင့်ရုံးကလူတွေကို ရည်း စားအတုတွဲပြချင်လို့ ငါ့ကို နင်အကူအညီတောင်းတုန်းက လေ၊ အဲဒီတုန်းက နင့်အတွက်ကူညီပေးဖို့ ငါရှာထားတာ က ငါ့ယောက်ျားရဲ့ ဆရာဝန်အသိတွေထဲက တစ်ယောက် ပါ၊ အဲဒီတုန်းက ငါတို့ကလည်း မန္တလေးကနေ ဒီကိုပြန် ပြောင်းလာကာစလေ၊ ငါတို့လင်မယားနှစ်ယောက်က ငါ့ ယောက္ခမအိမ်မှာနေတယ်ဆိုပေမယ့် တစ်အိမ်တည်းအတူ နေတာတော့ မဟုတ်ဘူး၊ သူတို့ခြံထဲက တိုက်ပုလေးမှာပဲ





နေကြတာ၊ အဲဒီတော့ မန္တလေးကသယ်လာတဲ့ပစ္စည်းတွေ ကို အဲဒီတိုက်ပုလေးထဲမှာ နေရာချတော့ မိုးစွေက လာ လုပ်ကူတယ်၊ အဲဒီမှာတင်ပဲ နင့်ဓာတ်ပုံတစ်ပုံကို သူတွေ့ သွားတယ်၊ သူက တန်းပြောတယ်၊ ကျွန်တော်တော့ ဒီမမ ကို ချစ်မိသွားပြီထင်တယ်တဲ့၊ နင့်ကိုသူ အပြင်မှာမတွေ့ဖူး သေးဘူးနော်၊ ဓာတ်ပုံနဲ့တင် မြင်မြင်ချင်းစိတ်ဝင်စားသွား တာ၊ ငါလည်း နင့်လိုပါပဲ၊ အစတော့ မယုံဘူး၊ အဲဒါကြောင့် ဟဲ့. . . ငါ့သူငယ်ချင်းကိုတော့ ချမ်းသာပေးပါဟယ်လို့ ပြောထားတာ၊ ဒါပေမယ့် နေ့စဉ်နဲ့အမျှ ငါ့ဆီကို ဖုန်းတွေ တဂွမ်ဂွမ်ဆက်၊ လူချင်းလာလာတွေ့ပြီး နင်နဲ့မိတ်ဆက် ပေးဖို့ နားပူနားဆာ လုပ်လွန်းမကလုပ်လာတော့မှ ငါသူ့ ကို နည်းနည်းယုံသွားတာ၊ အဲဒါနဲ့ နင်အကူအညီတောင်း ထားတဲ့ ကိစ္စကိုပြောပြတော့ သူက သူလုပ်ချင်တယ်၊ သူ လုပ်ပါရစေအစ်မရယ်၊ သူ့ခံစားချက်က တကယ်ပါဆိုတာ နဲ့ ငါနင်နဲ့ပေးတွေ့လိုက်တာ၊ နင့်ကို အပြင်မှာတွေ့လိုက် ရတော့ သူ့ခံစားချက်က သေချာသွားတယ်တဲ့၊ အဲဒါပဲ၊ သူကပြောတယ်၊ နင့်အချစ်ကိုသာရရင် နင့်ကို လက်ထပ်ယူ မှာတဲ့၊ အဲဒီလောက်အထိ သူက နင့်အပေါ်မှာ လေးလေး နက်နက်ချစ်တာ”



www.burmeseclassic.com

www.burmeseclassic.com



ကြည်သာက စကားကို ခဏရပ်ထားလိုက်ကာ မိမိကို နားထောင်နေရဲ့လားဆိုတာ တစ်ချက်ကြည့်တယ်။ စိတ်ဝင်တစား လိုက်နားထောင်နေတယ်ဆိုတာ သေချာသွားတော့မှ စကားကို ဆက်တယ်။

"ဒါပေမယ့် နင့်အချစ်ကို သူ လွယ်လွယ်နဲ့ မရနိုင်ဘူးဆိုတာကို သူသိတယ်ဗလ၊ ရှင်းရှင်းပြောရရင် ငါကလည်း နင်နဲ့သူ့ကိုသဘောတူတယ်၊ အဲဒီတော့ သူ့ကို ငါတတ်နိုင်သလောက် အကူအညီပေးမိတယ်၊ ဟိုတလောက သူကလပ်မှာရန်ဖြစ်လို့ အဆောင်ပြန်လို့မရဘူးဆိုတာလေ၊ အဲဒါ တကယ်မဟုတ်ဘူး၊ နင်နဲ့ အနေနီးစပ်အောင်၊ နင့်အခန်းမှာ လာနေလို့ရအောင်ဆိုပြီး ငါတို့နှစ်ယောက်တိုင်ပင်ပြီးတော့ လုပ်ကြံဇာတ် ခင်းထားကြတာ၊ ဒါမှ နင့်အနားမှာ နီးနီးကပ်ကပ်နေခွင့်ရပြီး နင့်အချစ်ကိုရဖို့ ကြိုးစားလို့ရမှာလေ"

ကြည်သာက စကားစ,ကိုဖြတ်ကာ သက်ပြင်းမောကို မှုတ်ထုတ်ပြန်တယ်။ ပြီးမှ. . .

"ပြီးတော့ နင့်ကို ငါပြောထားတာ မှတ်မိသေးလား၊ သူက ရည်းစားသက်စေ့မက ထားခဲ့ဖူးတယ်ဆိုတာလေ၊ အဲဒါက နင်သူ့ကို ရည်းစားအတုအဖြစ်လက်ခံချင်သွားအောင် ငါ





တို့နှစ်ယောက်တိုင်ပင်ပြီးတော့ လိမ်ထားကြတာ၊ တကယ်တော့ သူအခုထိ ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးပါဘူး၊ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ရင်ခုန်တယ်ဆိုတာမျိုး မရှိခဲ့ဖူးဘူး၊ အဲဒါကိုတော့ ငါကောင်းကောင်းသိတယ်၊ ဘာလို့လဲဆိုတော့ သူနဲ့ငါက သူငယ်ချင်းပေါင်း ပေါင်းကြတာဆိုတော့ သူ့ကိစ္စတွေ အားလုံးကို ငါသိနေလို့ပဲ၊ သူက နင့်တစ်ယောက်ကိုပဲ ပထမဆုံးအဖြစ် ရင်ခုန်ခဲ့တာပါဗလရယ်၊ ပြီးတော့ နောက်ဆုံးရင်ခုန်မှုလည်း သူဖြစ်ချင်ခဲ့တာပါ"

ကြည်သာ့စကားအဆုံး သူမမျက်လုံးထဲ၊ နားထဲတွေမှာ မိုးစွေရဲ့အသံတွေ၊ ပုံရိပ်တွေက ရုပ်ရှင်ပြကွက်တွေလို တစ်ကွက်ချင်း တစ်ကွက်ချင်း ပေါ်လာကြားလာတယ်။ အဲဒီလိုကြားနေရာကနေ သီချင်းတွေအများကြီးကို တစ်ပုဒ်တည်းပေါင်းကာ remix လုပ်ထားသလိုမျိုး သူ့အသံတွေ၊ အရုပ်တွေက ရောထွေးဆူညံလာပြန်တယ်။

ဒီတော့ သူမနားနှစ်ဖက်ကိုပိတ်ကာ မျက်လုံးတွေကိုလည်း မှိတ်ထားလိုက်ရင်း. . .

"မသိဘူးဟာ၊ မသိဘူး၊ ငါဘာမှမကြားချင်ဘူး၊ ရူးတော့မယ်၊ ငါရူးသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့အော်မိတယ်။ ဒီအချိန်မှာပဲ ကြည်သာ့ဆီက စကားသံ ဆက်ထွက်လာပြန်တယ်။

"ငါက ရှင်းပြသင့်တယ်ထင်လို့ လာရှင်းပြတာပါဗလ၊ ယုံတာ မယုံတာကတော့ နင့်အပိုင်းပေါ့၊ ဟိုတစ်ယောက်ကလည်း အပူရုပ်နဲ့ လာအကူအညီတောင်းနေလို့ ထွက်လာတာ၊ ဒီနေ့တော့ သူဒီမှာရှိဦးမယ်ဗလ၊ မနက်ဖြန်ဆိုရင်တော့ ဒီမှာရှိမှာမဟုတ်တော့ဘူး၊ မနက်ဖြန်ဘန်ကောက်ကို ကြော်ငြာရိုက်ဖို့သွားရမယ်ပြောတယ်၊ ဟိုမှာ တစ်ပတ်လောက်ကြာမှာတဲ့၊ နင်သေချာ ပြန်စဉ်းစားကြည့်ဦးပေါ့ဟာ"



သူနေသွားတဲ့အခန်းထဲက ခုတင်ပေါ်မှာ ထိုင်နေရင်းက သူ့စကားသံတွေနဲ့ ကြည်သာပြောသွားတဲ့စကားသံတွေကို ပြန်လည်ကြားယောင်နေမိတယ်။

(ကျွန်တော် မ,ကို ချစ်တယ်)

(မ,ကိုချစ်တယ်လို့ပြောတာ၊ ဟုတ်တယ်၊ ကျွန်တော် မ,ကို မြင့်မြင့်ချင်းကို ချစ်ခဲ့တာ)

(မ. . . တံခါးခဏလောက်ဖွင့်ပေးပါ မရယ်၊ ကျွန်တော်ရှင်းပြပါရစေ၊ ကျွန်တော် မ,ကို တကယ်ချစ်တာပါမရယ်)

(မိုးစွေက နင့်ကို တကယ်ချစ်တာပါဗလရယ်၊ ချစ်တာမှ မြင့်မြင့်ချင်းကိုချစ်သွားတာ)

(နင့်အချစ်ကိုသာရရင် နင့်ကိုလက်ထပ်ယူမှာတဲ့၊ အဲဒီလောက်အထိ သူက နင့်အပေါ်မှာ လေးလေးနက်နက်ချစ်တာ)

(သူက နင့်တစ်ယောက်ကိုပဲ ပထမဆုံးအဖြစ် ရင်ခုန်ခဲ့တာပါဗလရယ်၊ ပြီးတော့ နောက်ဆုံးရင်ခုန်မှုလည်း သူဖြစ်ချင်ခဲ့တာပါ)



www.burmeseclassic.com

www.burmeseclassic.com



မိမိမှားသွားသလား။ သူက ကိုယ့်ကို တကယ်ချစ်ခဲ့တာတဲ့။ ကိုယ်တစ်ယောက်တည်းကိုတဲ့။ ဖြစ်နိုင်ပါ့မလား။ ကြည်သာကိုယ်တိုင်ကပြောတာဆိုတော့ အလိမ်အညာတော့ မဖြစ်နိုင်ပါဘူး။ ဒါဆို ဒါက အမှန်တရားတဲ့လား။

သူက ကိုယ့်ကို တကယ်ချစ်တယ်ပဲ ဆိုကြပါစို့။ ကိုယ်ကရော. . .။

အတွေးနယ်ချဲ့နေမိတုန်းမှာပဲ လူခေါ်ဘဲလ်သံကြောင့် အခန်းထဲက ထွက်လာခဲ့လိုက်တယ်။ တံခါးဖွင့်လိုက်တော့ တွေ့လိုက်ရတာက ကုမ္ပဏီက ဝန်ထမ်းတွေ။

"ဟာ. . . ဘယ်လိုဖြစ်ပြီးတော့ ရောက်လာကြတာလဲ"

"ရုံးဆင်းပြီလေမမရဲ့၊ မမက အလုပ်မလာတာနှစ်ရက်ရှိပြီဆိုတော့ ဘာများဖြစ်နေလဲ၊ နေမကောင်းလို့များလားလို့၊ ဖုန်းဆက်တော့လည်း ဖုန်းက ပိတ်ထားတယ်လေ"

ဟုတ်သား။ ကိုယ်က စိတ်တွေရှုပ်ထွေးနောက်ကျိကာ ဘာမှ လုပ်ချင်စိတ်ကိုင်ချင်စိတ်မရှိတာကြောင့် ဖုန်းကိုပိတ်ထားကာ အပြင်လည်းမထွက် အလုပ်လည်းမသွားဘဲ အားလုံးကိုပစ်ထားမိတာ နှစ်ရက်တောင်ရှိနေပြီ မဟုတ်ပါလား။

ကိုယ့်ကိုစိတ်ပူပြီး လာကြတာတဲ့။ ထင်တောင်ထင်မထားမိ။ ဒီလိုကျတော့လည်း ကိုယ့်အပေါ် သံယောဇဉ်ရှိကြရှာသား။ စိတ်ထဲ





မှာ နည်းနည်းတောင် ကြည်နူးသလိုလိုဖြစ်သွားရတယ်။ ပြီးတော့ ဒီတဒင်္ဂလေးအတွင်းမှာပဲ သူတို့အပေါ်မှာ ဖုထစ်နေတဲ့ ကိုယ့်စိတ်တွေဟာ အားလုံးရှင်းလင်းသွားရတယ်။ ဘယ်အချိန်တွေမှာ ဘယ်လိုပဲပြောကြ၊ ဆက်ဆံရေးရှိကြပါစေ. . . အရေးကြီးတဲ့အခါ၊ အကြောင်းကိစ္စပေါ်လာတဲ့အခါကျတော့လည်း သွေးစည်းကြတာပဲ မဟုတ်ပါလား။

"MD နေမကောင်းဘူးလား"

"MD မျက်နှာ ညှိုးနေသလိုပဲနော်"

"မျက်နှာလေး ချောင်သွားသလားလို့"

တစ်ယောက်တစ်ပေါက်ပြောကာ အခန်းထဲကို ဝင်လာကြတယ်။ ရုံးမှာရှိတဲ့ ဝန်ထမ်းအကုန်လုံးနီးပါးပါပဲ။ ဦးလူဝကြီးတောင်မှ ပါသေးတယ်။

"ထိုင်ကြ၊ ဧည့်ခံစရာတော့ ဘာမှမရှိဘူးနော်"

"အာ. . . ရပါတယ် MD ကလည်း၊ ဧည့်ခံစရာမလိုပါဘူး၊ ကျွန်တော်တို့က ဧည့်သည်တွေမှ မဟုတ်တာ၊ အမိကက MD ကိုလာကြည့်ကြတာပါ၊ လူလည်းမလာ၊ ဖုန်းလည်းမဆက်ဘဲ ပျောက်နေတော့ စိတ်ပူလို့"

"နည်းနည်း နေမကောင်းဖြစ်နေလို့ပါ၊ စိတ်လည်း နည်းနည်းရှုပ်နေတာနဲ့၊ အလုပ်ကလည်း သူ့ဟာနဲ့သူ လည်ပတ်



www.burmeseclassic.com

www.burmeseclassic.com



နေတာဆိုတော့ စိတ်ချတယ်လေ၊ အဲဒါကြောင့် ဖုန်းမဆက်တာပါ"

ဒေါ်တဆုပ်က အခန်းထဲကို ဝေ့ဝဲအကဲခတ် လှည့်ပတ်ကြည့်ရင်းက. . .

" MDက ဒီမှာ တစ်ယောက်တည်းနေတာပေါ့"

"ဟုတ်တယ်၊ တစ်ယောက်တည်းပဲ"

"ပျင်းဘူးလား"

"မပျင်းပါဘူး၊ နားအေးပါးအေးရှိတာပေါ့"

သူမစကားအဆုံးမှာတင်ပဲ နွေဦးက. . .

"မမ နေမကောင်းတာကို မမချစ်သူက လာမကြည့်ဘူးလား၊ တစ်ယောက်တည်းပစ်ထားတယ်ပေါ့"

လို့ မေးလာတော့ မျက်လုံးထဲမှာ သူ့မျက်နှာကို ဖျတ်ခနဲပြေးမြင်လိုက်မိတယ်။ အင်း. . . သူတို့တွေအမြင်မှာတော့ ကိုယ်နဲ့သူဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေပဲမဟုတ်ပါလား။

"သူ မရှိဘူးလေနွေဦးရဲ့၊ ဘန်ကောက်မှာ ကြော်ငြာသွားရိုက်နေတယ်"



ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ နိုင်ငံခြားဧည့်သည်တစ်ယောက်ကို လာကြိုရင်းနဲ့ လေယာဉ်မဆိုက်သေးလို့ စောင့်နေတုန်းမှာပဲ သူနဲ့အတူ မျက်နှာချင်းဆိုင်လာဆုံရတယ်။ သူ တောင် ဘန်ကောက်က ပြန်ရောက်လာခဲ့ပြီကိုး။

တစ်ပတ်လောက်မတွေ့ခဲ့ရတဲ့ သူ့ကိုပြန်တွေ့လိုက်ရတော့ သူမရင်ထဲမှာ လှိုက်ခုန်သွားရတယ်။ တစ်ပတ်ဆိုတဲ့ အချိန်အတိုင်းအတာ တစ်ခုအတွင်းမှာ သူမ အကြောင်းအရာတွေ အများကြီးကို စဉ်းစားဖြစ်ခဲ့တာပါ။ သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့နှလုံးသား အကြောင်း၊ သူ့အချစ်အကြောင်း. . . ပြီးတော့ ကိုယ့်နှလုံးသား အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အဖြေတစ်ခုကလည်း သူမဆီမှာ အဆင်သင့်ရှိနေခဲ့ပါပြီ။ ဒါပေမယ့် အခုလိုကြီး ခပ်မြန်မြန်လာဆုံရလိမ့်မယ်လို့တော့ ထင်မထားခဲ့တာအမှန်ပါ။

ပြီးတော့ တကယ့်တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ တွေ့လာရတော့လည်း မျက်နှာချင်းဆိုင်ရမှာက စိတ်မလုံ။ သတ္တိမရှိ။ ဒီအချိန်မှာပဲ သူက. . .

"မ"

ဆိုပြီး ကိုယ့်ဆီကို တန်းတန်းမတ်မတ်လျှောက်လှမ်းလာတော့ သူမက ရှက်လန့်တကြားနဲ့ အကြည့်ကိုလွှဲလိုက်မိတယ်။ ပြောရရင်တော့ နည်းနည်းအိုက်တင်ခံလိုက်တာပေါ့။

ဒါပေမယ့် တအောင့်လောက်ကြာတဲ့အထိ သူက ကိုယ့်ဆီကိုရောက်မလာတော့မှ စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားရကာ စောစောက သူရှိနေတဲ့နေရာကို ပြန်ကြည့်လိုက်တော့ အဲဒီနေရာမှာ သူမရှိတော့ဘူး။

"ဟမ်. . . ဘယ်ရောက်သွားပါလိမ့်"

အတွေးနဲ့ အတူ ဝေ့ဝဲကြည့်လိုက်တော့မှ ဒင်းကို ခပ်လှမ်းလှမ်းမှာ ခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ လျှောက်လှမ်းသွားနေပုံနဲ့ တွေ့လိုက်ရတယ်။ ကြည့်စမ်း. . . ကိုယ်က အိုက်တင်ခံတာကို ဒင်းက တကယ်တင်းနေသေးတယ်ထင်ပြီး ကိုယ့်ဆီဆက်လျှောက်မလာဘဲ ရှောင်ကွင်းထွက်သွားတယ်လေ။





ဟင်း. . . ယုံပါပြီ။ ယုံပါပြီ။ ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးသေးဘူးဆိုတာ ဒီလုပ်ရပ်နဲ့တင်ယုံသွားပါပြီ။ ဒါပေမယ့် ကိုယ့်နှလုံးသားကိုယ်တိုင်ကလည်း သူ့အပေါ်မှာ ပျော်ဝင်နေပြီဆိုတော့ကာ ကြာကြာမှုမနေချင်တော့ပါဘူးလေ။ ဒါနဲ့ပဲ သူ့နောက်ကို ပြေးလိုက်လာခဲ့လိုက်ကာ ကိုယ့်စကားကို သူကြားလောက်တဲ့ အကွာအဝေးကိုရောက်တော့မှ အော်ပြောလိုက်မိတယ်။

"နင့်ကိုငါ အရမ်းလွမ်းနေခဲ့တာ ကောင်စုတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com





အမ်. . . ဘာေမးတာလဲ။ ေျသာ္. . . အခ်စ္လား။ ကိုယ့္အထင္ေျပာရရင္ေတာ့ သုံးဆယ္ေက်ာ္သြားရင္ အခ်စ္က တစ္ေနရာတည္းမွာ မေနေတာ့ဘူး။ မ်က္လုံးထဲေရာက္သြားလိုက္၊ ရင္ဘတ္ထဲေျပာင္းသြားလိုက္၊ ဦးေႏွာက္ထဲဝင္သြားလိုက္နဲ႔ ေနရာအမ်ိဳးမ်ိဳးေျပာင္းေနေတာ့တာပဲေလ။ အခ်စ္စစ္ေတြ႕ဖို႔ကလည္း နည္းနည္းေတာ့ ခက္တယ္။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဒါပေမယ့် မပူပါနဲ့။

အချစ်စစ်ရင် နှလုံးသားက စကားပြောလာပါလိမ့်မယ်။

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ...

ကြိုးစားလျက်...



ရာဇဝင်ကို

5 : 27 (PM)

25-12-2013

Friday

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ရေးသားပေးပို့လိုပါက yarzawinko@gmail.com သို့ ပေးပို့နိုင်ပါသည်။






## "ထောင့်ငါးရာ ဆရာကြီး"



လာညှို့တယ်လား...
ပြန်ပြုစားလိုက်လို့
သွက်သွက်ခါသွားမယ်။

အသည်းခွဲတယ်လား...
အပွဲပွဲနဲ့ဖူးတယ်...
မင်းပဲ အလဲလဲအကွဲကွဲဖြစ်သွားမယ်။

ဖြားယောင်းတယ်လား...
စကားအဟောင်းတွေလောက်တော့
ရယ်တာပေါ့။

ဗျူဟာခင်းတယ်လား...
လူတကာနင်းပြီးသား အကွက်တွေလောက်နဲ့
ဟင်း...
ပျင်းလိုက်တာ။



မာယာများတယ်လား...
အသာအယာပဲ တောက်လွှတ်လိုက်မယ်...
သွားစမ်းကွယ်။ ။

ရာဇဝင်ကို



www.burmeseclassic.com

www.burmeseclassic.com

## လူငယ်စာရေးဆရာ ရာဇဝင်ကိုဇော်

## ရေးသားထုတ်ဝေပြီး လုံးချင်းဝတ္ထုများ

၁။ ဇဒင်ဥယျာဉ်ထဲက ပြဇာတ် (ဗီဒီယို)

၂။ ဝန်ကိုးရဲ့နေကြာခင်းထဲမှာ
ပျောက်ဆုံးသွားသောခန္ဓာကိုယ်တစ်ခြမ်း (ဗီဒီယို)

၃။ ရည်းစားတစ်ခုလပ်များ

၄။ ငါ့အသည်းပေါ်မှာခြေစုံရပ်ပြီး
ရည်းစားလာဂါထာရွတ်နေတဲ့ ကောင်မလေး (ဗီဒီယို)

၅။ အရှေ့တောင်အာရှရဲ့ အချစ်တတ်ဆုံးယောက်ျား (ဗီဒီယို)

၆။ အနမ်းတွေပူဆာမလို့ (ဗီဒီယို)

၇။ ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့်
အချစ်များထွက်နှုန်းတိုး၏ (ဗီဒီယို)

၈။ အချစ်ရှိရာအရပ်သို့မျက်နှာမူ၍စပ်သောကဗျာ (ဗီဒီယို)

၉။ ဂန်းနမ်းစတိုင်လ် (ဗီဒီယို)

၁၀။ နှင်ရယ် ငါရယ် လူကြမ်းတွေရယ် (ဗီဒီယို)

၁၁။ ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ (ဗီဒီယို)

၁၂။ လော်လီပေါ့ (ဗီဒီယို)

၁၃။ နှင်းဆီကွန်ရက် (ဗီဒီယို)



**ယခုလ...**

၁၄။ အပျိုကြီးအထာ


**ဆက်လက်၍...**

၁၅။ ကျွန်တော့်မှာ သည်းသည်းလှုပ်ချစ်ရတဲ့
ကောင်မလေးတစ်ယောက်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com





လူငယ်စာရေးဆရာ

# ရာဇဝင်ကို

**မိတ်ဆက်**





www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို




ကျွန်တော့်မှာ သည်းသည်းလှုပ်ချစ်ရသော
ကောင်မလေးတစ်ယောက်ရှိတယ်

(တစ်ထယ့်ငါးအုပ်မြောက်)

၂၀၁ ပင်ခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သူက ချိန်းထားတဲ့ဆိုင်မှာ ဆယ့်ငါးမိနစ်လောက်ကြိုရောက်နေတာပါ။ ဒါပေမယ့် ချိန်းထားတဲ့အချိန်ထက် ဆယ့်ငါးမိနစ်လောက်လွန်သွားတဲ့အထိ သူမက ရောက်မလာသေး။ ဒါနဲ့ သူက ဖုန်းထဲမှာထည့်ထားတဲ့ စာအုပ်တွေထဲက ဖတ်လက်စဖြစ်တဲ့ ဦးကျော်သူရဲ့ "ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်"ဆိုတဲ့ စာအုပ်ကို ဖွင့်ဖတ်နေလိုက်တယ်။ ထပြန်သွားလို့ကလည်း မဟုတ်သေးဘူးမဟုတ်လား။ သူမဆီက အဲဒီ memory stick ကိုသာမရရင် တစ်လကျော်ကျော်လောက် ကြိုးစားပမ်းစားရေးထားရတဲ့ လုံးချင်းတစ်အုပ်က အလကားဖြစ်သွားရတော့မှာ။ ဒီတော့ သည်းခံပြီးစောင့်ရန်သာ ရှိတော့တာပေါ့။

ဒီလိုနဲ့စောင့်နေရင်းကနေ ချိန်းထားတဲ့အချိန်ထက် နာရီဝက်တိတိ ကျော်လွန်သွားတဲ့အခါမှ သူ့ရှေ့ကခုံမှာ ကောင်မလေး တစ်ယောက်က ခွင့်မတောင်းဘဲ ဝင်လာထိုင်တယ်။ သူက စာဖတ်နေရာကနေ ဝင်လာထိုင်သူကို ကြည့်လိုက်မိတဲ့အခါမှာတော့. . .

"ဟင်! မင်း. . . မင်း. . . ဟိုနေ့က မျက်မမြင်၊ ဟုတ်တယ်မလား"

လို့ဆိုတော့ သူမက မျက်လုံးပြူးမျက်ဆံပြူးနဲ့ဖြစ်သွားရင်းက. . .

"ရှင်!. . . ဘာတွေပြောနေတာလဲ၊ ဘေဘီက မျက်စိမြင်ပါတယ်၊ ဖွဟဲ့. . . လွဲပါစေ၊ ချော်ပါစေ"

"မဟုတ်သေးပါဘူး၊ မင်းမှမင်းပါကွာ၊ အဲဒီနေ့က မျက်မှန်အမည်းကြီးတပ်ထားတယ်ဆိုပေမယ့် မင်းကိုငါ ကောင်းကောင်းမှတ်မိပါတယ်၊ မင်းမှမင်းအစစ်"



"မဟုတ်ပါဘူးဆို၊ ရှင်လူမှားနေတာ၊ ကျွန်မက ဘာကိစ္စ မျက်မမြင်ဖြစ်ရမှာလဲ၊ မျက်စိကောင်းလိုက်တာမှ မြှုတ်နှစ်ကောင်အနမ်းပေးနေတာတောင်မှ မြင်တယ်"

သူမ စကားအဆန်းကြောင့် စာရေးဆရာဖြစ်တဲ့ သူတောင်ကြောင်သွားရတယ်။ ဒါပေမယ့် ဒီမျက်နှာကြီးကို မမှတ်မိလောက်အောင်တော့ သူ့ဦးနှောက်က မစုတ်ချာသေးပါ။ ဒီအခွက်ကို သူ ကောင်းကောင်းမှတ်မိတာပေါ့။ ဒီတော့ သူက သူမကို အကြောင်းပြန်ရိုက်ဖို့ဆုံးဖြတ်လိုက်ရင်း. . .

"မဟုတ်သေးပါဘူး၊ မင်းမှမင်းပါကွာ"

"ဩော်. . . ခက်ပြီ၊ မဟုတ်ပါဘူးဆို၊ ဘယ်လိုဖြစ်နေတာလဲ၊ ရှင်ပြောတဲ့တစ်ယောက်က ကျွန်မနဲ့တော်တော်တူနေလို့လား၊ ကျွန်မကတော့ ရှင်နဲ့ဆုံဖူးတာ ဒါပထမဆုံးပဲ"

"အဲဒီနေ့က မင်းယောကျ်ားနဲ့တောင် ငါ့ကိုမိတ်ဆက်ပေးသေးတယ်လေကွာ"

"ဘာရှင့်! ရှင်မိုက်ရိုင်းလှချည်လား၊ ကျွန်မက အပျိုစစ်စစ်ကို ရေတောင်မရောဘူး၊ ပြီးတော့ အဲဒီနေ့က ကျွန်မတစ်ယောက်တည်းလာတာပါ၊ ဘယ်သူမှမပါ. . . အဲ"

သူမက စိတ်ဆိုးမာန်ဆိုးပြောနေရင်းကနေမှ တစ်ခုခုကိုစဉ်းစားမိသွားဟန်နဲ့ အဲခနဲဖြစ်သွားတယ်။ သူမဖြစ်ပျက်သွားပုံကိုကြည့်ကာ သူက သဘောတကျပြုံးလိုက်ရင်း. . .

"ဟားဟား. . . မင်းအညာမိသွားပြီ၊ ဝန်ခံလိုက်တော့"

ဆိုတော့မှ သူမက ရှက်ရယ်ရယ်လိုက်တယ်။ ပြီးတော့မှ ခေါင်းကို တစ်ချက်ကုတ်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

“အဟီး. . . ရှင်က လူလည်ပဲ”

တဲ့။ ဒါဟာ သူမဝန်ခံလိုက်ခြင်းပဲ မဟုတ်ပါလား။ ဟင်း. . . မင်းနုပါသေးတယ်ကွာလို့ စိတ်ထဲက ပြောလိုက်မိပေမယ့် တစ်နေ့က ကိုယ် အရှုံးလုပ်ခံလိုက်ရတာကိုတွေးလိုက်မိတော့ စိတ်ထဲမှာ မကျေမနပ်ဖြစ်သွားရတယ်။

“အော်ဟော့ဟော်. . . မင်းက ငါ့ကို အဲဒီနေ့က အရှုံးလုပ်သွားတာပေါ့လေ၊ ဟုတ်လား၊ ငါ့မှာတော့ တကယ်ကြီးမှတ်ပြီး ကူညီလိုက်ရတာ”

“ဟီးဟီး. . . ဆောတီး(ဆောရီး) ဆောတီး၊ ဘေဘီက ခင်လို့ စတာပါ”

“စတာ! မင်းနဲ့ငါက ဘယ်တုန်းကများ သိကျွမ်းခင်မင်ဖူးလို့ စရတာလဲ၊ ပြောစမ်းပါဦး”

“တစ်ခါမှတော့ မခင်ဖူးဘူးပေါ့၊ ဒါပေမယ့် ဘေဘီက ရှင့်ကိုသိတယ်လေ စာရေးဆရာကြီးရဲ့ ဘေဘီက ရှင့်ပရိသတ်ပဲဟာ၊ အဲဒါကြောင့် စတာပါ”

ဩော်. . . ဒင်းက ကိုယ်စာရေးဆရာဆိုတာကိုလည်း သိနေသေးတာပါပဲလား။ ပြီးတော့ ကိုယ့်ပရိသတ်လို့လည်း ဆိုလာပြန်သေးဆိုတော့ကာ. . . အင်း. . .။

“ဟင်း. . . ထားလိုက်ပါတော့၊ အခုရော. . . ဘာပြဿနာရှာဦးမလို့လဲ၊ ငါ ညှော့သည်တစ်ယောက်နဲ့ ချိန်းထားတာနော်၊ သူလာတော့မှာ”

“စာရေးဆရာကြီးကလည်း၊ သူရောက်နေပြီလေ”



“အမ်! ဘယ်မှာလဲ”

သူ့စကားအဆုံး သူမက သူမရင်ဘတ်ကိုသူမ ပုတ်ပြလာရင်းက. . .

“ဒီမှာလေ၊ ဒီမှာ ထိုင်နေတာ မမြင်ဘူးလား”

“ဟော. . လုပ်ပြန်ပြီ”

“မလုပ်ပါဘူး၊ တကယ်ပြောတာ၊ ရှင်ချိန်းထားတာ ကျွန်မပဲလေ”

“မနောက်ပါနဲ့ကွာ”

“ဩော်. . . ခက်ပြီ၊ နောက်နေတာမဟုတ်ဘူး၊ ရှင်နဲ့ချိန်းထားတာ ကျွန်မပဲ”

သူမပုံစံက တကယ့်ကို အတည်ကြီးပြောနေတာဆိုတော့ သူက ဇဝေဇဝါဖြစ်သွားရရင်း. . .

“တကယ်ကြီးပြောနေတာလား”

“တကယ်ကြီးပါဆို”

“ဒါဆိုပြောစမ်းပါဦး၊ ကိုယ်နဲ့ ဘာကိစ္စချိန်းထားလဲဆိုတာကို”

“ဟင်း. . . ကျွန်မမှာ ရှင့်ရဲ့ memory stick ရွှေဝါရောင်လေးကောက်ရထားတယ်၊ ကဲ. . . ယုံပြီလား”

“တကယ်ကြီးပဲကိုး”

“ဂယ်ကြီးပါဆိုနေမှ ဂယ်ကြီးပဲပေါ့လို့”

“ကဲ. . . ဒါဆိုလည်း ပေးတော့၊ ကိုယ့် memory stick ”

ဆိုတော့ သူမက အားရပါးရပြုံးတော်မူပြလာရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com

"စာရေးဆရာကြီးကလဲ ဖြည်းဖြည်းပေါ့၊ ဒီလောက်တန်ဖိုးဖြတ်လို့မရတဲ့ ပစ္စည်းကြီးတစ်ခုကို ဘေဘီက ပြန်လာပေးရတာလေ၊ တစ်ခုခုတော့ ကျွေးသင့်တယ်မထင်ဘူးလား"

သူမမျက်နှာက ပြောင်စပ်စပ်ရယ်။ ဗရုတ်သုတ်ခ,မလေး ဖြစ်ပုံပါပဲ။

"ကျွေးပါတယ်ကွာ၊ ကြိုက်တာမှာ၊ ကိုယ့် memory stick လေးတော့ အရင်ပေးထား"

"ဟင့်အင်း. . . အရင်စားပြီး ရှင်ငွေရှင်းပြီးမှ ပေးမယ်၊ တော်ကြာ memory stickကိုအရင်ပေးလိုက်ရင် ရှင်က ငွေမရှင်းဘဲ ထပြန်သွားရင် ဘယ်လိုလုပ်မလဲ၊ ဘေဘီ့မှာက ပိုက်ဆံပါတာမဟုတ်ဘူး၊ တစ်နေ့လုပ်မှတစ်နေ့စားရယ်၊ ဒီလိုဆိုင်ကြီးမှာ ထိုင်ဖူးတာကလည်း ဒါမထမဆုံးရယ်"

ဖြစ်နိုင်ပါပေတယ်။ ဖြစ်နိုင်ပါပေတယ်အမိရယ်။ အနည်းဆုံး ဂဏန်းငါးလုံးအောက်မဆင်းတဲ့ တန်ဖိုးကြီးအဝတ်အစားတွေ၊ ဖိနပ်တွေကို ဝတ်ဆင်ထားတဲ့လူတစ်ယောက်က တစ်နေ့လုပ်မှ တစ်နေ့စားတဲ့။ အော်တောင်ရယ်ပစ်လိုက်ချင်သေးရဲ့။

"ကဲ. . . မှာကွာ၊ မှာ. . . ကြိုက်သလောက်စား၊ ကျသလောက်ရှင်းပေးမယ်၊ ဟုတ်ပြီလား"

"ဟီးဟီး. . . ဒါဆို ဘေဘီအားမနာတော့ဘူး၊ မှာမယ်နော်"

"မှာ. . . မှာ"

သူမက ထိုင်ရာကထသွားကာ ကောင်တာမှာ စားစရာအချို့ကိုသွားမှာပြီး ထိုင်ခုံမှာပြန်လာထိုင်တယ်။ မျက်နှာက ပြုံးစိစိ။



ဘယ်လိုကောင်မလေးမှန်းကိုမသိ။ မျက်နှာရှူးဆိုတာ ဒီလိုမျက်နှာမျိုးကို ပြောတာထင်ပါရဲ့။

ဒါပေမယ့် သူမအဲဒီလို ပြုံးစိစိဖြစ်နေရခြင်းအကြောင်းရင်းက စားပွဲထိုးလေး စားစရာတွေ လာချပေးတဲ့အခါမှသာ သိရတော့တာပါ။

ကြေးအိုးက တစ်ပွဲ။ ဟမ်ဘာဂါက နှစ်လုံး။ ကပ်ပချီနိုက တစ်ခွက်။

"ဟင်! ဒါတွေအားလုံးကို မင်းတစ်ယောက်တည်းစားမှာ"

"ဟုတ်တယ်လေ၊ ဘာလို့လဲ"

"ကုန်တယ်ပေါ့"

"ကုန်ပါတယ်စာရေးဆရာကြီးရဲ့၊ 'ဘေဘီက တစ်ခါမှ ဒီလိုတွေ မစားဖူးတော့ စားခွင့်ရတုန်းလေးမှာ အဝတွယ်ချင်လို့၊ ဟဲ. . . ပြီးတော့ ပီဇာနှစ်ခုလည်း ပါဆယ်ထုပ်ခိုင်းထားသေးတယ်၊ ဖြစ်တယ်မှုလားဟင်"

သူ ဘာမှကို ပြောချင်စိတ်မရှိတော့။ သက်ပြင်းကိုသာ ဟင်းခနဲချလိုက်ရင်း. . .

"ကဲ. . . ပျော်သလိုသာလုပ်ပါကွာ၊ နော်. . . ပျော်ရင်ပြီးတာပါပဲ"

ဒီလိုနဲ့ သူမက ကြေးအိုးကို စစားတယ်။ ပြီးတော့ ဟမ်ဘာဂါနှစ်လုံး။ ကော်ဖီကိုလည်း ကြိုကြားကြိုကြား မြို့လိုက်သေး။ ကိုယ်တွေဆိုရင် ကြေးအိုးတစ်ပွဲကုန်ဖို့တောင် မနည်းစားယူရတာကို သူ့လို ခန္ဓာကိုယ်သေးသေးသွယ်သွယ် ကောင်မလေးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်များတဲ့ စားစရာတွေကို တစိမ့်စိမ့်ဖြို့ချစားပြသွားတာများ ကြည့်နေရင်းနဲ့ ကြက်သီးမွေးညှင်းများတောင် ထပါရဲ့။

ဆယ့်ငါးမိနစ်ကျော်ကျော်လောက်အတွင်းမှာပဲ သူမရဲ့စားသောက်ခြင်းက ပြီးသွားတယ်။ သူမရဲ့ဗိုက်ထဲမှာ တခြားကလီစာတွေမရှိဘဲ အစာအိမ်တစ်လုံးတည်းသာ အကြီးကြီးနေရာယူထားသလားတော့ မပြောတတ်ပါချေ။ သူက သူမရဲ့စားသောက်ပုံကို ကြည့်ကာ မျောနေတုန်းမှာပဲ သူမက စားသောက်ခြင်းကိုလက်စသတ်လိုက်ကာ "ဂေ့"ခနဲ လေချဉ်တစ်ချက်တက်လိုက်ရင်းက. . .

"ပြီးသွားပြီ. . . ကောင်းလိုက်တာ၊ မစားဖူးတာတွေ စားလိုက်ရတာ ဗိုက်အရသာရှိလိုက်တာ"

ဒီအချိန်မှာပဲ စားပွဲထိုးလေးက ပါဆယ်ထုပ်ထားတဲ့ ပီဇာပုံးနှစ်ခုကို လာချပေးကာ ဘေလ်စာရွက်လေးပါချပေးတာနဲ့ သူက ဘေလ်ရှင်းပေးလိုက်ရတယ်။ ဒါကိုသူမက သွားကြားထိုးရင်း ကြည့်နေရင်းက ပြုံးလို့။

"ကဲ. . အမိ၊ စားလည်းပြီးပြီ၊ ဘေလ်လည်းရှင်းပြီးပြီဆိုတော့. . . ပေးတော့ ကိုယ့် memory stick"

"ဩော်. . . အင်း၊ ခဏ"

ပြောကာ သူမက သူမရဲ့ကျောပိုးအိတ်အကြီးကြီးထဲကို ခေါင်းဝင်မတတ်ငုံ့နစ်ကာ မွှေနှောက်နေတော့တယ်။ ဒါပေမယ့် ခဏအကြာမှာတော့ သူမက မျက်လုံးပြူးမျက်ဆံပြူးနဲ့ ပြန်မော့လာကာ. . .

"ဒုက္ခပဲ၊ memory stick က အိမ်မှာကျန်ခဲ့ပြီ".

"ဘာ!"



"အမ်မလေး! ဖြည်းဖြည်းအော်ပါစာရေးဆရာရယ်၊ လန့်သွားတာပဲ"

"မင်း အူကြောင်ကြောင်မလုပ်နဲ့နော်၊ ပေး ငါ့ပစ္စည်းကို"

"ရော်. . . ခက်ပြီ၊ အိမ်မှာကျန်ခဲ့ပါတယ်ဆိုမှ ဘယ်လိုလုပ်ပေးလို့ရမှာလဲ"

"မင်း. . . ငါ့ကို လာနောက်နေတာလား. . . ဟမ်"

"မဟုတ်ပါဘူး၊ အိမ်မှာကျန်နေခဲ့တာ၊ တကယ်. . ."

သူက စိတ်ကို အဆုံးစွန်ထိလျှော့ချလိုက်ကာ ဟင်းခနဲသက်ပြင်းကိုမှုတ်ထုတ်၊ ကျွတ်တစ်ချက်ကိုလည်း သပ်လိုက်ရင်း. . .

"ပြီးရောကွာ၊ ဒါဆိုလည်း မင်းအိမ်ကိုလိုက်ယူမယ်၊ ထ. . သွားရအောင်"

"ဟာ်မ်. . . အိမ်. . . အိမ်လိုက်မယ်၊ အိမ်လိုက်လို့တော့မရဘူးလေ၊ ဘေဘီ့မိဘတွေက စည်းကမ်းတအားကြီးတာရှင့်၊ ရှင်အိမ်လိုက်လာရင် ဘေဘီ့ကို ဆူမှာပေါ့"

"ငါက အိမ်ထဲထိမဝင်ပါဘူး၊ အပြင်ကပဲစောင့်မှာပါ"

"ရော်. . . မရပါဘူးဆို၊ ဘေဘီ့မိဘတွေအကြောင်းကို ရှင်ဘာမှမသိပါဘူး"

"ဒါဆို ငါက ဘယ်လိုလုပ်ရမှာလဲ"

"ဒီလိုလုပ်ပါလား၊ မနက်ဖြန်မှယူလေ၊ ရှင်. . . ဒီအချိန် ဒီဆိုင်ကပဲစောင့်နေ၊ ဘေဘီဆက်ဆက်လာပေးပါ့မယ်၊ နော်. . . နော်"

သူက သူမကို စိတ်မရှည်သလို မျက်မှောင်ကုပ်ကြည့်နေရင်း လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com





ဆရာမင်္ဂလာပါ

စာထပ်ရေးလိုက်ပြန်ပြီနော်။ တစ်အုပ်ပြီးတစ်အုပ် လက်ရည်တက်လာတဲ့အတွက် ချီးကျူးပါတယ်ဆရာ။ မနေ့က ဆရာ့ရဲ့ ***"ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ"*** ကိုဖတ်ဖြစ်ပါတယ်။ ကောင်မလေးသုံးယောက်ကြားမှာ ဗျာများရတဲ့မင်းသားကို ပုံဖော်သွားတာ အရမ်းမိုက်ပါတယ်။ အရမ်းလည်းကြိုက်ပါတယ်ဆရာ။ ဒါပေမယ့် တစ်ခုကိုတော့ စဉ်းစားလို့မရဘူးဖြစ်နေတယ်။ မင်းသားနှိုက်လိုက်တဲ့ မဲလိပ်ထဲက နာမည်က ဘယ်သူလဲဟင်။ ယဉ်ကျေးသူလား၊ မြသွေးချိုလား၊ ချစ်ချစ်ကျော်ဇောလားဆိုတာ ဖြေပေးပါနော်။ စိတ်ထဲမှာ အရမ်းကို သိချင်နေလို့ပါ။

**ဆရာ့ရဲ့အမာခံပရိသတ်...**



*orangesky320@gmail.com*



www.burmeseclassic.com

www.burmeseclassic.com

ဆရာ

ဆရာက စာရေးတာ အရမ်းတော်တယ်နော်။ စာဖတ်သူကို ဆွဲဆောင်မှုရှိတယ်။ ဆရာ့နာမည်အရင်းပြောပြပါလား။ ပြောလို့ရမှပြောပါဆရာ။ ဆရာ့စာအုပ်ကိုလေ ကျွန်တော်ဆယ်တန်းတုန်းက မမငှားလာတာကို ခိုးဖတ်ရင်း ကြိုက်သွားတာ။ *"ဝန်းကိုးရဲ့နေကြာခင်းထဲမှာ ပျောက်ဆုံးသွားသောခန္ဓာကိုယ်တစ်ခြမ်း"*လေ။ ကျွန်တော်ဆိုလို့ ကောင်လေးထင်မသွားနဲ့ဦးနော်။ မန်းလေးသူမို့ပါ။ ဆရာမန်းလေးရောက်ဖူးလား။ ကျွန်တော်လည်း စာရေးဆရာအရမ်းဖြစ်ချင်တာ။ ၁၆ နှစ်ပဲရှိသေးတော့ အတွေ့အကြုံမရှိသေးဘူးလေ။

**ဒါပဲနော်ဆရာ...**



seawhite05@gmail.com



အစ်ကိုမင်းလာပါ

ကျွန်တော်က အစ်ကို့ပရိသတ်တစ်ဦးပါ။ အစ်ကို့ရဲ့ *"ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ"* ဖတ်ပြီးသွားပါပြီ။ မိန်းကလေးသုံးယောက်ရဲ့ အကျင့်ကလေးတွေကို တစ်ယောက်တစ်မျိုးစီ ဖော်ပြသွားတာ အရမ်းကောင်းပါတယ်။ နောက်ဆုံးမဲလိပ်ထဲက နာမည်ဘယ်သူလဲ။ အဲဒါအရမ်းသိချင်နေတယ်အစ်ကို။

**အမှားပါရင်ခွင့်လွှတ်ပါ...**



**ကောင်းမြတ်စံ(မန္တလေး)**

kngIay06@gmail.com



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပါကိုကြီးရာဇဝင်...

ကျွန်တော်က မန်းလေးကပါ။ Mandalar College မှာ မြန်မာစာမေဂျာနဲ့ ဒုတိယနှစ်တက်နေပါတယ်။ *"ဂန်းနမ်းစတိုင်လ်"* ကိုကြိုက်ပါတယ်။ ညီမလေးတို့မြို့အကြောင်းကို ရေးထားလို့ပါ။

ဒီထက်မက

အောင်မြင်နိုင်ပါစေလို့



ဆုတောင်းပေးလိုက်ပါတယ်။

*yati134679@gmail.com*



မင်္ဂလာပါအစ်ကို

*"ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျို့များ"* လည်း ဖတ်ပြီးသွားပြီ။ ကျွန်းက ဘယ်သူနဲ့ညားသွားတာလဲဆရာ။ ဆရာက ပရိသတ်ကို အရမ်းကလိတယ်နော်။ မဲလိပ်ထဲကနာမည်ကို သိချင်တာအရမ်းပဲ။ အင်ကို့စာအုပ်ကိုဖတ်ပြီး သူငယ်ချင်းတွေနဲ့ ငြင်းနေကြတာ။ ချိုမီကတော့ ချစ်ချစ်နဲ့ပဲသဘောတူတယ်ဆရာ။ ယဉ်ကျေးကကျတော့ မင်းသားကိုသိပ်မချစ်သလိုပဲ။ မြသွေးချိုကျတော့လည်း ချစ်တော့ချစ်ပါရဲ့။ ဒါပေမယ့် သူနဲ့ကျတော့ သိပ်မလိုက်ဖက်ဘူးလို့ ခံစားရတယ်။ ချစ်ချစ်ကမှ မင်းသားက စကတ်အတိုမဝတ်နဲ့ဆိုလည်း မင်းသားအလိုကိုလိုက်ပြီး မဝတ်တော့ဘူးလေ။ သူနဲ့ကျတော့ ရှေ့သွားနောက်လိုက်ညီတယ်။ ဆရာဆိုရင်ရော ဘယ်သူနဲ့ပေးစားမလဲဟင်။ ဖြေပေးပါနော်ဆရာ။ ချိုမီတို့ လောင်းထားလို့ပါ။ ဒီထက်အောင်မြင်ပါစေနော်။ နောက်လထွက်မယ့် *"လော်လီပေါ့"* ကိုလည်း မျှော်နေပါတယ်။

**ထာဝရပရိသတ်...**



*chome380@gmail.com*



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပါမောင်လေး...

မောင်လေးစာအုပ်တွေ အရမ်းပေါက်တယ်နော်။ အစ်မက မောင်လေးပရိသတ်ပါ။ တစ်ခါမှတော့ စာမရေးဖူးပါဘူး။ အခုတော့ *"ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ"* ကိုဖတ်ပြီး စိတ်ထဲမှာ မတင်မကျဖြစ်နေလို့ရေးလိုက်တာပါ။ မင်းသားက ရည်းစားသုံးယောက်ထားပေမယ့်လို့ အကြောင်းပြချက်ခိုင်ခိုင်လုံလုံနဲ့ မင်းသားကို စာဖတ်တဲ့သူမုန်းမသွားအောင် ရေးနိုင်တဲ့ မောင်လေးရဲ့ အရေးအသားပညာသားပါမှုကို လေးစားပါတယ်။ အစ်မသိချင်တာက မင်းသားအမေနှိုက်ပေးလိုက်တဲ့ မဲလိပ်ထဲက နာမည်ပါ။ အဲဒါ ဘယ်သူလဲဆိုတာ ဖြေပေးပါဦး။ မောင်လေးက မြုပ်ကွက်နဲ့ချန်ထားခဲ့တော့ စာအုပ်သာဖတ်လို့ ပြီးသွားတယ်။ စိတ်ထဲမှာ ရှင်းမသွားဘူးဖြစ်နေလို့ပါ။ အစ်မကတော့ ဘယ်သူ့ကိုမှ မရွေးတတ်ဘူးဖြစ်နေပါတယ်။

**ဖြေပေးနော်မောင်လေး...**

**ဘက်ဆဲလ်လားတစ်ယောက်ဖြစ်ပါစေ...**



aprilhnin727@gmail.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ကျွန်တော့်မှာ
သဲသဲလှုပ်ချစ်ရတဲ့ ကောင်မလေး
တစ်ယောက်ရှိတယ်




ဆုံဆည်းခွင့်မရှိတော့တဲ့ဘဝမှာ
အမှတ်တရဆိုတာ
ငရဲပါပဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com